ကြေးမုံ
The Mirror
၁၃၆၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ (17-3-2004) (၄၁၇၈)

**သိပ္ပဉ္စ
တော် မင်္ဂလ မုတ္တမံ။**

လက်မှု စက်မှုပညာ တတ်မြောက်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ယနေ့ထုတ် ခောင်ရေ ၁၉၇၀၆၉

နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မတ် ၁၄ရက်က သနပ်ပင်မြို့နယ် မင်းရွာတွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံကျေးရွာသူ၊ ကျေးရွာသားများအား နှုတ်ဆက်စဉ်။ (အောက်ပုံ) (သတင်းစဉ်)

အမျိုးသားအကျိုးစီးပွားမှန်သမျှကို ကာကွယ်စောင့်ရှောက်

တို့တပ်မတော်ဟာ နိုင်ငံတော်ရဲ့ အမျိုးသားအကျိုးစီးပွားမှန်သမျှကို ကာကွယ်စောင့်ရှောက်ကြရမယ်၊ တပ်မတော်ဟာ သမိုင်းစဉ်တစ်လျှောက်လုံး အမျိုးသားနိုင်ငံရေးကို ကာကွယ်စောင့်ရှောက်ခဲ့တာဖြစ်တယ်၊ ဒီအစဉ်အလာကို ဆက်လက်ထိန်းသိမ်းမှသာ ခေတ်တွေဘယ်လိုပြောင်းပြောင်း နိုင်ငံတော်ကြီးဟာ အမျိုးသားနိုင်ငံရေး လမ်းကြောင်းပေါ်မှာ ဆက်လက်ဖွံ့ဖြိုးရှင်သန်တိုးတက်သွားနေမှာဖြစ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄၆) သင်တန်းဆင်းပွဲမိန့်ခွန်းမှ –

မြို့နယ်များ ဖွံ့ဖြိုးတိုးတက်မှုသည် မြို့နယ်တာဝန်ရှိသူများ၏ ဦးဆောင်မှု ဝီရိယစိုက်ထုတ်မှုအပေါ် များစွာတည်မှီ ဝီရိယအား၊ စေတနာအား၊ တီထွင်ကြံဆမှုအားများ အားနည်းနေသမျှ ဖွံ့ဖြိုးမှုနောက်ကျ ကျန်နေမည်ဖြစ်

ပြည်သူနှင့်တစ်သားတည်း နေထိုင်လျက် ပြည်သူများ၏လိုလားချက်၊ လိုအပ်ချက်များကို ဖြည့်ဆည်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို စုပေါင်းခေါင်းဆောင်မှု စုပေါင်းတာဝန်ယူမှုဖြင့် ထိရောက်စွာအကောင်အထည်ဖော်

ရန်ကုန် မတ် ၁၆

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို လိုက်ပါလျက် မတ် ၁၄ ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်း ရွှေကျင်မြို့မှ တစ်ဆင့် ညောင်လေးပင်မြို့သို့ ရောက်ရှိကြရာ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ညောင်လေးပင်မြို့ မြို့နယ်ခုတင် (၅၀)ဆံ့ ပြည်သူ့ဆေးရုံသို့ရောက်ရှိကြရာ ဆေးရုံအုပ် ဒေါက်တာထင်လင်းနှင့် ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✡

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၁၇-၃-၂၀၀၄
(ဗုဒ္ဓဟူးနေ့)

ပုသိမ်လေဆိပ် လေယာဉ်ပြေးလမ်းသစ် ဖွင့်လှစ် စီးပွားရေး၊ လူမှုရေး တိုးတက်ဖြစ်ထွန်းမှု ပိုမိုအကျိုးပြု

နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုသည် ထိုနိုင်ငံ၊ ထိုဒေသ၏ လမ်းပန်းဆက်သွယ်ရေး လွယ်ကူကောင်းမွန်မှု အပေါ်တွင် မူတည်သည်။ ထို့ကြောင့် နိုင်ငံတော်က ပြည်ထောင်စုကြီးတစ်ရပ်လုံး အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာတွင် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေး လုပ်ငန်းများကို အလေးထား စီမံဆောင်ရွက်လျက်ရှိသည်။

တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝပြည့်စုံမြင့်မားရေးတွင် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ကောင်းမွန်ရေးသည် အဓိက လိုအပ်ချက်ဖြစ်ရာ ကားလမ်းများ၊ ရထားလမ်းများ၊ ရေကြောင်းလမ်းများ၊ လေကြောင်းလိုင်းများ တိုးချဲ့တည်ဆောက်ဖောက်လုပ်ခြင်း၊ အဆင့်မြှင့်တည်ဆောက် ဖွင့်လှစ်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။

ဧရာဝတီတိုင်း ပုသိမ်မြို့၌ တည်ဆောက်ပြီးစီးသွားသော ပုသိမ်လေဆိပ် လေယာဉ်ပြေးလမ်းဖွင့်ပွဲအခမ်းအနားကို မတ်လ ၁၄ ရက်နေ့က ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းတက်ရောက်၍ နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

ဗိုလ်ချုပ်ကြီးသူရရွှေမန်းက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် **ဖွံ့ဖြိုးတိုးတက်လာသော အခြေခံကောင်းများကို အခြေပြု၍ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုနှုန်းဖြင့် ဆက်လက်ဖွံ့ဖြိုး တိုးတက်နေအောင် ကြိုးစားအားထုတ် လုပ်ကိုင်သွားကြရန် လိုအပ်ကြောင်း၊ ယင်းသို့ ကြိုးစားအားထုတ်လုပ်ကိုင်ရာ၌ စည်းကမ်းရှိမှု၊ အချိန်ကို လေးစားတန်ဖိုးထားမှု၊ စေတနာမှန်ကန်ထက်သန်မှု၊ အလုပ်ကိုဝီရိယထားကြိုးစားလုပ်ကိုင်တတ်မှု၊ ခေတ်မီနည်းပညာရပ်များနှင့်အညီ တီထွင်ကြံဆ လုပ်ကိုင်တတ်မှုတို့ကို အရင်းတည်ပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်လုပ်ကိုင်ကြရမည် ဖြစ်ကြောင်း** တိုက်တွန်းပြောကြားခဲ့သည်။

ယနေ့ဖွင့်လှစ်လိုက်သည့် ပုသိမ်လေဆိပ် လေယာဉ်ပြေးလမ်းသည် အလျားပေ ၈၅၀၀၊ အကျယ်ပေ ၁၀၀ ရှိပြီး ကွန်ကရစ်ထု ၂၂ လက်မဖြင့် တည်ဆောက်ထားသည်။ ပြည်တွင်းလေယာဉ်များနှင့် အလေးချိန်ပေါင် တစ်သိန်းခွဲရှိ အဲယားဘတ်စ်၊ ဘိုရင်း ၇၃၇ ကဲ့သို့ ပြည်ပလေယာဉ်ကြီးများ ဆင်းတက်နိုင်ပြီဖြစ်သည်။

ပုသိမ်လေယာဉ်ကွင်းကို ၁၉၄၂ ခုနှစ်က စစ်လေယာဉ်ကွင်းငယ်အဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ လွတ်လပ်ရေး ရရှိပြီးနောက် ၁၉၄၉ ခုနှစ်တွင် စံချိန်မီလေယာဉ်ကွင်းတစ်ခု ဖြစ်လာစေရန် တည်ဆောက်ခဲ့ရာ ၁၉၇၉ ခုနှစ်အထိ အလျားပေ ၁၀၅၀၊ အကျယ်ပေ ၁၀၀ ရှိ ကတ္တရာပြေးလမ်းအဖြစ်သာတည်ရှိခဲ့သည်။ ထို့နောက် ၁၉၈၆ ခုနှစ်၊ ၁၉၉၃ ခုနှစ်တို့တွင် ထပ်မံတိုးချဲ့တည်ဆောက်ခဲ့ရာ ကျောက်ကတ္တရာပြေးလမ်း အရှည်ပေ ၄၈၀၀ နှင့် အကျယ် ပေ ၁၀၀ ရှိ လေယာဉ်ပြေးလမ်း ဖြစ်လာခဲ့သည်။

ယခုကဲ့သို့ လေယာဉ်ကြီးများ ဆင်းတက်နိုင်သည့် လေယာဉ်ပြေးလမ်းသစ်ကြီးကို တည်ဆောက်ဖွင့်လှစ်နိုင်သည့်အတွက် ကမ္ဘာလှည့်ခရီးသည်များ၊ နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင်များနှင့် တိုင်းရင်းသားပြည်သူများ မြန်ဆန်လွယ်ကူစွာသွားလာ နိုင်ကြပြီဖြစ်သည်။ ဧရာဝတီတိုင်းအတွင်း ဖွံ့ဖြိုးစည်ပင်နေသော ငွေဆောင်၊ ချောင်းသာစသည့် ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းများသို့ သွားရောက်အပန်းဖြေနိုင်ကြမည်ဖြစ်သည်။

ဧရာဝတီတိုင်းသည် စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံကောင်းများဖြင့် ပြည့်စုံဖြစ်တည်လျက်ရှိသဖြင့် ယင်းအခြေခံကောင်းများကို အခြေပြု၍ ပိုမိုကြိုးပမ်းအားထုတ် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဧရာဝတီတိုင်းတွင် မိုးစပါးကို တစ်နိုင်ငံလုံး စိုက်ဧက၏ လေးပုံတစ်ပုံ၊ နွေစပါးကို တစ်နိုင်ငံလုံးစိုက်ဧက၏ သုံးပုံနှစ်ပုံ စိုက်ပျိုးနိုင်ခဲ့သဖြင့် တစ်နိုင်ငံလုံး စုစုပေါင်း စပါးစိုက်ဧက၏ သုံးပုံတစ်ပုံကို စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

မြစ်များ၊ ချောင်းများ ပေါများလှသည့် ဧရာဝတီတိုင်းတွင် ယခင်က ရေကြောင်းလမ်းခရီးကိုသာ အဓိက အားထားသွားလာခဲ့ကြရာမှ နိုင်ငံတော်၏ စီမံဆောင်ရွက်မှုဖြင့် ယခုအခါ မော်တော်ကားလမ်းများဖြင့် အလွယ်တကူ ကူးသန်းဆက်သွယ်သွားလာနိုင်ကြပြီဖြစ်သည်။ ယခုကဲ့သို့ ပုသိမ်လေယာဉ်ပြေးလမ်းကြီးကို ဖွင့်လှစ်နိုင်ခြင်းကြောင့် ဧရာဝတီတိုင်း၏ လမ်းပန်းဆက်သွယ်ရေးသည်ပိုမိုကောင်းမွန် တိုးတက်လာလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝပြည့်စုံမြင့်မားရေးတို့အတွက် အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိချိန်တွင် ပုသိမ်လေဆိပ် လေယာဉ်ပြေးလမ်း ဖွင့်လှစ်နိုင်ခြင်းသည် ဧရာဝတီတိုင်း၏ စီးပွားရေး၊ လူမှုရေး၊ ကူးသန်းရောင်းဝယ်ရေး တိုးတက်ဖြစ်ထွန်းမှုများကို ပိုမိုအကျိုးပြုနိုင်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုက်ကြီးမြို့နယ်အသင်းဓမ္မာရုံ ပန္နက်တင်

ရန်ကုန် မတ် ၁၆

တိုက်ကြီးမြို့နယ်အသင်း(ရန်ကုန်မြို့) ဓမ္မာရုံတော်ကြီးနှင့် ဗားကရာတိုက် ရှမ်းကျောင်းကြီးဆွမ်းစားဆောင် ဆောက်လုပ်ရေးပန္နက်တင်နှင့် အုတ်မြစ်စီ အခမ်းအနားကို မတ် ၁၄ ရက်တွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗဟိုလမ်းရှိ ရှမ်းကျောင်းကြီးဝင်းအတွင်း၌ ကျင်းပရာ ရှမ်းကျောင်းကြီးဆရာတော် ဦးသံဝရ၊ တိုက်ကြီးမြို့နယ်အသင်းနာယကများ၊ အသင်းဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် အမှုဆောင်များ၊ အသင်းဝင်များနှင့် အလှူရှင်များတက်ရောက်ကြသည်။ **(ယာပုံ)**

ယင်းနှစ်ထပ်ဓမ္မာရုံတော်ကြီး တည်ဆောက်ရေးအတွက် ကုန်ကျငွေမှာ ငွေကျပ်သိန်း ၃၀၀ ကျော်ရှိမည် ဟု ခန့်မှန်းထားရာ လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ၊ ဦးသိန်းအောင် ဖုန်း-၅၂၆၁၆၄၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးထွန်းအောင် (အငြိမ်းစား) ဖုန်း-၅၃၅၀၂၉၊ ဘဏ္ဍာရေးမှူး ဦးမြင့်လွင် ဖုန်း-၂၂၂၂၁၁ နှင့် အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ အကြိုဂုဏ်ပြုကဗျာ

စစ်သားတို့အကြောင်း

☆ သူ့အဝတ်သည် . . .
စုတ်ပြတ်ပေတော၊ နွမ်းရိနေ၏။

☆ သူ့ဖိနပ်သည် . . .
စုတ်ပြတ်သားရေ၊ ကွာလန်နေပြီး
ရွှံ့ပေလူးလူး၊ သံငုတ်စူး၏။

☆ သူ့အိပ်ရာသည် . . .
နေရာမရွေး၊ အိပ်စက်မှေးရ
ချုံဘေးမြက်ခင်း၊ ကတုတ်ကျင်းနှင့်
ယာခင်းစောင့်တဲ၊ ကျောင်းဝင်းထဲနှင့်
စစ်ပွဲမြေပြင်၊ ကြိုရာတွင်တည့်။

☆ သူ့အစာသည် . . .
ကြုံရာဟင်းဖြစ်၊ လည်ချောင်းတစ်ဖွယ်
ဆီနှစ်မဲ့ကင်း၊ ကျက်လွယ်ဟင်းနှင့်
ထမင်းဖြူဆုပ်၊ ရေလုံပြုတ်နှင့်
ဆန်ပြုတ်ရံဖန်၊ နပ်မမှန်တည့်။

☆ သူ့ရုပ်ရည်မှာ . . .
ဆံဖွာကျဲဝဲ၊ နီသွေ့မွဲနှင့်
ညစ်မည်းစေးထန်း၊ အသားကြမ်းနှင့်
ယမ်းလောင်နက်ကြုတ်၊ ပတ်တီးစုတ်နှင့်
မုတ်ဆိတ်ကျင်စွယ်၊ တောအုပ်ငယ်တည့်။ ။

☆ သူ့ဘဝသည် . . .
ငွေစနည်းပါး၊ သားမယားနှင့်
ဝတ်စားလောက်ရုံ၊ အရေးကြုံက
သိုက်မြုံနှင့်ခွာ၊ ရက်လကြာ၏။

☆ သူ့အလုပ်မူ . . .
ပြည်သူအေးချမ်း၊ ဘေးမသန်းအောင်
ရှေ့တန်းစစ်မြေ၊ ရန်ရှာဖွေလျက်
ကျေကျေညက်ညက်၊
မှုန်းချေဖျက်၏။

☆ **သူ့စိတ်ဓာတ်ကား . . .**
မြင့်မားမြတ်မွန်၊ မိုးဘုံစံ၏
ခံစားကိုယ့်ကျိုး၊ စိုးစဉ်းမရှိ
ဖြစ်ပါဘိလည်း၊ များ၏ကျိုးတွက်
အသက်ဘေးနီး၊ စစ်ခရီးဝယ်
မညည်းမညူ ၊ ပြွမ်းထူဘေးရန်
ဆင်းရဲခံလျက်၊ တာဝန်သိစွာ
စွန့်ဝံ့ပါသည် . . .
ယုံကြည်ချက်လျှင် သတ္တိတည်း။ ။

ကို(တက္ကသိုလ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ မမြတ်လေး ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့် ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲ တက်ရောက်ချီးမြှင့်

ရန်ကုန် မတ် ၁၆

မမြတ်လေး ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်းအခမ်းအနားကို ယနေ့ညနေ ၄နာရီခွဲတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား မမြတ်လေး ပညာရည်ချွန်ဆု ချီးမြှင့်ခြင်းနှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်းအခမ်းအနားတွင် ဒေါ်သိန်းဆိုင် (မမြတ်လေး)က ငွေပဒေသာပင်အလှူငွေကျပ် သုံးသိန်းကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး အဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ပညာရေးကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပညာရည်ချွန်ဆု အလှူရှင် ဒေါ်သိန်းဆိုင် (ကလောင်အမည်မမြတ်လေး)မိသားစု၊ ပညာရည်ချွန်ဆုရရှိကြသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒေါ်သိန်းဆိုင်(မမြတ်လေး)မိသားစုဝင် ဗိုလ်မှူးကြီး ဉာဏ်ထွန်းဦးက မမြတ်လေး ပညာရည်ချွန်ဆု ပေါ်ပေါက်လာပုံနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပညာရည်ချွန်ဆု အလှူရှင် ဒေါ်သိန်းဆိုင်(မမြတ်လေး)က မမြတ်လေး ပညာရည်ချွန်ဆု ချီးမြှင့်ရခြင်း၏ ရည်ရွယ်ချက်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ မမြတ်လေးပညာရည်ချွန်ဆု ချီးမြှင့်ခြင်းနှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်းအခမ်းအနားတွင် ဒေါ်သိန်းဆိုင် (မမြတ်လေး)ပညာရည်ချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဒေါ်သိန်းဆိုင် (မမြတ်လေး)က ငွေပဒေသာပင်အလှူငွေကျပ်သုံးသိန်းကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပညာရည်ချွန်ဆု အလှူရှင် ဒေါ်သိန်းဆိုင်(မမြတ်လေး)က ရန်ကုန်တက္ကသိုလ် မဟာသိပ္ပံ (ရုက္ခဗေဒ) ထူးချွန်ဆုရ မရဲသူဇာ၊ ရန်ကုန်တက္ကသိုလ် မဟာသုတေသန (ရုက္ခဗေဒ) ထူးချွန်ဆုရ မဆွေဆွေအေး၊ ရန်ကုန်တက္ကသိုလ် ဘွဲ့လွန်ဒီပလိုမာ စာကြည့်တိုက်နှင့် သုတပညာ (လက်တွေ့သင်တန်းဆင်း ထူးချွန်ဆု) မောင်လှမြင့်၊ ရန်ကုန်တက္ကသိုလ် ဘွဲ့လွန်ဒီပလိုမာ စာကြည့်တိုက်နှင့် သုတပညာ (အမှတ်အများဆုံးဆု)ရ မောင်နန္ဒကျော်စွာ၊ ရန်ကုန်တက္ကသိုလ် ဘွဲ့လွန်အသုံးချ စိတ်ပညာ ဒီပလိုမာ ထူးချွန်ဆုရ မောင်ဇော်လင်းမြတ်၊ ရန်ကုန်တက္ကသိုလ် မဟာသုတေသန (စာကြည့်တိုက်နှင့် သုတပညာ) ထူးချွန်ဆုရ မလှိုင်လှိုင်ကြီး၊ ရန်ကုန်တက္ကသိုလ် မဟာဝိဇ္ဇာ (စာကြည့်တိုက်နှင့် သုတပညာ) ထူးချွန်ဆုရ မယုယုတင်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှု မဟာဘွဲ့ ထူးချွန်ဆုရ မောင်ဘိုအေး၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်စီမံခန့်ခွဲမှု ဒီပလိုမာဘွဲ့ ထူးချွန်ဆုရ မောင်ဝင်းထိုက်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် စီးပွားရေး ပညာဒီပလိုမာ ထူးချွန် DES ဆုရ မောင်ကျော်ဒေဝ၊ ရန်ကုန်နည်းပညာ တက္ကသိုလ် ME (Electronic & Communication) ထူးချွန်ဆုရ မောင်နေဝင်းဇော်၊ ရန်ကုန်နည်းပညာ တက္ကသိုလ် ME (Metallurgy) ထူးချွန်ဆုရ မသူဇာနှင်းတို့အား ပညာရည်ချွန်ဆုများကို ချီးမြှင့်သည်။

ယင်းနောက် ဆုရသူများကိုယ်စား ရန်ကုန်တက္ကသိုလ် မဟာဝိဇ္ဇာ(စာကြည့်တိုက်နှင့် သုတပညာ) ထူးချွန်ဆုရ မယုယုတင်က ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဝန်ကြီးများ၊ ပညာရည်ချွန်ဆု အလှူရှင် ဒေါ်သိန်းဆိုင်(မမြတ်လေး) တို့သည် ပညာရည်ချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ စုပေါင်း ဓာတ်ပုံရိုက်ကြသည်။ (သတင်းစဉ်)

အမှာစကား ပြောကြား

ကျောင်းသုံး ဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကျောင်းသုံး ဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ကျောင်းသုံးဖတ်စာအုပ်များ ခြိုးခြံချွေတာရေးမူအရ ပုံနှိပ်စာအုပ်အဟောင်းများကို လက်ဆင့်ကမ်းစနစ်ဖြင့် ပြန်လည်အသုံးပြု

ရန်ကုန် မတ် ၁၆

ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေး ကော်မတီဝင်များ၊ ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ထုတ်လုပ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ဆပ်ကော်မတီဝင်များ၊ ကျောင်းသုံးဖတ်စာအုပ်များ ဖြန့်ချိရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းနှင့် ဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာများမှ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ခြိုးခြံချွေတာ

ရှေးဦးစွာ ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားရာတွင် ၂၀၀၄–၂၀၀၅ ခုပညာသင်နှစ်အတွက် ကျောင်းသုံးဖတ်စာအုပ်များကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ သက်ဆိုင်ရာ ကျောင်းသား၊ ကျောင်းသူများထံ အချိန်မီ လွယ်လွယ်ကူကူ ဈေးနှုန်းမှန်မှန်ကန်ကန်ဖြင့် ရရှိစေရန်၊ ပုံနှိပ်ရိုက်နှိပ်ရာတွင် နိုင်ငံတော်နှင့် ကျောင်းသား၊ ကျောင်းသူများအတွက်ပါ ခြိုးခြံချွေတာရေးမူအရ ပုံနှိပ်ရန်၊ ပုံနှိပ်ရိုက်နှိပ်ပြီးသော စာအုပ်များကို ဖြန့်ချိရေး ဆပ်ကော်မတီအနေဖြင့် သက်ဆိုင်ရာ ဖြန့်ဖြူးရေးအရောင်းဆိုင်များနှင့် အထူးသဖြင့် ဝေးလံသော ဒေသများသို့ သတ်မှတ်ချိန်အတွင်း အချိန်မီ ဖြန့်ဖြူးနိုင်ရေးအတွက် ဝန်ကြီးဌာနများအချင်းချင်း ညှိနှိုင်းဆောင်ရွက်သွားရန်၊ ခြိုးခြံချွေတာရေးမူအရ ကျောင်းသုံးစာအုပ်များကို လက်ဆင့်ကမ်းစနစ်ဖြင့် ဆောင်ရွက်စေရန်နှင့် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက စာအုပ်အဟောင်းများကို ပြုပြင်ပြီး ပြန်လည်အသုံးပြုစေခြင်းဖြင့် ခြိုးခြံချွေတာရန် မှာကြားသည်။

ဆက်လက်၍ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်သိန်းက ၂၀၀၃ ခုနှစ် ဩဂုတ် ၂၂ရက်က ကျင်းပခဲ့သော ၂/၂၀၀၃ အစည်းအဝေးဆုံးဖြတ်ချက်များကို ဖတ်ကြားတင်ပြသည်။

ဖြည့်စွက်ဆွေးနွေး

ထို့နောက် ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ထုတ်လုပ်ရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ကျောင်းသုံးဖတ်စာအုပ်များ ဖြန့်ချိရေးဆပ်ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးအောင်မျိုးမင်းတို့က ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ အစည်းအဝေးသို့ တက်ရောက်လာသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ယင်းနောက် ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အဆင့်မြင့်ပညာကဏ္ဍတွင် ပါရဂူဘွဲ့ရ ပညာရှင်များ မွေးထုတ်ပေးနိုင်ခဲ့ မီဒီယာအသုံးပြု သင်ကြားနေသော ကျောင်းပေါင်း ၁၆၈၁၀ကျောင်းရှိ

❒ ကျောဖုံးမှ

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို ချမှတ်ခဲ့ပြီးနောက် နိုင်ငံတော်၏ အနာဂတ်အတွက် မဖြစ်မနေ ဖြည့်ဆည်းပေးရမည့် အမှန်တကယ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်စေရအောင် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

အခြေခံအကျဆုံးလိုအပ်ချက်

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အကောင်အထည်ပေါ် ဖြစ်ထွန်းရေးတွင် နိုင်ငံတော်အတွင်း တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်း သာယာရေးသည် အခြေခံအကျဆုံးသော လိုအပ်ချက်ပင်ဖြစ်ကြောင်း။

ထို့အပြင် ဒုတိယလိုအပ်ချက်အနေဖြင့် နိုင်ငံတော်အတွင်း စီးပွားရေး အခြေခံကောင်းများ ရရှိဖြစ်ထွန်းပြီး စီးပွားရေးနယ်ပယ်ကဏ္ဍစုံတွင် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်နေဖို့လိုအပ်ကြောင်း။

တတိယလိုအပ်ချက်မှာ နိုင်ငံတော်အတွင်း လူ့စွမ်းအားအရင်းအမြစ်များ ပညာရပ်ဆိုင်ရာ နယ်ပယ်ကဏ္ဍစုံတွင် ဟန်ချက်ညီညီ တိုးတက်ဖြစ်ထွန်းနေ စေရေးပင်ဖြစ်ကြောင်း။

သို့ဖြစ်၍ နိုင်ငံတော်အစိုးရအနေဖြင့် အဆိုပါအခြေခံအကျဆုံး လိုအပ်ချက်သုံးရပ် ပြည့်ပြည့်ဝဝ ဖြစ်ထွန်းစေရေးအတွက် ဘက်စုံထောင့်စုံက စနစ် တကျ စီမံကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေခြင်းပင် ဖြစ်ကြောင်း။

လူ့စွမ်းအားအရင်းအမြစ်

ထို့ကြောင့် ပညာရေးကဏ္ဍမှ တာဝန်ရှိသူအသီးသီးအနေဖြင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် ခရီးလမ်းကြောင်းတွင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုး တိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ချက်များသည် လွန်စွာအရေးပါလှသည်ကို နားလည်သဘောပေါက် ခံယူထားကြဖို့လိုကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် ပညာသင်ယူမှုအခွင့်လမ်းများ တိုးပွားရေး၊ လူ့စွမ်းအား အရင်းအမြစ်များ တိုးတက်ဖြစ်ထွန်းရေးတို့အတွက် တက္ကသိုလ်နှင့် ကောလိပ်များ၊ အခြေခံပညာကျောင်းများ အသစ်တိုးချဲ့ဖွင့်လှစ်မှု၊ အဆင့်မြှင့်တင် ပေးမှုများနှင့် ပညာရေးမြှင့်တင်မှု အစီအမံများကို ပေါင်းစပ်ကြိုးပမ်း အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ယင်းသို့တက္ကသိုလ်၊ ကောလိပ်များ၊ အခြေခံပညာကျောင်းများ အသစ် ဖွင့်လှစ်ခြင်း၊ အဆင့်တိုးမြှင့်ပေးခြင်းတို့ ဆောင်ရွက်ရာ၌ နေရာဒေသ ခွဲခြားမှုမရှိဘဲ တောင်ပေါ်မြေပြန့် အစွန်အဖျားဒေသနှင့် အတွင်းပိုင်းဒေသများအားလုံးတွင် ဖြန့်ကြက်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပညာရည်အဆင့်အတန်းမျှတစွာ တိုးတက်ဖြစ်ထွန်းစေရမည်ဆိုသည့် သဘောထားဖြင့် ဆောင်ရွက်ပေးလျက် ရှိနေကြောင်း။

ထိုသို့ တက္ကသိုလ်၊ ကောလိပ်များ၊ အခြေခံပညာကျောင်းများ တိုးချဲ့ဖွင့်လှစ် ပေးနေသကဲ့သို့ တက္ကသိုလ်၊ ကောလိပ်နှင့် ကျောင်းများတွင် လိုအပ်သည့် ခေတ်မီ သင်ကြားမှု သင်ယူမှု အထောက်အကူပြုပစ္စည်းများနှင့် အခြားသော အခြေခံလိုအပ်ချက်များ ပြည့်ပြည့်ဝဝ ဖြည့်ဆည်းပေးနိုင်စေရေးအတွက် အမျိုးသား ပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းကို ချမှတ်ပြီး နိုင်ငံခြားငွေ အမြောက်အမြား ကျခံသုံးစွဲကာ စီမံဆောင်ရွက်ပေးခဲ့ပြီးလည်းဖြစ်ကြောင်း။

ထို့ကြောင့် အဆင့်မြင့်ပညာကဏ္ဍတွင် ယခင်ခေတ်ကာလက နိုင်ငံရပ်ခြားသို့ ပညာသင်အနည်းငယ်သာ စေလွှတ်တက်ရောက်စေခဲ့သည့် ပါရဂူဘွဲ့ (Ph.D) သင်တန်းများကို နိုင်ငံတော်အတွင်း ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ပါရဂူဘွဲ့ရများ တိုးတက်မွေးထုတ်ပေးလာနိုင်ခဲ့ပြီဖြစ်ကြောင်း၊ သို့ရာတွင် နိုင်ငံတော်၏ လူဦးရေနှင့် နှိုင်းစာကြည့်လျှင် ပါရဂူဘွဲ့ရပညာရှင်များ များစွာမွေးထုတ်ပေးနိုင်ဖို့ လိုအပ် ဦးမှာဖြစ်ကြောင်း။

တက်ညီလက်ညီ

ဤကဲ့သို့ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာအဆင့်မီ အဆင့်အတန်း မြင့်မားရေးတို့အတွက် အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ပညာရေးကဏ္ဍမှ တာဝန်ရှိသူများအားလုံးက နိုင်ငံတော်၏ ပညာရေးဆိုင်ရာ ရည်မှန်းချက်ပန်းတိုင်သို့ မှန်ကန်မြန်ဆန်စွာ ရောက်ရှိရေးအတွက် အားနည်းချက်များကို ပြုပြင်ပြီး တက်ညီလက်ညီ ကြိုးပမ်း ဆောင်ရွက်ကြဖို့လိုကြောင်း။

ပညာရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းမှုများတွင် အရေအတွက်သာမက အရည်အသွေးပါ ယှဉ်တွဲမြင့်မားလာမှသာ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ထွန်းလာမှာဖြစ်ကြောင်း။

သို့ဖြစ်၍ အရည်အသွေးမြင့်မားပြီး စွမ်းဆောင်ရည်ထက်မြက်သည့် လူ့စွမ်းအား အရင်းအမြစ်များ တိုးတက်ဖြစ်ထွန်းရေးသည် လွန်စွာ အရေးပါသည့် အလျောက် ယခုကဲ့သို့ မြန်မာနိုင်ငံ ပညာရေးကော်မတီစည်းအဝေးများကို အခါအားလျော်စွာ ကျင်းပပြီး လုပ်ငန်းများသုံးသပ်မြှင့်တင် ဆောင်ရွက်ပေး နေခြင်းဖြစ်ကြောင်း။

ဤကဲ့သို့ ဗဟိုအဆင့်တွင် စနစ်တကျစီမံချမှတ်ပြီး အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်နေသည့်နည်းတူ ဗဟိုအဆင့်မှချမှတ်ပေးသည့် ရည်မှန်းချက် လုပ်ငန်းတာဝန်များ အကောင်အထည်ပေါ် ဖြစ်ထွန်းစေရေးအတွက် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်များတွင်လည်း ဟန်ချက်ညီညီ ကြိုးပမ်းဆောင်ရွက် ကြဖို့လိုကြောင်း။

ကြုံတွေ့နေရ

အချို့သော အောက်ခြေအဆင့်များသည် တီထွင်ကြံဆ ကြိုးပမ်းဆောင်ရွက်မှု အားနည်းသဖြင့် ဗဟိုမှချမှတ်ပေးသော အစီအမံများမှာ အခြေခံအဆင့်တွင် အပြည့်အဝ မဖြစ်ထွန်းသည်များ ကြုံတွေ့နေရကြောင်း။

တက္ကသိုလ်၊ ကောလိပ်များ၊ အခြေခံပညာကျောင်းများသည် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်များတွင် ဖြန့်ကြက် တည်ရှိနေသည်ဖြစ်ရာ ဗဟိုကချမှတ် ပေးသော ပညာရေးဆိုင်ရာရည်မှန်းချက်များ၊ အခြေခံအဆင့်ဒေသများအထိ အကောင်အထည်ပေါ် ဖြစ်ထွန်းရေးအတွက် ပြည်နယ်၊ တိုင်း တာဝန်ခံများက မြို့နယ်အဆင့်အထိဆင်းပြီး ဆင့်ကဲဆင့်ကဲ ကြပ်မတ်ဆောင်ရွက်သွားကြဖို့ မှာကြားလိုကြောင်း။

သို့ဖြစ်၍ နိုင်ငံတော်၏ပညာရေးဆိုင်ရာ ရည်မှန်းချက်များ အောင်မြင် ပြည့်မြောက်ရေးအတွက် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ အားလုံးက ညှိနှိုင်းပေါင်းစပ်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ဝီရိယစိုက်အားထုတ် ကြိုးပမ်းမှု၊ စေတနာကောင်းထားရှိမှုတို့ဖြင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက် သွားကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက ကျင်းပပြီးစီးခဲ့သော မြန်မာနိုင်ငံ ပညာရေးကော်မတီ၏ (၂/၂၀၀၃) ကြိမ်မြောက် အစည်းအဝေး မှတ်တမ်းကို အတည်ပြုကြသည်။

ဆောင်ရွက်ပြီးစီးမှု

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က ၂၀၀၃– ၂၀၀၄ ဘဏ္ဍာရေးနှစ် အဆင့်မြင့်ပညာကဏ္ဍလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာကဏ္ဍ၌ တက္ကသိုလ်နှင့် ကောလိပ်များ အဆင့်မြှင့်တင်တိုးချဲ့နေသည့်အတွက် ဆရာ၊ ဆရာမဦးရေမှာ ၁၉၈၈ခုနှစ်တွင် ၅၆၃၈ ဦးသာရှိခဲ့ရာမှ ၂၀၀၄ခုနှစ်တွင် ၁၀၈၃၂ ဦးရှိလာသဖြင့် တိုးတက်မှုမှာ ၅၁၉၄ ဦးဖြစ်ကြောင်း၊ အဆင့်မြင့်ပညာ ကဏ္ဍ၌ ကျောင်းသား၊ ကျောင်းသူ ဦးရေအနေဖြင့် ၁၉၈၈ခုနှစ်တွင် ၁၃၄၃၂၅ဦး၊ ရှိခဲ့ပြီး ၂၀၀၄ခုနှစ်တွင် ၆၃၁၂၇၆ ဦး ရှိလာသဖြင့် တိုးတက်မှုမှာ ၄၉၆၉၅၁ဦး ဖြစ်ကြောင်း၊ သင်ကြားပို့ချမှု အစီအစဉ်များ တိုးတက်မှုနှင့်ပတ်သက်၍ ဘွဲ့နှင့် ဘွဲ့လွန် သင်ကြားရေး အစီအစဉ်များမှာ ၁၉၈၈ ခုနှစ်တွင် ၅၉ ခုရှိခဲ့ပြီး ၂၀၀၄ခုနှစ်တွင် ၁၅၇ခုရှိလာသဖြင့် တိုးတက်မှုမှာ ၉၈ခုဖြစ်ကြောင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဌာနအသီးသီး၌ ၁၉၉၈ခုနှစ်မှ ၂၀၀၃ခုနှစ်အတွင်း မဟာဘွဲ့သင်တန်း၊ ဘွဲ့သင်တန်း၊ ဘွဲ့လွန် ဒီပလိုမာသင်တန်း၊ ဘွဲ့ကြိုဒီပလိုမာသင်တန်း၊ လက်မှတ်သင်တန်း၊ ဘာသာရပ် အမျိုးအစား ၁၅၉မျိုးသင်ကြားပေးလျက်ရှိနေကြောင်း၊ တက္ကသိုလ်၊ကောလိပ်များမှ သင်ကြားနေသည့် ဘွဲ့လွန်ဒီပလိုမာသင်တန်း၊ ဘွဲ့သင်တန်းနှင့် မဟာဘွဲ့သင်တန်း စုစုပေါင်း ၁၅၇ခုနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာနများမှ သင်တန်း ၁၅၉ခုရှိ၍ လက်ရှိ ပို့ချလျက်ရှိသော သင်တန်းအစီအစဉ် စုစုပေါင်းမှာ ၃၁၆ခု ရှိပြီး ၁၉၈၈ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၅၇ခု တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က အဆင့်မြင့် ပညာဦးစီးဌာနများအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အထူးပြု ဘာသာရပ်များ သင်ကြားမှု အခြေအနေကိုလည်းကောင်း၊ ပညာရေးတက္ကသိုလ် များတွင် သင်ကြားနေသည့် ပညာရေးဘွဲ့(လေးနှစ်သင်တန်း)၏ အထူးပြုဘာသာ တွဲများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က ၂၀၀၃– ၂၀၀၄ ပညာသင်နှစ် အခြေခံပညာကဏ္ဍ လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် ၂၀၀၃–၂၀၀၄ပညာသင်နှစ်တွင် တစ်နိုင်ငံလုံး၌ အထက် တန်းအဆင့်ထိ သင်ကျောင်း ၁၈၄၀ကျောင်း၊ အလယ်တန်းအဆင့်ထိသင် ကျောင်း ၃၀၆၇ကျောင်း၊ မူလတန်းလွန်ကျောင်း ၃၈၂၉ကျောင်းနှင့် မူလတန်း အဆင့် သင်ကျောင်း ၃၁၇၅၁ ကျောင်းရှိသဖြင့် စုစုပေါင်း ၄၀၄၈၇ကျောင်းအထိ တိုးတက်ဖြစ်ထွန်းလာကြောင်း၊ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး အစီအစဉ်အရ ၁၉၉၉–၂၀၀၀ပညာသင်နှစ်မှ စတင်၍ ပညာသင်နှစ် မစတင်မီ ရက်သတ္တပတ်ကို ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် သတ်မှတ်ဆောင်ရွက် ခဲ့ကြောင်း၊ ကျောင်းနေရွယ်ကလေးများ ကျောင်းနေနှုန်းမှာ တစ်နှစ်ထက် တစ်နှစ်တိုးတက်လာခဲ့ရာ ၂၀၀၃–၂၀၀၄ပညာသင်နှစ်တွင် တစ်နိုင်ငံလုံး၌ သူငယ်တန်းသို့ တက်ရောက်လာသည့် ကျောင်းနေရွယ်ကလေးများ ကျောင်းနေ နှုန်းမှာ ၉၅ဒသမ၀၅ ရာခိုင်နှုန်းဖြစ်လာခဲ့ကြောင်း။

ကျောင်းနေရေးစီမံချက်ဝင် မြို့နယ် ၁၄၄ မြို့နယ်၌ ကျောင်းဝင်နှုန်းမှာ ၉၈၊ ၉၇ ရာခိုင်နှုန်း တက်ရောက်သည်ကို တွေ့ရကြောင်း။

မူလတန်းလွန်ကျောင်း

မူလတန်းလွန်ကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်မှုမှာ ၂၀၀၃–၂၀၀၄ ပညာ သင်နှစ်တွင် သတ္တမတန်းအထိ သင်ကြားနိုင်သည့် မူလတန်းလွန်ကျောင်း ၅၁၂ကျောင်း၊ ဆဋ္ဌမတန်းအထိသင်ကြားနိုင်သော မူလတန်းလွန်ကျောင်း ၁၈၆၈ ကျောင်းနှင့် ပဉ္စမတန်းအထိ သင်ကြားနိုင်သော မူလတန်းလွန်ကျောင်း ၁၄၄၉ ကျောင်း စုစုပေါင်း မူလတန်းလွန်ကျောင်း ၃၈၂၉ကျောင်းဖွင့်လှစ်နိုင်ခဲ့ကြောင်း။

Multimedia Classrooms ဖွဲ့စည်းမှုမှာ ၂၀၀၃–၂၀၀၄ပညာသင်နှစ် ကုန်ပိုင်းအထိ Multimedia Classrooms ဖွဲ့စည်းအသုံးပြုကျောင်းမှာ ၁၁၅၂ ကျောင်း၊ 3-Platform တပ်ဆင်အသုံးပြုကျောင်း ၃၅၈ကျောင်း၊ 2-Platform ၉၈၅ကျောင်း၊ 1-Platform ၁၄၃၁၅ကျောင်းစုစုပေါင်း Media အသုံးပြုသင်ကြား နေသော ကျောင်းပေါင်း ၁၆၈၁၀ ကျောင်း ဖြစ်ကြောင်း၊ ထိုကျောင်းများ တွင် နှစ်စဉ် Platform တစ်ခု တိုးမြှင့်သွားနိုင်ရေး စီမံဆောင်ရွက်ထားပြီး ဖြစ်ကြောင်း။

ဆက်လက်ပြီး အခြေခံစာတတ်မြောက်ရေး "အသုံးလုံး"နှင့် စဉ်ဆက် ပညာရေး အစီအစဉ်များကို တင်ပြရာတွင် မြန်မာနိုင်ငံ၌ သက်ကြီး စာတတ် မြောက်မှုနှုန်း မြင့်မားစေရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၂၀၀၃ခုနှစ်တွင် သက်ကြီး စာတတ်မြောက်မှုနှုန်းမှာ ၉၂ဒသမ၂ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ကြောင်း။

သို့ဖြစ်၍ ၂၀၀၄–၂၀၀၅ဘဏ္ဍာနှစ်တွင် သက်ကြီးစာတတ်မြောက်မှုနှုန်းကို ၉၅ဒသမ၅ရာခိုင်နှုန်းအထိ တိုးတက်မြင့်မားလာရေး ဦးတည်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

အခြေခံစာတတ်မြောက်ပြီးသည့် သက်ကြီးများ စာဖတ်ရှိန်မြှင့်တင်ရေး၊ ဝင်ငွေတိုးရေးနှင့်ဘဝ သာယာရေးအစီအစဉ်များ ပါဝင်သည့် စဉ်ဆက်ပညာရေးကို ရပ်ရွာပညာပဒေသာဌာနပေါင်း ၄၈၁ခု တည်ထောင်ဆောင်ရွက်လျက်ရှိနေကြောင်း တင်ပြသည်။

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ သိပ္ပံနှစ်ခုကို ဒီဂရီကောလိပ်နှင့် ကောလိပ် အဆင့်တိုးမြှင့်ရန် ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရန်ကုန်အဝေးသင်တက္ကသိုလ် ပထမအသုတ်စာစစ်ဌာနများ ကြေညာ

ရန်ကုန် မတ် ၁၆

ရန်ကုန်အဝေးသင်တက္ကသိုလ်၏ ၂၀၀၃–၂၀၀၄ ပညာသင်နှစ် ပထမ အသုတ် အတန်းတင်စာမေးပွဲများကို ၅–၄–၂၀၀၄ ရက်မှ ၁၀–၄–၂၀၀၄ ရက် အထိ ဒဂုံတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ စစ်တွေတက္ကသိုလ်၊ ပြည်တက္ကသိုလ်၊ ထားဝယ်တက္ကသိုလ်၊ တောင်ငူတက္ကသိုလ်၊ ဟင်္သာတတက္ကသိုလ်၊ ဘားအံတက္ကသိုလ်၊ မြိတ်တက္ကသိုလ်၊ ပဲခူးဒီဂရီကောလိပ် အဝေးသင်ဌာနခွဲစာစစ်ဌာနများ၌ ကျင်းပမည်ဖြစ်သည်။

ရန်ကုန်အဝေးသင်တက္ကသိုလ် ဒဂုံဌာနခွဲ(ဒဂုံတက္ကသိုလ်)၊ ရန်ကုန်အဝေး သင်တက္ကသိုလ် အရှေ့ပိုင်းဌာနခွဲ(ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ နယ်တက္ကသိုလ်၊ ဒီဂရီကောလိပ် အဝေးသင်ဌာနခွဲ အသီးသီးတွင် မှတ်ပုံတင်ထားသည့် တတိယနှစ် သိပ္ပံအထူးပြု ကျောင်းသားအားလုံးသည် မိမိတို့နှင့်သက်ဆိုင်သော တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် စာမေးပွဲဖြေဆိုကြရမည်။

အသေးစိတ်အစီအစဉ် ကြေညာချက်ကို သက်ဆိုင်ရာ အဝေးသင်တက္ကသိုလ် ဌာနခွဲများတွင် ကြေညာထားမည်ဖြစ်သည်။ (သတင်းစဉ်)

ဘုရှ်၏ အပြောနှင့်အလုပ်မညီမှု ဒီမိုကရက်တစ်အမတ် ဝေဖန်

ဝါရှင်တန် မတ် ၁၅

အမေရိကန်သမ္မတ ဂျော့ဂျ်ဘုရှ်သည် အပြောနှင့်အလုပ် မညီကြောင်းဖြင့် ဒီမိုကရက်တစ်ပါတီမှ အထက်လွှတ်တော်အမတ် အက်ဒွပ်ကနေဒီက စနေနေ့တွင် ဝေဖန်လိုက်သည်။ ရီပတ်ဘလီကင်ပါတီမှ သမ္မတ ဂျော့ဂျ်ဘုရှ်သည် စီးပွားရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခွန်အကောက်များ၊ ပညာရေးနှင့် အီရတ်နိုင်ငံကိစ္စများ အပါအဝင် ကဏ္ဍရပ်အများအပြားတွင် အမေရိကန် ပြည်သူလူထု၏ အဆင့်မြင့်မားစေရန် ကြိုးပမ်းဆောင်ရွက်ပေးရန် ပျက်ကွက်ခဲ့ကြောင်း အပတ်စဉ်ရေဒီယိုမိန့်ခွန်းတွင် ပြောကြားသည်။

သမ္မတဂျော့ဂျ်ဘုရှ် အာဏာရရှိခဲ့သော လွန်ခဲ့သည့် သုံးနှစ်အတွင်း ဘုရှ်အစိုးရအနေဖြင့် အပြောနှင့်အလုပ်တွင် ကြီးမားသည့် ကွာဟချက်ရှိနေသည်ကို မိမိတို့ မြင်တွေ့နိုင်ကြောင်း အက်ဒွပ်ကနေဒီက ပြောကြားသည်။

ဖန်တီးပေး

သမ္မတဘုရှ်၏ စီးပွားရေးမူဝါဒမှာ ချမ်းသာသူများအတွက် အခွန်ကောက်စနစ် ရပ်ဆိုင်းခဲ့ခြင်းဖြစ်ပြီး ယင်းငွေများဖြင့် လွန်ခဲ့သည့် လအတွင်း လုပ်ငန်းပေါင်း ၃၀၀၀၀၀ ရရှိစေရန် ဖန်တီးနိုင်သော်လည်း လက်တွေ့တွင်မူ လုပ်ငန်းပေါင်း ၂၁၀၀၀သာ ဖန်တီးပေးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ငြင်းဆန်ခဲ့

ဘုရှ်အစိုးရက ငွေကြေး လုံလုံလောက်လောက် ပံ့ပိုးရန် ငြင်းဆန်ခဲ့၍ ဟာကွက်များရှိခဲ့ကြောင်း ကနေဒီက ဆက်လက်ပြောကြားသည်။

အီရတ်စစ်ပွဲဆင်နွှဲမှုနှင့်ပတ်သက်၍ အမျိုးသားလုံခြုံရေး အကြံပေးဖြစ်သူ ကွန်ဒိုလီဇာရိုက်စ်က ဆက်ဒမ်ဟူစိန်ထံမှ နျူကလီးယား ခြိမ်းခြောက်မှုရှိကြောင်း ပြောကြားခဲ့သည်။

ယင်းခြိမ်းခြောက်မှုကို အိမ်ဖြူသတင်း ပြန်တမ်းရုံးက ဖြစ်အံ့ဆဲဆဲ ခြိမ်းခြောက်မှုဟု ခေါ်ဆိုသတ်မှတ်လိုက်ပြီး ဒုတိယသမ္မတ ဒစ်ချေနီက ဆက်ဒမ်ဟူစိန်သည် မကြာမီနျူကလီးယားလက်နက် ပိုင်ဆိုင်လာတော့မည်ဟု ယုံကြည်ကြောင်းပြောကြားခဲ့သည်။

ခြိမ်းခြောက်

သမ္မတဘုရှ်က ထောက်လှမ်းရေးဌာနက မသုံးခဲ့ဖူးသည့် စကားအရ အီရတ်နိုင်ငံသည် တစ်မူထူးခြားသည့် လတ်တလော ခြိမ်းခြောက်မှုဟု ပြောကြားခဲ့ကြောင်း ကနေဒီက ဆက်လက်ပြောကြားသည်။

ဆင်နွှဲတိုက်ခိုက်

ယခုအခါ ယင်းပြောကြားမှု အာရုံပြောင်းမှုသာဖြစ်သည်ဟု မိမိတို့ တွေ့မြင်ရပြီဖြစ်ကြောင်း၊ လတ်တလော မည်သည့်ခြိမ်းခြောက်မှုမျှ မရှိကြောင်း၊ နျူကလီးယားလက်နက်ကိစ္စ ရှိသလို အယ်လ်ခိုင်ဒါအကြမ်းဖက်အဖွဲ့နှင့်လည်း ဆက်နွှယ်မှု မရှိကြောင်း၊ သို့ရာတွင် မည်သည့်နည်းနှင့်မဆို အီရတ်နိုင်ငံအား ဆင်နွှဲတိုက်ခိုက်ခဲ့ကြကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

မိမိတို့တိုင်းပြည်အား စစ်ပွဲအတွင်း ဆွဲသွင်းခဲ့သည့် သမ္မတအား ပြန်လည်ရွေးချယ်တင်မြှောက်ရန် မသင့်တော်ကြောင်း ကနေဒီက ပြောကြားသည်။ ***အမ်အင်အေ/ရိုက်တာ။***

ကင်းလှည့်ပျံသန်း

မတ် ၁၁ ရက်က အီရတ်နိုင်ငံ ရာမာဒီမြို့ ကောင်းကင်ယံ၌ ကင်းလှည့်ပျံသန်းသည့် အမေရိကန် ဘလက်ဟော့ခ် ရဟတ်ယာဉ်ပေါ်မှ မြင်ကွင်းကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ပါတီညီလာခံ၌ ဘလဲ မိန့်ခွန်းပြောစဉ် မန်ချက်စတာ၌ စစ်ဆန့်ကျင်ရေး ဆန္ဒပြ

မန်ချက်စတာ မတ် ၁၅

အင်္ဂလန်အနောက်မြောက်ပိုင်း မန်ချက်စတာမြို့တွင် ဗြိတိန်အာဏာရလေဘာပါတီညီလာခံ၌ ဝန်ကြီးချုပ်တိုနီဘလဲ မိန့်ခွန်းပြောကြားစဉ် ထောင်ပေါင်းများစွာသော အီရတ်စစ်ပွဲဆန့်ကျင်သူများက ကန့်ကွက်ဆန္ဒပြကြသည်ဟု အေအက်ဖ်ပီသတင်းတွင် ဖော်ပြပါရှိသည်။

နှစ်နာရီကြာ

ဝန်ကြီးချုပ်တိုနီဘလဲက လေဘာပါတီ၏ ခေါင်းဆောင်ဦးပေါက် ပါတီညီလာခံကိုယ်စားလှယ်များအား မိန့်ခွန်းပြောကြားနေစဉ် ဆန္ဒပြသမားများက နှစ်နာရီကြာ ကန့်ကွက်ဆန္ဒပြကြခြင်းဖြစ်သည်။

၃၀၀၀ ခန့်

ဆန္ဒပြသူပေါင်း၃၀၀၀ခန့်ရှိကြောင်းဖြင့် စည်းရုံးလှုံ့ဆော်သည့် စစ်ရပ်စဲရေး ညွန့်ပေါင်းအဖွဲ့က ပြောဆိုသည်။

မိမိတို့ဝန်ကြီးချုပ်သည် လိမ်ညာပြောဆိုပြီး စစ်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ယခုအခါတွင် ဝန်ကြီးချုပ်အနားယူရန် အချိန်တန်ပြီဟု မိမိတို့ပြောဆို တိုက်တွန်းနေခြင်းဖြစ်သည်ဟု အဆိုပါစစ်ရပ်စဲရေး ညွန့်ပေါင်းအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ရစ်ချတ်ဆီးလ်ကပြောကြားလိုက်သည်။

အင်တာနက်။

စစ်ဆန့်ကျင်ရေးဆန္ဒပြ

ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲ မိန့်ခွန်းပြောကြားနေစဉ် မတ် ၁၃ ရက်က စစ်ဆန့်ကျင်ရေးဆန္ဒပြသူတစ်ဦးကမျက်နှာတစ်ခုလုံးကို စတစ်ကာများကပ်၍ ဆန့်ကျင်ဆန္ဒပြနေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ခန့်မှန်းကုန်ကျငွေ စာရင်းပိုပြထားမှု ဟာလီဘာတန် ကုမ္ပဏီဝန်ခံ

ဝါရှင်တန် မတ် ၁၅

အီရတ်နှင့်ကူဝိတ်ရှိ အမေရိကန်တပ်ဖွဲ့များအတွက် ကန်ထရိုက်ရထားသည့် ဟာလီဘာတန်ကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီက ခန့်မှန်းကုန်ကျငွေဒေါ်လာ ၂၁သန်း၇သိန်းလျှံမှားယွင်းစွာ စာရင်းပြထားကြောင်း ကာကွယ်ရေးဝန်ကြီးဌာနစာရင်းစစ်များက တွေ့ရှိရကြောင်းနှင့် ထိုမှားယွင်းမှုကို ကုမ္ပဏီအရာရှိများကလည်း ဝန်ခံထားကြောင်း ကာကွယ်ရေးဝန်ကြီးဌာန အထောက်အထား စာရွက်စာတမ်းများတွင် ဖော်ပြနေသည်။

- ပျက်ကွက် -

ခန့်မှန်းကုန်ကျမည့် ငွေကြေးပြဿနာများတွင် ကန်ထရိုက်မန်နေဂျာများအား အကြောင်းကြားရန် ပျက်ကွက်မှုလည်း ပါဝင်သည်ဆို၏။

ယခုဈေးနှုန်းပြဿနာမှာ အီရတ်တွင် ကန်ထရိုက် လုပ်ငန်းများ ရရှိထားသည့် ဟာလီဘာတန်ကုမ္ပဏီ၏ ပြဿနာအများအပြားအနက် တစ်ခုသာလျှင် ဖြစ်သည်။

- စုံစမ်းစစ်ဆေး -

အမေရိကန်ဒုတိယသမ္မတဒစ်ချေနီ ဦးဆောင်ခဲ့ဖူးသည့် ယင်းကုမ္ပဏီကို အမေရိကန် ကာကွယ်ရေးဌာနနှင့် တရားရေးဌာနတို့က ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများကို စတင်နေပြီဟု သိရသည်။

ကုမ္ပဏီပြဿနာများတွင် အလုပ်သမားနှစ်ဦးကို ဟာလီဘာတန်ကုမ္ပဏီက အလုပ်ထုတ်ပစ်ရသည် အထိ ပေါ်ပေါက်ရသည့် ငွေကြေးအလွဲသုံးစားမှုနှင့် အမေရိကန်ကာကွယ်ရေးဌာနသို့ လာဘ်ငွေဒေါ်လာ ၆သိန်း၃သန်းပေးမှု၊ ရိက္ခာသွင်းရာတွင် ပိုပြသည့် ဒေါ်လာသန်း ၃၀ နည်းပါးကို လာဘ်ငွေပေးမှု၊ တရားမဝင်သုံးစွဲရေးအတွက် ဟာလီကာတန်ကုမ္ပဏီက ဒေါ်လာ ၁၄၃သန်း သီးသန့်ဖယ်ထားမှုစသည်တို့ ပါဝင်သည်ဆို၏။

အင်တာနက်။

အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၅၆၄ဦးရှိပြီ ၃၈၅ဦးမှာ တိုက်ပွဲတွင် သေဆုံးခြင်းဖြစ်

ဘဂ္ဂဒက် မတ် ၁၅

အီရတ်တွင် စစ်ဆင်ရေးများ စတင်ကတည်းက သေဆုံးခဲ့ရသည့် အမေရိကန် တပ်ဖွဲ့ဝင်ပေါင်းမှာ ၅၆၄ဦးရှိသွားပြီဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေး ဝန်ကြီးဌာနမှ ထုတ်ပြန်သည့် သတင်းများအရ သိရသည်။

၎င်းတို့အနက် တိုက်ပွဲတွင်သေဆုံးသူဦးရေမှာ ၃၈၅ဦးဖြစ်ပြီး အခြား အကြောင်းများကြောင့် သေဆုံး သူဦးရေမှာ ၁၇၉ဦးဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာသည်။

သေဆုံး

အီရတ်တွင် ဗြိတိန်တပ်ဖွဲ့ဝင် ၅၈ဦးသေဆုံးကြောင်း ဗြိတိန်စစ်ဘက်က ကြေညာသည်။ ထိုအတောအတွင်းတွင် အီတလီ ၁၇ဦး၊ စပိန်ရှစ်ဦး၊ ဘူဂေးရီးယား ငါးဦးနှင့် ဒိန်းမတ်၊ ယူကရိန်း၊ အက်စ်တိုးနီးယား၊ ပိုလန်တို့ကတစ်ဦးစီ သေဆုံးကြောင်းသိရသည်။

၄၂၀ ဦး

အီရတ်တွင် တိုက်ပွဲကြီးများ ပြီးဆုံးသွားပြီဖြစ်ကြောင်း အမေရိကန် သမ္မတဘုရှ်က မေ ၁ရက်တွင် ထုတ်ဖော်ကြေညာပြီး နောက်ပိုင်း အီရတ်၌သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၄၂၆ဦး ရှိသွားပြီဖြစ်ကြောင်း၊ ၎င်းတို့အနက် ၂၇၀ဦးမှာ တိုက်ပွဲတွင် သေဆုံးခြင်းဖြစ်ပြီး ၁၅၆ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန ကြေညာချက်တွင် ဖော်ပြပါရှိသည်။

အင်တာနက်။

အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့များ၏ ကျူးကျော်သိမ်းပိုက်မှုအောက်မှ အီရတ်မြင်ကွင်း

ကျူးကျော်စစ်ကြောင့် မငြိမ်းချမ်းသော အီရတ်နိုင်ငံတွင် ပြည်သူတို့ သေဆုံးခဲ့ရမှု

အီရတ်နိုင်ငံတွင် အမေရိကန်ဦးဆောင်သောတပ်ဖွဲ့က ကျူးကျော်စစ် စတင်ဆင်နွှဲသည့်အချိန်မှ ယနေ့အချိန်အထိ အီရတ်ပြည်သူများမှာ သေဆုံးဒဏ်ရာရမှုများနှင့် တွေ့ကြုံနေရဆဲဖြစ်သည်။ တိုင်းတစ်ပါးကျူးကျော်မှုအောက်မှ အီရတ်ပြည်သူတို့၏ဘဝမှာ နေ့စဉ်ဒုက္ခပင်လယ်ဝေပြီး ရင်နင့်ဖွယ်ရာဖြစ်သည်။

စစ်ပွဲစတင်ချိန်မှ ၂၀၀၄ မတ်လအထိ အီရတ်ဒေသများအလိုက် ပြည်သူများ သေဆုံးခဲ့ရမှု

နေ့စွဲ	နေရာ	သေဆုံးသူ
မတ်လ၂၀မှဧပြီ၃	မိုဟာမိဒီယာခရိုင်	၂၂
မတ်လ၂၀မှဧပြီ၃	နာဆီရီယာ	၂၄၀
မတ်လ၂၀မှဧပြီ၇	ဗဟိုဆေးရုံကြီးနှင့်ဘာဆာရာ	၂၀၁
၂၀-၃-၂၀၀၃	ရွတ်ဘာ	၁
၂၂-၃-၂၀၀၃	တီကရစ်	၅
၂၂-၃-၂၀၀၃	ဘဂ္ဂဒက်	၃
၂၆-၃-၂၀၀၃	ဘဂ္ဂဒက်	၂၁
၂၇-၃-၂၀၀၃	မိုဆူးလ်	၅၀
မတ်လ၂၇မှ ဧပြီ ၁၂	ဟီလာဒေသဝန်းကျင်	၂၀၁
၂၈-၃-၂၀၀၃	မစ်ဆန်	၂
၂၈-၃-၂၀၀၃	ဝါဆက်	၂
၂၈-၃-၂၀၀၃	ဘာဘယ်	၂၆
၂၈-၃-၂၀၀၃	ကာဘာလာ	၁၁
၂၈-၃-၂၀၀၃	ဘဂ္ဂဒက်	၇
၂၈-၃-၂၀၀၃	ဘဂ္ဂဒက်	၆၂
၂၉-၃-၂၀၀၃	နာဂျက်ဖ်	၃၅
၂၉-၃-၂၀၀၃	ကာဘာလာ	၆
၂၉-၃-၂၀၀၃	ဘာဘယ်	၃
၂၉-၃-၂၀၀၃	အင်ဘာ	၂၈
၂၉-၃-၂၀၀၃	ဘဂ္ဂဒက်	၆
၃၀-၃-၂၀၀၃	ဘဂ္ဂဒက်	၆
၃၁-၃-၂၀၀၃	ဘဂ္ဂဒက်	၆
၃၁-၃-၂၀၀၃	ဟီလာမြို့အနီး	၁၅
၁-၄-၂၀၀၃	ဘဂ္ဂဒက်	၂၄
၁-၄-၂၀၀၃	ဘေဘီလုံပြည်နယ်	၃၃
၃-၄-၂၀၀၃	ဘဂ္ဂဒက်	၂၇
၅-၄-၂၀၀၃	ရာရှိဒီယား	၉၉
၈-၄-၂၀၀၃	အယ်ဂျာဇီရာရုံး	၁
၉-၄-၂၀၀၃	ဖတ်လီယာ	၄
ဧပြီ၁၁ရက်မှ ၂၂ရက်အထိ	ဘဂ္ဂဒက်မိုင်၁၀၀ဝန်းကျင်	၁၈
၂၃-၉-၂၀၀၃	အယ်ဂျီဆာရွာ	၃
၂၉-၉-၂၀၀၃	ခါဟာဒီရပ်	၁
၅-၁-၂၀၀၄	တီကရစ်	၂
၆-၁-၂၀၀၄	ဖော်လူဂျာ	၂
၇-၁-၂၀၀၄	ဘဂ္ဂဒက်	၁
၁၄-၁-၂၀၀၄	ဘာကူဘာ	၂
၁၆-၁-၂၀၀၄	ဆာမာရာ	၈
၂၉-၂-၂၀၀၄	ဘဂ္ဂဒက်	၂
၂-၃-၂၀၀၄	ဆာမာဝါ	၁
	စုစုပေါင်း	၁၁၈၇

ဖေဖော်ဝါရီ ၂၃ ရက်က မြို့တော်ဘဂ္ဂဒက်တွင် ပျက်စီးနေသော နေအိမ်အဆောက်အအုံအတွင်း အီရတ်လူငယ်တစ်ဦးကိုတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပျက်စီး

မတ် ၃ရက်က ဘာဆရာမြို့တွင် ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားရာ ပျက်စီးသွားသော ကားတစ်စီးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)





ဖေဖော်ဝါရီ ၂၉ရက်က ဆာမာဝါမြို့ဆေးရုံ၌ အမေရိကန်စစ်ယာဉ်တန်းပေါ်မှ ပစ်ခတ်မှုကြောင့် **ဒဏ်ရာရရှိသွားသော အီရတ်ကလေးငယ်တစ်ဦး ဆေးကုသမှုခံယူနေစဉ်။** (ဓာတ်ပုံ-အင်တာနက်)

မတ် ၂ ရက်က အီရတ်နိုင်ငံ ကာဘာလာမြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဒဏ်ရာရသူအီရတ်တစ်ဦးကို သယ်ဆောင်လာစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့အကျိုးစီးပွားကို ထာဝစဉ်သယ်ပိုးဆောင်ရွက်နေသည့် တပ်မတော်

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ဒေါ်လန်းကျေးရွာအနီး တပ်မတော်က တည်ဆောက်ခဲ့သော လှိုင်းဘွဲ့မြစ်ကူးတံတား(ဒေါ်လန်း)ကို တွေ့ရစဉ်။

(၅၉)နှစ်မြောက် တပ်မတော်နေ့ အကြိုဂုဏ်ပြု ဓာတ်ပုံမှတ်တမ်း

လှိုင်းဘွဲ့မြစ်ကူးတံတား (ဒေါ်လန်း) တည်နေရာပြမြေပုံ





လှိုင်းဘွဲ့မြစ်ကူးတံတား(ဒေါ်လန်း) တံတားဆိုင်ရာ အချက်အလက်များ

တည်နေရာ	- ဒေါ်လန်းကျေးရွာ၊ လှိုင်းဘွဲ့မြို့နယ်၊ ကရင်ပြည်နယ်။
တံတားအရှည်	- (၁၀၀၀)ပေ
ယာဉ်သွားလမ်းအကျယ်	- (၁၃)ပေ(၇)လက်မ
တံတားအမျိုးအစား	- ဘေလီ(၂ လွှာ ၁ ထပ် သံပေါင်တံတား)
ခွင့်ပြုအလေးချိန်	- တန် ၃၀
စီမံကိန်းစတင်သည့်နေ့	- ၁၈-၃-၁၉၉၈
စီမံကိန်းပြီးစီးသည့်နေ့	- ၁၃-၃-၁၉၉၉
တံတားဖွင့်လှစ်သည့်နေ့	- ၂၃-၅-၁၉၉၉

ကရင်ပြည်နယ် အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ သွားလာဆက်သွယ်မှု လွယ်ကူလျင်မြန် ချောမွေ့စေရေးအတွက် လှိုင်းဘွဲ့မြို့နယ် ဒေါ်လန်းကျေးရွာ အနီးတွင် လှိုင်းဘွဲ့မြစ်ကို ဖြတ်ကျော်၍ တပ်မတော်က တည်ဆောက်ခဲ့သောလှိုင်းဘွဲ့မြစ်ကူးတံတား (ဒေါ်လန်း) တည်ဆောက်မှု မြင်ကွင်းများကို ဤသို့ တွေ့ရသည်။

(အပေါ်ပုံနှင့်ဝဲပုံ)

ခေတ်အဆက်ဆက် ပြည်သူ့အတွက် တပ်မတော်

ကမ္ဘာ့နိုင်ငံတိုင်း တပ်မတော်(သို့မဟုတ်) စစ်တပ်များ ဖွဲ့စည်းကြသည်။ ယခုခေတ်တွင်မှမဟုတ် ရှေးသမိုင်းစဉ်ဆက် စစ်တပ်များဖွဲ့စည်းထူထောင်ခဲ့ကြသည်။ တပ်များဖွဲ့ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ မိမိနိုင်ငံကို တိုင်းတစ်ပါးက လာရောက်မကျူးကျော်နိုင်အောင် ကာကွယ်ရန်၊ ကျူးကျော်လာပါက မိမိနိုင်ငံ၊ မိမိအချုပ်အခြာအာဏာ လွတ်လပ်ရေး)၊ မိမိနိုင်ငံသား(လူမျိုး)ရှေ့မှ မားမားမတ်မတ်ရပ်ပြီး ကာကွယ်လျက် ကျူးကျော်သူများကို တွန်းလှန်တိုက်ထုတ်ရန်ဖြစ်သည်။

ကမ္ဘာ့စစ်သမိုင်းတွင် ဂုဏ်ယူဖွယ်ရာ ပြောင်မြောက်ရှပ်ချွံစွာ သတ္တိစွမ်း၊ လက်ရုံးရည်၊ နှလုံးရည်၊ စစ်ရည်စွမ်းပြခဲ့သည့် တပ်မတော်များကို တွေ့နိုင်ပေသည်။ အလားတူပင် မိမိတို့ဘုရင်၊ မိမိတို့အကြီးအမှူး၏အမိန့်အရ ဘုန်းတန်ခိုး လက်ရုံးဆန့်တန်းသည်ဆိုကာ သူတစ်ပါး နယ်မြေဒေသကို ကျူးကျော်တိုက်သော ကျူးကျော်တပ်ဘဝ ရောက်သွားရသည့် စစ်တပ်များ၊ စစ်နိုင်ရာနိုင်ကြောင်း အကြမ်းဖက်ပြီး ရက်စက်ကြမ်းကြုတ်စွာဖြင့် ကြားထဲက အပြစ်မဲ့ အရပ်သားများကို သတ်ဖြတ်တိုက်ခိုက်သော ဖက်ဆစ်တပ်များ၊ မိမိတို့နိုင်ငံ တိုးတက်ကြီးပွားချမ်းသာရေးကို သမ္မာအာဇီဝနည်းဖြင့် အခြားနိုင်ငံများရှိ သယံဇာတ၊ ကုန်ကြမ်းပစ္စည်း၊ လောင်စာစွမ်းအင်များ တရားနည်းလမ်းတကျ မဝယ်ယူဘဲ ထိုနိုင်ငံများကို စစ်အင်အားသုံး ကျူးကျော်တိုက်ခိုက်ကျွန်ပြုကာ ထိုနိုင်ငံ၏ ဓနဥစ္စာများ လုယက်ယူငင်ရာ၌ အသုံးပြုခံရသည့် နယ်ချဲ့စစ်တပ်များကိုလည်း တွေ့ခဲ့ကြရပြီဖြစ်သည်။

ခေတ်သစ်ကမ္ဘာမှာပင် ကိုလိုနီပုံစံဟောင်းဖြင့် ကျူးကျော်သော နယ်ချဲ့တပ်၊ ကိုလိုနီပုံစံသစ်ဖြင့် နိုင်ငံတကာ၏ လုံခြုံရေး၊ တည်ငြိမ်ရေး၊ ရပ်တည်ရေး၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးရေး၊ လွတ်လပ်ရေးကို နှောင့်ယှက်စွက်ဖက်သော ကျူးကျော်စွက်ဖက်ရေးတပ်များကို တွေ့နေရသည်။

နိုင်ငံတိုင်းတွင် ယနေ့ကာလ၌ စစ်တပ်များရှိသည်။ များစွာကုန်သော အဆိုပါတပ်များမှာ ကာကွယ်ရေး(အမိနိုင်ငံကာကွယ်ရေး) တပ်များဖြစ်သည်။ ကိုလိုနီပုံစံဟောင်း၊ ပုံစံသစ် နယ်ချဲ့တပ်များလည်း ရှိသည်။ သူတစ်ပါးနိုင်ငံကို ကျူးကျော်ရာ၌ပင် မိမိတို့နိုင်ငံ လုံခြုံရေးအတွက်၊ ကာကွယ်ရေးအတွက် ကျူးကျော်ရလေဟန် လေသံကောင်းလွှင့်၊ စကားလုံးလှလှ သကာဖုံးပြပြီး မသမာအသုံးချခံနေရသော တပ်များကလည်း ရှိနေဆဲပင်။ ထိုသို့ ကျူးကျော်တပ်များရှိလေလေ ကိုယ့်နိုင်ငံ ကိုယ်ကာကွယ်ရမည့်တပ်များ ပိုမိုခိုင်မာတောင့်တင်းလာရန် လိုအပ်လေလေဖြစ်သည်။

နိုင်ငံအချို့တွင် အင်အားကြီးနိုင်ငံအချို့၏ သိမ်းသွင်းမှုကိုခံကာ စစ်တပ်မှသြဇာအာဏာရှိသော တပ်ဗိုလ်(စစ်အရာရှိ)များက အဂတိလိုက်စားပြီး ပြည်ပမှညွှန်ကြားသည့်အတိုင်း ထိုပြည်ပကမကြိုက်သော အစိုးရများ ဖယ်ရှားဖြုတ်ချကာ စစ်အာဏာသိမ်းပွဲများ ပြုလုပ်ခဲ့ကြသည်။ ထိုသို့သော အင်အားကြီးနိုင်ငံတို့၏ ပယောဂဖြင့် ဤကမ္ဘာတွင် စစ်အာဏာသိမ်းပွဲ ရာနှင့်ချီပြီးဖြစ်ခဲ့သည်။ အာဖရိကတိုက်တစ်တိုက်တည်းမှာပင် စစ်အာဏာသိမ်းပွဲ သုံးဒါဇင်ကျော် ဖြစ်ပွားခဲ့သည်။

ယနေ့ခေတ်တွင် ထိုအင်အားကြီးနိုင်ငံအချို့က နည်းဗျူဟာပြောင်းသွားသည်။ ဟိုနိုင်ငံ၊ သည်နိုင်ငံ စစ်တပ်များကို ထောက်ပံ့၊ ပေးကမ်း၊ သိမ်းသွင်းပြီး စစ်အာဏာသိမ်းခိုင်းသောနည်းကို မသုံးတော့ချေ။ နိုင်ငံတစ်နိုင်ငံကို ဆူပူအုံကြွအောင် ဘေားတီးမည်၊ သွေးခွဲသပ်လျှိုမည်၊ အတိုက်အခံ၊ သူပုန်၊ ပြည်ပြေးများကို အသုံးချမည်။ ပြည်တွင်းဆူပူမှု၊ လက်နက်ကိုင်သောင်းကျန်းမှု၊ ပြည်တွင်းစစ်၊ ဒေသစစ်ဖန်တီးပြီး လိုအပ်လျှင် အကြောင်းပြချက် တစ်ခုခုဖြင့် စစ်ရေးအရ စွက်ဖက်မည်။ ကျူးကျော်မည်။

ထိုသို့ ပြည်ပက ခိုင်းသမျှလုပ်သောတပ်များကြောင့် ကြေးစားတပ်၊ အမျိုးသားရေးသစ္စာ ပျက်ယွင်းသောတပ်၊ ပုဆိန်ရိုးတပ်များဟု နိုင်ငံကာကွယ်ရေးတပ်အချို့ ဂုဏ်သရေညှိုးနွမ်းနေရသည်ကိုလည်း တွေ့ရသည်။ ပြည်ပကခိုင်းသမျှ၊ ပြည်တွင်းမှ ပါတီတစ်ခု၊ ပုဂ္ဂိုလ်တစ်ဦး ခိုင်းသမျှလုပ်သည့် ခါးပိုက်ဆောင်တပ်ဟု အခေါ်ခံရသော တပ်များလည်းရှိလာရသည်။

ထိုသို့သော တပ်များရှိနေသော်လည်း မိမိနိုင်ငံ၊မိမိလူမျိုး၊ မိမိတို့အချုပ်အခြာအာဏာ မပြိုမကွဲ၊ မယိုင်မလဲခိုင်မြဲအောင် ကာကွယ်သောတပ်များ၊ လွတ်လပ်ရေးဆုံးရှုံးနေချိန် လွတ်လပ်ရေးရရှိရန် ပြန်လည် တိုက်ပွဲဝင်သော တပ်မတော်များလည်း ရှိပေသည်။ ထိုတပ်မတော်မျိုးကို နိုင်ငံများစွာ၌ တွေ့နိုင်ရသေးသည်။ ထိုတပ်မတော်များကို အမျိုးသား တပ်မတော်၊ ပြည်သူ့တပ်မတော်၊ အမျိုးသားရေးသစ္စာ စောင့်သိသော တပ်မတော်၊ အမျိုးသားရေးသစ္စာ ဘယ်ခါမှမဖောက်ဖျက်သော တပ်မတော်ဟု သုံးနှုန်းကြပေသည်။ ဤတပ်မတော်မျိုးရှိ၍ တစ်နည်းအားဖြင့် ဤသို့သော လက်နက်ကိုင်တိုက်ခိုက်ကာကွယ်သည့် မျိုးချစ်အင်အားစုများရှိနေ၍ ကမ္ဘာ့နိုင်ငံများ ကိုလိုနီနယ်ချဲ့အောက်မှ လွတ်မြောက်ခဲ့ခြင်း၊ နောက်ထပ်နိုင်ငံမပြိုကွဲအောင်၊ လွတ်လပ်ရေး ပြန်လည်မဆုံးရှုံးအောင် ကာကွယ်ထားနိုင်ကြခြင်းဖြစ်သည်။ ဤသို့သော တပ်မတော်များကို ကိုလိုနီဝါဒီ၊ နယ်ချဲ့အင်အားစုများနှင့် ကမ္ဘာ့တစ်ခွင် ဗိုလ်ကျစိုးမိုးလိုသူများက မုန်းတီးခြင်း၊ ရန်လိုခြင်းမှာ များစွာသဘာဝကျပေသည်။

> **စစ်အစိုးရဆိုသည့် တပ်မတော်အစိုးရက မာရှယ်လောခေါ် စစ်ဥပဒေမသုံး၊ တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအရသာ အုပ်ချုပ်ခဲ့ရာ ညင်သာညက်ညောခဲ့သည်။ ပြည်သူတို့နှင့် အံဝင်ခွင်ကျ ဖြစ်ခဲ့သည်။**
>
> **“စစ်အစိုးရ ”ဟူသော အနောက်အုပ်စု၏ အသုံးအနှုန်းကြောင့် မြန်မာနိုင်ငံသို့လာရောက်လည်ပတ်ကြသော နိုင်ငံခြားမှခေါင်းဆောင်များ၊ ဧည့်သည်များသည် တင်းမာခက်ထန်သော စစ်ခေါင်းဆောင်များကိုသာ တွေ့ရလိမ့်မည်ဟု ကြိုတင်တွက်ဆခဲ့ကြသော်လည်း လက်တွေ့၌ ပျူငှာရည်မွန်သောအပြုံး၊ လှိုက်လှဲဖြူစင်သော ဆက်ဆံရေးကိုသာ တွေ့ရသည်ဟု ပြည်ပသို့ ပြန်ရောက်သည့်အခါ မှတ်ချက်ပြုကြသည်ကိုလည်း မီဒီယာများ၌ တွေ့နေရပေသည်။**

ကျွန်တော်တို့ မြန်မာနိုင်ငံ၏ တပ်မတော်သမိုင်းကိုပြန်ကြည့်လျှင် ရှေးခေတ် တကောင်း၊ သရေခေတ္တရာ၊ ဟန်လင်း၊ ဗိဿနိုး၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ စစ်ကိုင်း၊ မြင်စိုင်း၊ ညောင်ရမ်း၊ တောင်ငူ၊ ကုန်းဘောင်၊ ရတနာပုံ ခေတ်စဉ်တပ်မတော်များ၊ စစ်ဗျူဟာပညာများ၊ အကျော်အမော်စစ်သူကြီးများ၊ အာဇာနည်များရှိခဲ့သည်။ ကမ္ဘာနှင့်ယှဉ်လျှင် သတ္တိအရာ၊ စစ်ပညာအရာ၌မည့်၊ လက်နက်စွမ်းပကားအရာ၌ ခေတ်မမီခဲ့။

နယ်ချဲ့သမားက မြန်မာနိုင်ငံကို ကျူးကျော်တိုက်ခိုက်သော ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲ (၁၈၂၄)၊ ဒုတိယအင်္ဂလိပ်-မြန်မာစစ်ပွဲ (၁၈၅၂)၊ တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲ(၁၈၈၅)တို့တွင် တောင်တန်းဒေသစုံ၊ မြေပြန့်မှ မျိုးချစ်တိုင်းရင်းသားစုံ ရရာလက်နက်စွဲကိုင်ပြီး နယ်ချဲ့သမားကို ရှပ်ချွံပြောင်မြောက်စွာ တိုက်ခိုက်ခဲ့ပုံ၊ သတ္တိပြောင်ပုံ၊ စစ်ရေးသေနင်္ဂဗျူဟာ ကြွယ်ဝထက်မြက်ပုံတို့ကို အနောက်တိုင်းမှရေးသည့် မှတ်တမ်းများ၌ အထင်အရှားတွေ့ရသည်။ မြန်မာတိုင်းရင်းသားစုံတို့၏ သတ္တိနှင့် တိုက်စွမ်းရည်မှာ နယ်ချဲ့တပ်များ အံ့သြထိတ်လန့်ခဲ့ရသည်။ ဆိုခဲ့သည့်အတိုင်း ထိုစဉ်က မြန်မာမျိုးချစ်တပ်များတွင် ခေတ်မီလက်နက်များသာ အလုံအလောက်ရှိနေလျှင် မြန်မာ့ဦးစွန်း တလူလူဝင့်နေခဲ့မည်သာ ဖြစ်သည်။

နှစ်ပေါင်းတစ်ရာကျော် အုပ်စိုးခြယ်လှယ် သွေးစုပ်နေခဲ့သည့် နယ်ချဲ့သမားကို မြန်မာနိုင်ငံမှ တိုက်ထုတ်ပြီး လွတ်လပ်ရေးပြန်ယူရန် မြန်မာမျိုးချစ်တို့ လွတ်လပ်ရေး တပ်မတော် အမြုတေ (ရဲဘော်သုံးကျိပ်)၊ ထို့နောက် ဘီအိုင်အေခေါ် တိုင်းရင်းသားစုံ၊ လူတန်းစားစုံ၊ အလွှာစုံ မြန်မာ့လွတ်လပ်ရေးတပ်မတော် ဖွဲ့ခဲ့သည်။ ထိုမြန်မာ့လွတ်လပ်ရေး တပ်မတော်သည် တိုင်းရင်းသားပြည်သူတို့၏ ထောက်ခံကူညီမှုဖြင့် နယ်ချဲ့တို့ကို ဦးစွာမောင်းထုတ်ခဲ့သည်။ ဖက်ဆစ်တပ်များကို တော်လှန်တိုက်ထုတ်ခဲ့သည်။ ဒုတိယကမ္ဘာစစ်အပြီး လုံးဝလွတ်လပ်ရေးအတွက် ပြည်သူတစ်ရပ်လုံး စည်းစည်းလုံးလုံး တောင်းဆိုကြိုးပမ်းနေစဉ်

ပြည်သူနှင့်အတူလက်တွဲခဲ့သည့် အမျိ

အကယ်၍ နယ်ချဲ့က မြန်မာနိုင်ငံကို တစ်နှစ်အတွင်း လွတ်လပ်ရေး မပေးပါက လက်နက်ကိုင် တော်လှန်မောင်းထုတ်ရန်၊ လွတ်လပ်ရေး တစ်နှစ်အတွင်းပေးရန် မြန်မာ့ရာဇသံကို ဦးထိပ်ပန်ကာ သေနတ်ပြောင်းတိုက်ကာ စောင့်နေခဲ့ကြသည်။

မြန်မာတိုင်းရင်းသားစုံ၏ စည်းလုံးညီညွတ်မှုအင်အား၊ လွတ်လပ်ရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ ဝံသာနုရက္ခိတ (မျိုးစောင့်)စိတ်ဓာတ်၊ ဇာတိသွေး ဇာတိမာန်တို့ လွှမ်းခြုံစုစည်းအပ်သော ပြည်ထောင်စု

စိတ်ဓာတ် စွမ်းအားကြောင့် လွတ်လပ်ရေးရခဲ့သည်။ လွတ်လပ်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ပေါ်ထွန်းလာခဲ့သည်။

အမျိုးသားရေးစိတ်ဓာတ် ကိုယ်စီဖြင့် လွတ်လပ်ရေးတိုက်ပွဲကို ပူးပေါင်းဆင်နွှဲခဲ့သော မြန်မာများအတွင်း ပြည်တွင်း၊ ပြည်ပမှ ပယောဂများ၊ သွေးခွဲခံရမှု သံသယများ၊ ခွဲထွက်ရေးလှုပ်ရှားမှုများ၊ ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲများ လွှမ်းမိုးခဲ့ရာ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးရပြီးသည်နှင့် ပြည်တွင်း ဆူပူမှု၊ လက်နက်ကိုင် သောင်းကျန်းမှုများပေါ်ပေါက်ခဲ့သည်။ ပြည်တွင်းစစ်ဟု ဆိုသူကဆို၊ ပြည်တွင်းသောင်းကျန်းမှုဟု ဆိုသူက ဆိုကြသော ထိုလက်နက်ကိုင် သောင်းကျန်းမှုဒဏ်ကို ပြည်သူတို့ ခါးစည်းခံခဲ့ကြရသည်။ ထိုစဉ်က ဂီတပညာရှင်များက အောက်ပါပြည်တွင်းငြိမ်းချမ်းရေး တေးသီချင်းကို သီကုံးကြ၊ သီဆိုကြဖြင့် လှုံ့ဆော်ခဲ့ရသည်။

ရေးဗိုမာန်ဆီ တစ်နှစ်အတွင်းမှာအပြင်းချီ–သောင်းကျန်း
စွယ်ရန်မီး ဖျက်ဆီးစုံညီ–တို့ပြည်ထောင်စုတစ်ခုလုံး
– ဒုက္ခကိုယ်စီတွေ့ကြပြီ–––”

အလံနီကွန်မြူနစ်ပါတီ၊ အလံဖြူကွန်မြူနစ်ပါတီ ့ရဲဘော်(ရဲဘော်ဖြူ)အစရှိသည့် လက်နက်ကိုင်တို့က ူဦးသူသိမ်း၊ ကိုယ်ဦး ကိုယ်သိမ်း လုပ်နေခဲ့ကြရာ ကွက်ကွက်ကလေးသာကျန်သဖြင့် စာနယ်ဇင်းများ အာဏာရအစိုးရကို ရန်ကုန်ခြောက်မိုင် အစိုးရဟု သားကြသည်။

ာစစ်အပြီး သိရိလင်္ကာနိုင်ငံ ကန္ဒီမြို့တွင် ဗြိတိသျှတို့၏ ုသော လက်ျာ–ဖရီးမင်းစာချုပ်အရ တပ်မတော်၏ ျှာချထားရချိန်ဖြစ်သော်လည်း နိုင်ငံမပြိုကွဲစေရန် ရှိသမျှအင်အားဖြင့် သောင်းကျန်းမှုကို နှိမ်နင်း များ၊ ရွာများကို လပိုင်းအတွင်း သောင်းကျန်းသူများ လွတ်မြောက်စေခဲ့သည်။

...ိုးသားရေးတပ်မတော်

...က္ကာသိုလ်မြတ်သူ

ထိုသို့ တပ်ကဝင်မပါဘဲ လက်ပိုက်ကြည့်နေလျှင်၊ ပါတီတစ်ခု၊ အုပ်စုတစ်စု၊ ဂိုဏ်းဂဏတစ်ခုခု ဘက်သို့

ာလတွင် တပ်မတော်သည် နိုင်ငံတော်ကို ဘက်စုံ အောင် တည်ဆောက်ရင်း အင်အားတောင့်တင်းပြီး မြဲက်သည့် ခေတ်မီတပ်မတော်အဖြစ် တည်ဆောက်

် ပြည်ထောင်စု ပြိုကွဲသွားမည်ဖြစ်သည်။ တစ်တိုင်း ချောင်းစီးသွားမည်ဖြစ်သည်။ ထိုသောင်းကျန်းသူ ပ်စုများသည် ၎င်းတို့အချင်းချင်းလည်း ညီညွတ်ကြ ထိုစဉ်ကသာ တပ်မတော်က ဝင်မပါ၍ ဖဆပလ ုတ်ကျသွားလျှင် သောင်းကျန်းသူအုပ်စုချင်း ဗိုလ်လုကြ ကြမည်၊ အာဏာလုကြမည်မှာ သေချာလှသည်။ းကျန်းမှုကြောင့် သေဆုံးရသော ပြည်သူဦးရေ၊ ပျက်စီး န်ဖိုးကို ဖဆပလအစိုးရက (အစောပိုင်းလေးငါးနှစ် ွန်ခဲ့ရာမှာပင် သေသူထောင်ပေါင်းချီ၍ ပျက်စီးဆုံးရှုံးမှု ပေါင်း ရာထောင်ချီ ခဲ့သည်။ တပ်မတော်က ထိုသို့ ဂိုဏ်းကွဲ၊ အုပ်စုကွဲများသိမ်းထားသည့် မြို့ရွာများကို က် သိမ်းပိုက်ကာ ဖဆပလအစိုးရကို ဆက်လက် စေခဲ့သည်။

ဖဆပလအဖွဲ့ကြီး အချင်းချင်း နှစ်ခြမ်းကွဲ၊ လေးစိတ်ကွဲ သောင်းကနင်း ဖြစ်လောက်အောင် လက်နက်လူသူ နေသည့် ကာလတွင် ၁၉၅၈ ခုနှစ် အောက်တိုဘာလ ဉ်က ဝန်ကြီးချုပ်၏ မေတ္တာရပ်ခံချက်အရ တပ်မတော်

ရာမူးစစ်ပွဲတွင် သုံ့ပန်းအဖြစ် အဖမ်းခံရသော အင်္ဂလိပ်လူမျိုး စတန်လီက စစ်သူကြီးမဟာဗန္ဓုလကို ခေညဝတီစခန်း၌ ဂါရဝပြု အလေးပြုနေစဉ်။

က အိမ်စောင့်အစိုးရ တာဝန်ယူခဲ့သည်။ သောင်းကျန်းသူများကို တိုက်ခိုက်၊ ရာဇဝတ်ပြစ်မှုကျူးလွန်သူများကို နှိမ်နင်း၊ နိုင်ငံတည်ငြိမ် အောင်လုပ်ပြီး ၁၉၆၀ ခု နှစ်ဆန်းပိုင်းတွင် ရွေးကောက်ပွဲ ကျင်းပ ပေးခဲ့သည်။ အနိုင်ရရှိသော ပထစ (သန့်ရှင်းဖဆပလ)လက်သို့ ၁၉၆၀ခုနှစ် ဧပြီလ ၄ရက်နေ့တွင် အာဏာလွှဲပေးခဲ့သည်။ စာနယ်ဇင်း များက ထိုသို့ ဖဆပလ အကွဲအပြဲ နောက်ဆက်တွဲ ဆိုးကျိုးအဖြစ် ပေါ်ပေါက်လာသော လက်နက်လူသူစုဆောင်းကာ သွေးချောင်းစီး စေမည့်ဖြစ်ရပ်ကို (ခက်ဖွယ်ရယ်ကြုံ လက်နက်ကယ်စုံအညီနဲ့ဟူ၍ စာနယ်ဇင်းများက ရေးသားသတိပေးခဲ့သည်။) ဓာတ်ရှုပ်ကြီးပေါ်လာ သဖြင့် “ပြည်ထောင်စုပြိုကွဲရန် လက်တစ်လုံးအလို”၌ တပ်မတော်က ဝင်ထိန်းပေးခဲ့သည်။ ထိုဖြစ်ရပ်များကို သတင်းစာများက မှတ်တမ်းတင် ရေးသားခဲ့ကြသည်။

အာဏာရရှိသွားသော ပထစအစိုးရလက်ထက်တွင် သောင်းကျန်း မှုက ရောင့်တက်ပြီး ရှေ့တိုးလာ၊ မှုခင်းကပေါ်များ၊ နိုင်ငံရေး၊ စီးပွားရေး၊ ပြဿနာအကျပ်အတည်းများကြီးထွားကာ ဦးနှင်းပုံထောင် ဖြစ်နေခဲ့သည်။ ထိုအချိန်တွင် ပြည်ထောင်စုကို ရှစ်စိတ်ကွဲစေမည့် လှုပ်ရှားမှုများ ပေါ်ပေါက်လာသည်။ ထိုရှစ်စိတ်တွင် ပြည်ထောင်စုမှ ခွဲထွက်ရေးသမားများက မင်းမူနေကြသည်။ ထိုမျှမက ဆီးတိုးခေါ် အရှေ့တောင်အာရှ စစ်အုပ်စုကြီးထဲဝင်ကြမည့် အထောက်အထားများ ကိုပါ တွေ့ရှိလာရသည်။ ယင်းသို့ ဆရာမနိုင် နှစ်ဆောင်ပြိုင် ဓာတ်ခင်းလာကြရာ ဝန်ကြီးချုပ်လည်း မည်သို့မျှ ဟန့်တားနိုင်ခြင်း မရှိတော့ချေ။ ၂–၃–၆၂ ရက်နေ့တွင် တပ်မတော်က နိုင်ငံမပြိုကွဲရေး၊ ပြည်ထောင်စု တည်မြဲရေးအတွက် နိုင်ငံတာဝန်ကိုယူခဲ့ရပြန်သည်။ ထိုသို့ မထိန်းလိုက်လျှင် ပြည်ထောင်စုပြိုကွဲမည်၊ တိုင်းရင်းသားချင်း သွေးကွဲကာ တိုက်ကြမည်။ လွတ်လပ်ရေးဆုံးရှုံးမည်၊ ဤသို့ဖြစ်လာလျှင် ပြုံးနိုင်မည့် ပရိသတ်က နှစ်မျိုးသာရှိသည်။ ပထမတစ်မျိုးမှာ အာဏာ ရကာ ထင်ရာစိုင်းမည့်သူများဖြစ်သည်။ ဒုတိယတစ်မျိုးမှာ မြန်မာနိုင်ငံကို ဖြိုခွဲ၊ ဝါးမျိုလိုသော နယ်ချဲ့သမားများဖြစ်သည်။ တပ်မတော်ကသာ ဝင်ပြီးမထိန်းလျှင် (နယ်ချဲ့သုံး ဝေါဟာရအရ တပ်မတော်ကသာ ကန့်လန့်ကန့်လန့် ဝင်မရှုပ်လျှင်) မြန်မာနိုင်ငံကို သူတို့ မောင်ပိုင်စီး ထားမည်ဖြစ်သည်။

အများသိကြသည့်အတိုင်းပင် ၁၉၈၈ခုနှစ် တိုင်းဆူပြည်ဖျက် မင်းမဲ့ဆူပူမှုကြီးမှာ လက်ဝဲ၊ လက်ယာ ယာယီလက်တွဲပူးပေါင်းပြီး နိုင်ငံကိုဖြိုခွဲကာပြီးမှ လက်ဝဲနှင့်လက်ယာ အာဏာလု၊ လက်ဝဲချင်းပြန်လု၊ လက်ယာချင်းပြန်လု၊ သို့မဟုတ် အမြီးစားဖက်၊ ခေါင်းစားဖက် ဝေယူ နိုင်ကြမည်လား မသိချေ။ အဝေမတည့်ဘဲ စားကျက်လု၊ အာဏာ ခွက်စောင်းခုတ်ကြရင်း ပြည်ထောင်စုပြိုကွဲ၊ လွတ်လပ်ရေး ဆုံးရှုံးမည်။ ထိုစဉ်က မြန်မာ့ပင်လယ်ရေပိုင်နက်အတွင်း အလစ်ခိုးဝင် ကျူးကျော်ကာ ယာလည်းညက်စေ၊ ကြက်လည်းပန်းစေ စောင့်ကြည့်အလစ်ချောင်း နေသော အင်အားကြီးနိုင်ငံတစ်ခုမှ စစ်သင်္ဘောကြီး ငါးစင်းကိစ္စ ထည့်မတွက်၍ မရပေ။ လူထုလည်း ခေါင်းဖြတ်ပွဲ၊ ဂိုဒေါင်ဖောက်ပွဲ၊ အာဏာလုပွဲကြောင့် စိတ်ဆင်းရဲကြပြီ။ ငတ်ကြ၊ ပြတ်ကြပြီ။ ကျီးလန့် စာစားဖြစ်ကြရပြီ။ သူ့ကျွန်ဘဝကိုပင် ဦးတည်နေသော ထိုအခြေအနေ

(၅၉)နှစ်မြောက် တပ်မတော်နေ့အကြိုဂုဏ်ပြုဆောင်းပါး

ဆိုးမှ ၁၈–၉–၈၈ ရက်နေ့တွင် နယ်ချဲ့အုပ်စုနှင့် အာဏာနိုင်ငံရေး တောကြောင်များ၏ အမုန်းကိုခံပြီး တပ်မတော်က ပြည်သူ့ရှေ့မှ မားမားမတ်မတ်ရပ်တည်ခဲ့ရပြန်သည်။

ရဲစခန်းမှာပင် ရဲများမရှိလောက်အောင် အုပ်ချုပ်ရေးယန္တရား ယိုယွင်းနေချိန်တွင် ရပ်ရွာအေးချမ်းပြီး ဥပဒေစိုးမိုးအောင်၊ ပြည်သူ အသက် ဝဝရှူ ထမင်းဝဝစားနိုင်အောင် တပ်မတော်က တည်ငြိမ်အေး ချမ်းမှုကို ပြန်လည်တည်ဆောက်ပေးခဲ့ရသည်။ တပ်မတော်သည် အမျိုးသားရေး အင်အားစုအဖြစ် အမျိုးသားရေးကို မျက်နှာမူဆောင် ရွက်လေလေ အနောက်အုပ်စုက စစ်အစိုးရ၊ စစ်အစိုးရဟု ရင့်ရင့် သီးသီးသုံးနှုန်း တိုက်ခိုက်လေလေ ဖြစ်သည်။ ဤသည့်ကြားမှ ကိုယ့်ပြည်တွင်းအား၊ ကိုယ့်ပြည်သူအားကို အားကိုးပြီး ပြည်သူနှင့် လက်တွဲကာ နိုင်ငံငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကိုသာ ဇောက်ချ ကြိုးပမ်းခဲ့ကြသည်။ စစ်အစိုးရဆိုသည့် တပ်မတော်အစိုးရက မာရှယ် လောခေါ် စစ်ဥပဒေမသုံး၊ တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ အရသာ အုပ်ချုပ်ခဲ့ရာ ညင်သာညက်ညောခဲ့သည်။ ပြည်သူတို့နှင့် အံဝင်ခွင်ကျ ဖြစ်ခဲ့သည်။

“စစ်အစိုးရ”ဟူသော အနောက်အုပ်စု၏ အသုံးအနှုန်းကြောင့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသော နိုင်ငံခြားမှ ခေါင်းဆောင် များ၊ ဧည့်သည်များသည် တင်းမာခက်ထန်သော စစ်ခေါင်းဆောင်များ ကိုသာ တွေ့ရလိမ့်မည်ဟု ကြိုတင်တွက်ဆခဲ့ကြသော်လည်း လက်တွေ့၌ ပျူငှာရည်မွန်သောအပြုံး၊ လိုက်လျောဖြူစင်သော ဆက်ဆံရေးကိုသာ တွေ့ရသည်ဟု ပြည်ပသို့ ပြန်ရောက်သည့်အခါ မှတ်ချက်ပြုကြသည် ကိုလည်း မီဒီယာများ၌ တွေ့နေရပေသည်။

မာရှယ်လောအမိန့် စစ်ပုံစံ အုပ်ချုပ်မှုမျိုးမလုပ်ဘဲ ချစ်ကြည် စည်းလုံးမှုကို အလေးထားလုပ်ဆောင်ခဲ့သဖြင့် တပ်မတော်သည် ပြည်သူနှင့် တစ်သားတည်း ဖြစ်လာနေခြင်းဖြစ်သည်။ တပ်မတော်ကို စစ်အစိုးရဟု အပုပ်ချနေချိန် ယနေ့ကမ္ဘာ့မျက်နှာစာတွင် စစ်ရေး ကျူးကျော်စွက်ဖက်မှုဖြင့် နိုင်ငံများစွာကို မာရှယ်လောဖြင့် ပိုင်စိုးပိုင်နင်း စိုးမိုးချုပ်ကိုင်နေသည့် နယ်ချဲ့ စစ်အစိုးရများကို ကျွန်တော်တို့ မျက်စိတစ်ဆုံး၊ နားနှင့်မဆံ့အောင် မြင်နေ၊ ကြားနေရပေသည်။

မြန်မာနိုင်ငံတွင် ယနေ့နိုင်ငံနှင့် လူမျိုးကောင်းစားရေးကို ကိုယ့် ပြည်တွင်း၌ ကိုယ့်အားကိုယ်ကိုး လုပ်ဆောင်နေသည့် ပုံစံနှင့် စစ်ရေးကျူးကျော် စွက်ဖက် ဗိုလ်ကျစိုးမိုးနေသည့် ပုံစံနှစ်ခုတွင် မည်သည့်ပုံစံက အပြစ်ကင်း ကြောင်း ကမ္ဘာ့ပြည်သူတို့ နှလုံးသား၌ မှတ်ကျောက်တင်ပြီး ဖြစ်နေပေပြီ။

ကျွန်တော်တို့ အရပ်သား (ပြည်သူ)များအဖို့ တပ်မတော်ကို စောင့်ကြည့် ဆက်ဆံခဲ့ကြပြီ။ တပ်မတော်က သို့မဟုတ် တပ်မတော် တာဝန်ယူသည့် အစိုးရက နိုင်ငံတစ်ဝန်း ငြိမ်းချမ်း လုံခြုံအောင် လုပ်ပေးခဲ့သည်ကို လည်းကောင်း၊ ပြည်တွင်း၊ ပြည်ပမှ ထောင့်စေ့၊ အကွက်စေ့ မနေမနား နှောင့်ယှက်နေသည့် ကြားမှ ယနေ့ ဘက်စုံဖွံ့ဖြိုးတိုး တက်လာသည်ကို လည်းကောင်း ကျွန်တော်တို့ အသိအမှတ်မပြု ဘဲမနေနိုင်ပါချေ။ ယနေ့ရရှိသည့် ငြိမ်းချမ်းလုံခြုံ ဖွံ့ဖြိုးပြီးခိုင်မာသော ပြည်ထောင်စုမျိုး ဆောင်ကြဉ်း ပေးသူမှာ မည်သူဖြစ်ပါစေ ကျွန်တော်တို့ ပြည်သူများက ကြိုဆိုကျေးဇူးတင်နေမည် သာဖြစ် ပါကြောင်း။ ။

နိုင်ငံတော် ကာကွယ်ရေးတာဝန်ကို တပ်မတော်သားများက ဤသို့ စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မတ် ၁၄ရက်က ပဲခူးတိုင်း ညောင်လေးပင်မြို့ သီရိရတနာခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

✡ ရှေ့ဖုံးမှ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လူနာဆောင်များ၊ ခွဲစိတ်ခန်းနှင့် ဆေးသိုလှောင်ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ညောင်လေးပင်မြို့ သီရိရတနာခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ညောင်လေးပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးရဲနိုင်က မြို့နယ်၏ တည်နေရာနှင့်အကျယ်အဝန်း၊ လူဦးရေ၊ မိုးရွာသွန်းမှု၊ နွေစပါး၊ မိုးစပါးစိုက်ပျိုးနိုင်မှု၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံစိုက်ပျိုးမှု၊ စားဖိုဆောင် သီးနှံစိုက်ပျိုးမှု၊ စိုက်ဧက တိုးချဲ့ဆောင်ရွက်နေမှု၊ ဒေသဝမ်းစာဖူလုံမှု၊ ငါးကန်များ တူးဖော်မွေးမြူနေမှု၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အဆင့်တိုးမြှင့်ပေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒေသဖွံ့ဖြိုးရေး အတွက် အထက်တန်းကျောင်းတစ်ကျောင်း၊ အလယ်တန်းကျောင်းတစ်ကျောင်း၊ မူလတန်းကျောင်း သုံးကျောင်းအဖြစ်လည်းကောင်း၊ ကျေးလက် ကျန်းမာရေး ဌာနခွဲတစ်ခုအဖြစ်လည်းကောင်း အဆင့်တိုးမြှင့်ပေးပြီး အမှာစကားပြောကြား ရာတွင် ယနေ့မိမိနှင့်အဖွဲ့ ညောင်လေးပင်မြို့နယ် ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက် နေသည့်လုပ်ငန်းများ ကြည့်ရှုလေ့လာပြီး မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက် အကူဖြစ်စေမည့် ပံ့ပိုးဆောင်ရွက်ပေးရန် ရှိသည်များကို ဖြည့်ဆည်းပေးရန် လာရောက်ခဲ့ကြောင်း။

ညောင်လေးပင်မြို့နယ်သည် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး ပေါ်ရှိ အချက်အချာကျသည့်နေရာတွင် တည်ရှိနေသည့်အလျောက် ယခင်ကပင် စီးပွားရေး၊ လူမှုရေးနှင့် ဖွံ့ဖြိုးမှုအတော်အသင့်ရှိသည့် မြို့နယ်ဖြစ်သည့်အပြင် ဖွံ့ဖြိုးတိုးတက်နိုင်သည့် အခြေခံကောင်း၊ အခွင့်လမ်းကောင်းများလည်းရှိထားပြီး ဖြစ်ကြောင်း။

ဆည်မြောင်းတာတမံများ

ထို့အပြင် ညောင်လေးပင်အပါအဝင် ပြွန်တန်ဆာလွင်ပြင်တစ်ခွင်လုံး စိုက်ပျိုး နိုင်သည့် လယ်ယာမြေများ ပေါ်ထွက်လာစေရေးအတွက် ပဲခူးရိုးမမှ စီးဆင်း လာသည့် ရေများကို ဆည်၊ မြောင်း၊ တာတမံများ တည်ဆောက်ပေးလျက်ရှိသည့် အတွက် ကျန်ဒေသတွင် ယခင်ကထက် စိုက်ပျိုးမြေများတိုးပွားလာနေကြောင်း၊ ယခင်ကတည်းက ဖွံ့ဖြိုးမှုအတော်အသင့်ရှိနေပြီဖြစ်သည့် ညောင်လေးပင်မြို့နယ်ကို ပိုမိုတိုးတက်ဖွံ့ဖြိုးလာစေရအောင် ထပ်ဆောင်းဖြည့်ဆည်းဆောင်ရွက်ပေးနေခြင်း ဖြစ်ကြောင်း။

မြို့နယ်များ ဖွံ့ဖြိုးတိုးတက်မှုသည် မြို့နယ်တာဝန်ခံဌာနဆိုင်ရာများ၏ ဦးဆောင်မှု၊ ဝီရိယစိုက်ထုတ်မှု၊ တီထွင်ကြံဆမှုနှင့် စေတနာထားမှုများအပေါ် များစွာတည်မှီလျက်ရှိနေကြောင်း၊ မြို့နယ်တာဝန်ရှိသူများ၏ ဝီရိယအား၊ စေတနာ အား၊ တီထွင်ကြံဆမှုအားများ အားနည်းနေသမျှ မြို့နယ်များဖွံ့ဖြိုးတိုးတက်မှု များမှာလည်း နောက်ကျ နှေးကွေးနေမည်ပင်ဖြစ်ကြောင်း။

မိမိမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူ များစီးပွားရေးနှင့် လူနေမှုဘဝတိုးတက်လာရေးအတွက် စေတနာထား ဆောင်ရွက် ပြီး ပြည်သူများနှင့် တစ်သားတည်းနေထိုင်လျက် ပြည်သူများ၏ လိုလားချက်၊ ပြည်သူများ၏ လိုအပ်ချက်များကို ဖော်ထုတ် ဖြည့်ဆည်းဆောင်ရွက်ပေးသည် နှင့်အမျှ ပြည်သူများ၏ပူးပေါင်းဆောင်ရွက်မှုများဖြစ်ထွန်းပြီး မိမိတို့၏ လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမည်ဖြစ်ကြောင်း။

မြို့နယ်များဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို စည်းစည်းလုံးလုံးဖြင့် တစု တစည်းတည်း ဖော်ဆောင်နိုင်ရေးကို ရည်မှန်းလျက် ကဏ္ဍစုံတွင် ကော်မတီများ ဖွဲ့စည်းပေးထားပြီ ဖြစ်သည့်အလျောက် မြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများကို စုပေါင်းခေါင်းဆောင်မှု၊ စုပေါင်းတာဝန်ယူမှုတို့ဖြင့် သွက်လက်ထိရောက်စွာ အကောင်အထည်ဖော်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ညောင်လေးပင်မြို့ အမှတ်(၁)နှင့် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းများအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာ တစ်စုံစီတို့ကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများအားပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မိုးယွန်းကြီးအင်းဘေးမဲ့တော

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ပဲခူးတိုင်းအတွင်းရှိ မိုးယွန်းကြီးအင်းဘေးမဲ့တောသို့ ရောက်ရှိကြရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ ရှင်းလင်းဆောင်၌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က မိုးယွန်းကြီးအင်း ဘေးမဲ့တောမှာ ပဲခူးတိုင်း ပဲခူးမြို့နယ်၊ ဝေါမြို့နယ်နှင့် ဒိုက်ဦးမြို့နယ်များအတွင်း တည်ရှိပြီး စတုရန်းမိုင်၄၀ ကျယ်ဝန်း ကြောင်း၊သစ်တောများပေါက်ရောက်မှုမရှိသော်လည်း ရေနေပင် ၂၆မျိုးခန့် ပေါက်ရောက်ကြောင်း၊ အင်းအတွင်းလာရောက်ကျက်စားသော ရေပျော်ငှက် ၁၂၅မျိုးခန့်ရှိကြောင်း၊ ငါးများ၊ ကုန်နေရေနေသတ္တဝါများ၊ အင်ဆက်များ၊ တွားသွားသတ္တဝါများ၊ နို့တိုက်သတ္တဝါများ ကျက်စားကြကြောင်း၊ လမ်းပန်း ဆက်သွယ်ရေးအနေဖြင့် ရန်ကုန်-မန္တလေးကားလမ်းမကြီးညာဘက် ခြောက်ဖာလုံ အကွာတွင်တည်ရှိကြောင်း၊ သဘာဝ အခြေခံခရီးသွားလုပ်ငန်းကို အထောက် အကူပြုကြောင်းနှင့် လေ့လာကြည့်ရှုအပန်းဖြေနိုင်သော အခွင့်အလမ်း ကောင်းများ ရှိကြောင်းနှင့် ဆက်လက်အဆင့်မြင့် မွမ်းမံဆောင်ရွက်သွားမည့် အစီအမံများကို ပုံစံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးအုန်းမြင့်က မိုးယွန်းကြီးရေလှောင်ကန် ရေသိုလှောင်နိုင်မှုနှင့် ရေပေးဝေမှု၊ မိုးယွန်းကြီးရေလှောင်တမံကို ကောလိယ ရေလှောင်တမံ၊ ဘောနီရေလှောင်တမံနှင့်

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မတ်၁၄ရက်က ပဲခူးတိုင်း ညောင်လေးပင်မြို့ သီရိရတနာခန်းမ၌ ညောင်လေးပင်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်း ကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်စဉ်။ (သတင်းစဉ်)

ဓောင်းတူရေလွှဲဆည်မှ ရေဖြည့်တင်းပေးနေမှု၊ မိုးယွန်းကြီးကန်ပတ် တာပေါင်ကို ခိုင်မာအောင် ဆောင်ရွက်နေမှု၊ စကုချောင်း၊ ရွှေလောင်းချောင်းနှင့် ကိုလူကွဲ ချောင်းများပေါ်တွင် ရေလှောင်တမံတည်ဆောက်ပြီး မိုးယွန်းကြီးရေလှောင်ကန်ကို ရေပိုမိုဖြည့်ဆည်းပေးရန် စီစဉ်ဆောင်ရွက်နေမှုတို့နှင့်ပတ်သက်၍ ရှင်းလင်း တင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မိုးယွန်းကြီးရေလှောင် ကန်ကြီး မူလသဘာဝအတိုင်းဆက်လက်တည်ရှိနေစေရန်အတွက် ကောလိယ ဆည်မှ ရေဖြည့်ပေးရေးနှင့် ရေအသွင်းအနုတ်ကို သက်ဆိုင်ရာဌာနမှူးများ ညှိနှိုင်း ပြီး စနစ်တကျ ထိန်းသိမ်းစီမံဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ပဲခူးမြို့နယ်၊ ကဝမြို့နယ်နှင့် သနပ်ပင်မြို့နယ်တို့မှ နွေစပါးစိုက်ပျိုးမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော်မိုင် ၃၀ပတ်လည် စိမ်းလန်း စိုပြည်ရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားသည်။

မင်းရွာ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သနပ်ပင်မြို့နယ် မင်းရွာသို့ရောက်ရှိကြရာ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံကျေးရွာသူ၊ ကျေးရွာသားများက ကြိုဆိုကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❐

သနပ်ပင်မြို့နယ်အတွင်း ကျေးရွာများ သွားလာမှု အဆင်ပြေစေရန် အတွက် စစ်တောင်းတူးမြောင်း ပေါ်တွင် တည်ဆောက်ပြီးစီးနေသည့် မင်းရွာ-ကျောင်းစုတံတား သစ်ကြီးကို တွေ့ရစဉ်။ (သတင်းစဉ်)

❐ စာမျက်နှာ ၁၀မှ

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် သနပ်ပင်မြို့နယ်အတွင်း ကျေးရွာများ သွားလာမှုအဆင်ပြေစေရန် တည်ဆောက်ထားသည့် မင်းရွာ–ကျောင်းစု တံတားသစ်ကြီးကို ဖြတ်သန်းကြည့်ရှုကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး တင်ငွေက မင်းရွာ–ကျောင်းစု တံတားမှာ အရှည် ပေ ၂၅၀၊ အကျယ် ၂၆ ပေရှိ စစ်တောင်းတူးမြောင်းပေါ်တွင် တည်ဆောက်ထားသော တံတားဖြစ်ပြီး ဒေသနေကျေးလက်ပြည်သူများ သွားလာမှုလွယ်ကူစေရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရန်အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက တာဝန်ယူ တည်ဆောက်ခဲ့မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ဖြတ်သန်းကြည့်ရှု

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ မတ်၁၄ရက်က သနပ်ပင်မြို့နယ်အတွင်း ကျေးရွာများသွားလာမှု အဆင်ပြေစေရန် တည်ဆောက်ထားသည့် မင်းရွာ–ကျောင်းစုတံတားသစ်ကြီးကို ဖြတ်သန်းကြည့်ရှုစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ ခေါင်းဆောင်သောတာဝန်ရှိသူများ

ချင်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် တွေ့ဆုံ အဖွဲ့ချုပ် ဖွဲ့စည်းပုံနှင့်လုပ်ငန်းစဉ်များရှင်းလင်း

ရန်ကုန် မတ် ၁၆

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ ခေါင်းဆောင်၍ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်နှင့် ဒေါ်သန်းသန်းနွဲ့တို့ပါဝင်သော မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများသည် အဖွဲ့ချုပ်ဖွဲ့စည်းပုံနှင့် လုပ်ငန်းဆိုင်ရာရှင်းလင်းရန်အတွက် မတ် ၁၄ရက်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ကလေးမြို့သို့ရောက်ရှိကြရာ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ဝေဝေခိုင်၊ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေးနှင့် ဇနီး၊ ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၏ဇနီး ဒေါက်တာဒေါ်ခင်စောမူ၊ ချင်းပြည်နယ် အမျိုးသမီးရေးရာနာယကအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ ကလေးတပ်နယ် အောင်ဆန်းခန်းမ၌ ကျင်းပသော ချင်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များအား လုပ်ငန်းရှင်းလင်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လုပ်ငန်းရှင်းလင်း

ထို့နောက် မွန်းတည့် ၁၂ နာရီတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များက ချင်းပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များအား လုပ်ငန်းရှင်းလင်းပွဲ အခမ်းအနားကို ကလေးတပ်နယ် အောင်ဆန်းခန်းမ၌ ကျင်းပရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး ဒေါ်ဝေဝေခိုင်၊ ချင်းပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့နာယကအဖွဲ့ဝင်များနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊အထောက်အကူပြုအဖွဲ့ဝင်များ၊ စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ်အတွင်းရှိ ကလေးမြို့နယ်၊ ဟားခါးမြို့နယ်၊ဖလမ်းမြို့နယ်၊ တီးတိန်မြို့နယ်နှင့် တွန်းဇံမြို့နယ်များမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ စုစုပေါင်းအင်အား ၅၀၀ခန့် တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် နိုင်ငံတော်က ဖွဲ့စည်းပေးခဲ့ကြောင်း၊ လူမှုရေး အဖွဲ့အစည်းဖြစ်သည့်အတွက် အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုကျယ်ပြန့်ထိရောက်စွာ တိုးချဲ့လုပ်ကိုင် ဆောင်ရွက်နိုင်ကြောင်း၊ ကောင်းမြတ်သောရည်ရွယ်ချက် (၇)ရပ်ကိုဦးတည်ချက်ထား၍ ဆောင်ရွက်သောကြောင့် နိုင်ငံတော်တည်ဆောက်ရေးကြိုးပမ်းမှုများအတွက် ပါဝင်အကျိုးပြုနိုင်ရုံမက အမျိုးသမီးကဏ္ဍဘက်စုံဖွံ့ဖြိုးရေးနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်လည်း ထိရောက်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ရန် ကြီးမားသော ရည်ရွယ်ချက်ထားရှိကြောင်း၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုကို ပိုမိုမြတ်နိုးတန်ဖိုးထားရှိစေရေး၊ နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးသည့်စိတ်ဓာတ်များ ပြည့်စုံကြွယ်ဝရန်လည်းလိုကြောင်း၊ ယခုရောက်ရှိနေသော နေရာသည် နယ်စပ်ဒေသဖြစ်သည့်အလျောက် လူကုန်ကူးမှုကိစ္စများ လျော့နည်းပပျောက်ရေးအတွက် ကျရာအခန်းကဏ္ဍမှ တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း၊ ယင်းကဲ့သို့ မြန်မာအမျိုးသမီးကဏ္ဍတွင် ထက်မြက်သည့် စွမ်းဆောင်ရည်နှင့် ကောင်းမြတ်သည့် အစဉ်အလာကောင်းများ အမြဲထာဝရရှင်သန်ဖွံ့ဖြိုးစေသည့် အရှိန်အဟုန်ကို အနှစ်သာရရှိစွာ ထပ်ဆင့်မြှင့်တင်ပေးသည့် နိုင်ငံတော်၏ စေတနာကို အမျိုးသမီးထု တစ်ရပ်လုံးက ဂုဏ်ယူမြတ်နိုးစွာဖြင့် ထိန်းသိမ်းကြရမည်ဖြစ်ပြီး ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ အဖွဲ့ဝင်များသည် အားကြိုးမာန်တက် ပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်း စသည်ဖြင့်ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာဒေါ်ခင်မာထွန်းက ဖွဲ့စည်းပုံနှင့် အဖွဲ့ဝင်လျှောက်ထားပုံများကို လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်က ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စည်းရုံးရေး၊ စည်းကမ်းထိန်းသိမ်းရေးနှင့် ဘဏ္ဍာရေး/စီမံရေးလုပ်ငန်းအဖွဲ့များ၏ တာဝန်ဝတ္တရားများကို လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က ယဉ်ကျေးမှု၊ ပြန်ကြား/ဆက်သွယ်ရေး၊ အမျိုးသမီးငယ်/ရွယ် တိုင်းရင်းသားရေးရာ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေး၊ လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့များ၏ တာဝန်ဝတ္တရားများကို လည်းကောင်း အသီးသီးရှင်းလင်းဆွေးနွေးကြသည်။

လှူဒါန်း

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ စေတနာအလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ လှူဒါန်းငွေ စုစုပေါင်းငွေကျပ်သိန်း ၆၀ဖြစ်ပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ကျေးဇူးတင်စကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် ညနေ ၅ နာရီတွင် ချင်းပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ အထောက်အကူပြုအဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲကို ကလေးတပ်နယ်ရှိ ဧည့်ရိပ်သာ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ ဖွဲ့စည်းပုံနှင့် စပ်လျဉ်းသော မရှင်းလင်းသည့် အချက်အလက်များ၊ ဆောင်ရွက်ရမည့်ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ချင်းပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များက မေးမြန်းတင်ပြကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၇-၃-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓမ္မ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ အတီးပြိုင်ပွဲ
၈:၁၀ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈:၂၀ ၇။ စလင်းရေလှောင်တာမံ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Happy and Educational English Summer Course (MRTV)(Senior Class)
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး **(၅၃)နှစ်မြောက် တပ်မတော်နေ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေမိန့်ကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်**
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice in Reading.
၄:၄၅ ၄။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ(၂၀၀၃ခုနှစ်)
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၅:၁၅ ၆။ တေးဂီတအစီအစဉ်
၅:၃၀ ၇။ သီချင်းကြီးပဒေသာ
၅:၄၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၆:၀၀ ၉။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
၆:၁၀ ၁၀။ ရှုဖွယ်စုံလင် အာဆီယံ အစီအစဉ်
၆:၂၀ ၁၁။ Discovery.
၆:၃၀ ၁၂။ ညနေခင်းသတင်း
၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၄။ (၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် "သိမှတ်ဖွယ်ရာ စစ်ချီစစ်ရေးတေးသံသာ" (ဗိုလ်ကလေး တင့်အောင်နှင့် ၂/၂၀၀၃ ရုပ်ရှင်သရုပ်ဆောင်သင်တန်းသား/သူများ)
၇:၃၀ ၁၅။ (၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၇:၄၀ ၁၆။ **(၅၃)နှစ်မြောက် တပ်မတော်နေ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေမိန့်ကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်** "ပြည်သူ့အတွက်တပ်မတော်" "စွန့်လွှတ်စွန့်စား ပြည်သူ့သားကောင်း တပ်မတော်" ပြည်ထောင်စုဖွံ့ဖြိုးတိုးတက် တပ်မတော်အစိုးရလက်တက် လှေခွက်ချည်းကျန် အလံမလှဲ (ရဲဘော်ခင်မောင်လှ၊ ဖိုးဆိုချင်ခင်မောင်ညွန့်)
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆိုသည်မှာ"(အပိုင်း–၁၂)**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရ ရွှေမန်း ရောရွှေဝါ ကုမ္ပဏီလီမိတက်၏ ရွှေမေတ္တာစွမ်းအားပြည့် ဓီဝမြေသြဇာစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❀ **ကျောက်ဖြူမှ**

ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ မတ် ၁၄ရက် နံနက်ပိုင်းတွင် ပုသိမ်လေဆိပ် လေယာဉ်ပြေးလမ်း ဖွင့်ပွဲအခမ်းအနား တက်ရောက်ခဲ့ကြပြီး နံနက် ၁၀နာရီတွင် ပုသိမ်-ရွှေမြင်တင်-ဝါးယားချောင်းလမ်းပေါ်၌ တည်ဆောက်လျက်ရှိသည့် ပုသိမ်တံတား တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ပုသိမ်တံတား (ပုသိမ်ဘက်ခြမ်း) တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းက ပုသိမ်တံတား တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းအခြေအနေများကို ပဏာမ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဧရာဝတီတိုင်း ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဝင်းနှင့် အင်ဂျင်နီယာမှူးကြီး ဦးစိုးတင့်တို့က တံတားဘိုးပိုင်လုပ်ငန်း၊ တံတားတိုင်များ တည်ဆောက်မှုလုပ်ငန်း၊ သံကူကွန်ကရစ်ရက်မများ စတင်တပ်ဆင်မှုလုပ်ငန်း၊ တံတားသံပေါင်များ ရရှိရန်ဆောင်ရွက်မှုလုပ်ငန်းနှင့် တံတားချဉ်းကပ် လမ်းများ ဖောက်လုပ်နေမှုလုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

တာဝန်နှင့် စေတနာပေါင်းစပ်

ယင်းနောက် ဗိုလ်ချုပ်ကြီး သူရ ရွှေမန်းက လုပ်ငန်းသုံးပစ္စည်းများ အချိန်မီ ပြည့်စုံစွာရရှိရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် တာဝန်နှင့်စေတနာပေါင်းစပ် ဆောင်ရွက်သွားကြရေးတို့ကို မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့သည် ပုသိမ်တပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များနှင့် ပုသိမ်မြို့ အခြေအနေတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

တောင်သူများနှင့်တွေ့ဆုံ

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့သည် ကန်ကြီးထောင့်မြို့နယ် ဒါးကကျေးရွာရှိ ရောရွှေဝါ ကုမ္ပဏီလီမိတက်သို့ ရောက်ရှိကြပြီး ခန်းမ၌ တောင်သူဦးကြီးများနှင့် တွေ့ဆုံကာ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက သာပေါင်းမြို့နယ်၊ ကျောင်းကုန်းမြို့နယ်၊ ရေကြည်မြို့နယ်နှင့် ကန်ကြီးထောင့်မြို့နယ်တို့ရှိ ရေကြီးကွင်း၊ ရေနက်ကွင်း မြေဧရိယာများ၌ စပါးနှင့် ဆီထွက်သီးနှံများ စိုက်ပျိုးဖြစ်ထွန်းမှု အခြေအနေများကို ဆွေးနွေးမေးမြန်းရာ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် စိုက်ပျိုးထုတ်လုပ်သူများက စိုက်ပျိုးရေးအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ရောရွှေဝါ ကုမ္ပဏီလီမိတက်မှ ထုတ်လုပ်သည့် ရွှေမေတ္တာ ဓီဝမြေသြဇာများကို ကြည့်ရှုစစ်ဆေးကြသည်။

ဓီဝမြေသြဇာစက်ရုံ

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့သည် ရွှေမေတ္တာစွမ်းအားပြည့် ဓီဝမြေသြဇာစက်ရုံသို့ သွားရောက်ကြပြီး ဓီဝမြေသြဇာ ထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကြီး သူရ ရွှေမန်းနှင့်အဖွဲ့သည် ကျောင်းကုန်းမြို့နယ်ရှိ ကျောင်းကုန်းတံတားသို့ ရောက်ရှိကြကာ တံတားရိပ်သာရှေ့၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ဗိုလ်ချုပ်ကြီး သူရ ရွှေမန်းက လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို မေးမြန်း၍ လိုအပ်သည်များကို မှာကြားသည်။

ဗိုလ်မြတ်ထွန်းတံတား

ဆက်လက်၍ ဗိုလ်ချုပ်ကြီး သူရ ရွှေမန်းနှင့် အဖွဲ့သည် ညောင်တုန်းမြို့နယ် ကြိမ်ပင်ဆည်ကျေးရွာရှိ ဗိုလ်မြတ်ထွန်းတံတားသို့ ရောက်ရှိကြပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရှင်းလင်းဆောင်၌ မအူပင်ခရိုင် အင်ဂျင်နီယာမှူး ဦးစိုင်းကျော်မိုးက ဗိုလ်မြတ်ထွန်းတံတား ကြံ့ခိုင်ရေးအတွက် စီမံဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီး သူရ ရွှေမန်းက ဗိုလ်မြတ်ထွန်းတံတား ရေရှည်တည်တံ့ ကြံ့ခိုင်ရေးအတွက် တာဝန်ရှိသူများအားလုံး ဝိုင်းဝန်းကြိုးပမ်းထိန်းသိမ်းကြရေး မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့အား ဗိုလ်မြတ်ထွန်းတံတား ကြိမ်ပင်ဆည်ဘက်ကမ်း ယာယီရှင်းလင်းဆောင်၌ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းက ကြိမ်ပင်ဆည်ဘက် ကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းများကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီး သူရ ရွှေမန်းက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားပြီး လုပ်ငန်းခွင်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကြီး သူရ ရွှေမန်းနှင့် အဖွဲ့သည် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) (ရန်ကုန်-နယူးဒေလီ-ရန်ကုန်)ခရီးစဉ်သစ် ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၁၆

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း(MAI)၏ ရန်ကုန်မြို့မှ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ တိုက်ရိုက်ပျံသန်းပြေးဆွဲမည့် လေကြောင်းခရီးစဉ်သစ် (ရန်ကုန်-နယူးဒေလီ-ရန်ကုန်) ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၅ရက်ည ၉နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ လေဆိပ်စားသောက်ဆိုင်ခန်းမ၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ တက်ရောက်၍ လေကြောင်းခရီးစဉ်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးဖေသန်းနှင့် ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကြည်သိန်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူနှင့် ခရီးသွားလုပ်ငန်းများနှင့် လေကြောင်းလိုင်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း(MAI)၏ ရန်ကုန်မြို့မှ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ တိုက်ရိုက်ပျံသန်းပြေးဆွဲမည့် လေကြောင်းခရီးစဉ်သစ် (ရန်ကုန်-နယူးဒေလီ-ရန်ကုန်) ဖွင့်ပွဲအခမ်းအနားတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေနှင့် အဖွဲ့ဝင်များ ခရီးစဉ်တွင် လိုက်ပါမည့် ခရီးသည်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရှေးဦးစွာ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းဥက္ကဋ္ဌ ဦးမောင်မောင်အုန်းက အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပျံသန်းနေသည့် ခရီးစဉ်များနှင့် တိုးချဲ့ပျံသန်းမည့် (ရန်ကုန်-နယူးဒေလီ-ရန်ကုန်)ခရီးစဉ်နှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရပ်နားထားသည့်ရန်ကုန်-နယူးဒေလီ-ရန်ကုန် ခရီးစဉ်ပျံသန်းမည့် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း လေယာဉ်သို့ သွားရောက်ပြီး ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက လေကြောင်းခရီးစဉ်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး လေယာဉ်ကို ပရိတ်ရေစင်နှင့် အမွှေးနံ့သာရည်များဖြင့် သွန်းဖျန်းပေးသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် လေယာဉ်ပေါ်သို့ တက်ရောက်၍ ရန်ကုန်-နယူးဒေလီခရီးစဉ်တွင် လိုက်ပါမည့် ခရီးသည်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း၏ လေကြောင်းခရီးစဉ် အမှတ် 8M 601သည် ရန်ကုန်မှ နယူးဒေလီမြို့သို့ ခရီးသည် ၇၀တို့အား သယ်ဆောင်၍ ည ၉နာရီ ၃၅မိနစ်တွင် စတင်ပျံသန်းထွက်ခွာသွားသည်။

အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း၏ ရန်ကုန်-နယူးဒေလီ-ရန်ကုန် ခရီးစဉ်သစ်မှာ အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့များတွင် ရန်ကုန်မြို့မှ ည ၉နာရီ ၃၅မိနစ်တွင် စတင်ထွက်ခွာမည်ဖြစ်ပြီး နယူးဒေလီမှ ရန်ကုန်မြို့သို့ အပတ်စဉ် အင်္ဂါ၊ ကြာသပတေးနှင့် စနေနေ့များတွင် နံနက် ၁နာရီ မိနစ် ၅၀ တွင် ပြန်လည်ထွက်ခွာမည် ဖြစ်သည်။

ရန်ကုန်-နယူးဒေလီ-ရန်ကုန် ခရီးစဉ်သည် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း၏ ၂၀၀၄ခုနှစ်အတွင်း ထပ်မံတိုးချဲ့သော ခရီးစဉ်ဖြစ်ပြီး မကြာသေးမီက ရန်ကုန်-ဟောင်ကောင် ခရီးစဉ်ကို တိုးချဲ့ပြေးဆွဲသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၇-၃-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀	၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄:၃၀	၆။ မျိုးချစ်တပ်မတော်
၄:၄၀	၇။ ကျန်းမာခြင်းသည် နိုင်ငံ့ခွန်အား
၄:၅၀	၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀	၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** .... **Book Keeping Proceclures and Cash-Book** (စီးပွားရေး၊ စီးပွားစီမံ)
၅:၃၀	၁၀။ မြစ်နိုးကြစေ အမျိုးသားအမွေ
၅:၄၅	၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ မြန်မာ့ရှုခင်း
၆:၄၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အချစ်လေပြည်" (အပိုင်း-၂၅)**
၈:၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သိုင်းမင်းသားလေးနှင့်ရွှေမင်းသမီး" (အပိုင်း-၃၉)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

(၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို

ဇီဝက နယ်လှည့်ဆေးကုရထား စတင်ထွက်ခွာ ညောင်လေးပင်မြို့၌ ပြည်သူများအား အခမဲ့ဆေးဝါးကုသ

ရန်ကုန် မတ် ၁၆

(၅၉)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဇီဝကနယ်လှည့်ဆေးကုရထား စတင်အသုံးပြုခြင်းအခမ်းအနားကို ယနေ့နံနက်စနာရီတွင် ရန်ကုန်ဘူတာကြီး အမှတ်(၁) စင်္ကြံ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အထူးကုဆေးရုံကြီးကဲ့သို့

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်က အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့် ကျေးလက်ဒေသအောက်ခြေအထိ ပြည်သူလူထုအား ကျန်းမာရေး စောင့်ရှောက်မှုများ ပေးနိုင်ရေးကို ရည်ရွယ်ကာ ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ဇီဝက နယ်လှည့်ဆေးကုရထားတွဲကြီးဖွင့်ပွဲဖြစ်ကြောင်း၊ ထို့ပြင် ယခုအခမ်းအနားကို (၅၉)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျင်းပခြင်း ဖြစ်ကြောင်း၊ အဆိုပါ ရထားတွဲကြီးနှင့်အတူ ရန်ကုန်မြို့ပေါ်ရှိ ဗဟိုအဆင့်ဆေးရုံကြီးများမှ ပါမောက္ခ၊ ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများ ကိုယ်တိုင်လိုက်ပါ၍ ညောင်လေးပင်မြို့နယ်မှ ပြည်သူလူထုအား ကျန်းမာရေး စောင့်ရှောက်မှုများ ပေးရန် ယနေ့ထွက်ခွာသွားခြင်း ဖြစ်ကြောင်း၊ အထူးကုဆရာဝန်ကြီးများအနေဖြင့် အထွေထွေရောဂါဝေဒနာများအပြင် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ အရိုးနှင့်အကြောအဆစ်၊ သွားနှင့် ခံတွင်း၊ ကလေး၊ သားဖွားနှင့်မီးယပ်အထူးကု ပါရဂူကြီးများအပြင် ဓာတ်မှန်၊ ရောဂါဗေဒနှင့်မေ့ဆေးပါရဂူကြီးများပါ ပါဝင်ကြမည်ဖြစ်ပြီး ပါရဂူကြီးများအား အထောက်အကူပြုမည့် ကျွမ်းကျင်ဝန်ထမ်းများ၊ သူနာပြုများပါ စုံစုံလင်လင် ပါဝင်ကြမည်ဖြစ်ကြောင်း ယခုရထားတွဲကြီးသည် အထူးကုဆေးရုံကြီးတစ်ရုံကဲ့သို့ အင်အားအပြည့်အစုံပါဝင်သည်ဟု ဆိုနိုင်ကြောင်း၊ လူနာအားလုံးကိုလည်း အခမဲ့ကုသပေးသွားမည် ဖြစ်ကြောင်း။

ပထမဆုံးအကြိမ်

ဆက်လက်၍လည်း ဇီဝက နယ်လှည့် ဆေးကုရထားသည် အခြားပြည်နယ်နှင့် တိုင်းများသို့ပါ ထွက်ခွာ၍ မြို့ပေါ်သာမက ကျေးလက်နေပြည်သူလူထုများကိုပါ ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကျန်းမာရေးပညာပေးဟောပြောပွဲများလည်း အလျဉ်းသင့်သလို ပြုလုပ်ပေးသွားရန် စီစဉ်ထားရှိကြောင်း၊ မြန်မာနိုင်ငံတွင် ယခုကဲ့သို့ ရထားကြီးဖြင့် ဗဟိုအဆင့်မှ အထူးကုဆရာဝန်ကြီးများ နယ်လှည့်ကွင်းဆင်းကုသမှုပေးခြင်းသည် ပထမဆုံးအကြိမ်ဖြစ်၍ ယခုကဲ့သို့ အောင်အောင် မြင်မြင်အကောင်ထည်ဖော်ဆောင်ရွက်ပေးခဲ့ကြသည့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိဝန်ထမ်းများအားလုံးကို အထူးပင် မှတ်တမ်းတင် ဂုဏ်ပြုပါကြောင်း ပြောကြားသည်။

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တို့သည် ဇီဝက နယ်လှည့်ဆေးကုရထား စတင်အသုံးပြုခြင်းအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဇီဝက နယ်လှည့်ဆေးကု ရထားပေါ်သို့ တက်ရောက်၍ မျက်စိ၊နား၊နှာခေါင်း၊ လည်ချောင်းကုသခန်း၊ မျက်စိစမ်းသပ်ခန်း၊ သွားနှင့် ခံတွင်းကုသခန်း၊ ဓာတ်မှန်ခန်း၊ဓာတ်မှန်ပစ္စည်း သိုလှောင်ခန်း၊ တယ်လီဗေးရှင်းဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်းနှင့် လူနာစမ်းသပ်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ညောင်လေးပင်မြို့သို့

ထို့နောက် ဇီဝကနယ်လှည့်ဆေးကုရထားသည် နံနက် ၈နာရီခွဲတွင် ရန်ကုန်ဘူတာကြီးမှ ညောင်လေးပင်မြို့သို့ စတင်ထွက်ခွာသွားရာ အဆိုပါ နယ်လှည့် ဆေးကုရထားနှင့်အတူ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ရန်ကုန်မြို့ပေါ်ရှိ ဗဟိုအဆင့်ဆေးရုံကြီးများမှ ပါမောက္ခများ၊ ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါသွားကြသည်။

အဆိုပါ ဇီဝက နယ်လှည့်ဆေးကုရထားသည် မွန်းလွဲ ၁၂နာရီ ၁၅မိနစ်တွင် ညောင်လေးပင် ဘူတာသို့ ဆိုက်ရောက်လာရာ ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မင်း၊ ညောင်လေးပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရဲနိုင်နှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ညောင်လေးပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ညောင်လေးပင်မြို့နယ် ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ ဆရာမများ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ညောင်လေးပင်မြို့ပေါ်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံ ပြည်သူများက ကြိုဆိုကြသည်။

ဆေးဝါးကုသ

ဇီဝကနယ်လှည့်ဆေးကုရထားသည် ညောင်လေးပင်ဘူတာတွင် ရပ်နားပြီး မွန်းတည့် ၁၂နာရီခွဲမှ စတင်ပြီး ညောင်လေးပင်မြို့ရှိ ဒေသခံပြည်သူများအားရထားပေါ်ပါအထူးကုဆရာဝန်ကြီးများက ရထားပေါ်ရှိ ဆေးကုသခန်းများ၌ လူနာများအား စတင်စမ်းသပ်ဆေးဝါးကုသမှုဆောင်ရွက်ပေးကြသည်။ ညောင်လေးပင်ဒေသရှိ လူနာများအားဆေးဝါးကုသမှုကို မတ် ၁၇ရက် ညနေပိုင်းအထိ ဆောင်ရွက်ပေးမည်ဖြစ်သည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

(၅၉)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဇီဝကနယ်လှည့်ဆေးကုရထား စတင်အသုံးပြုခြင်း အခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဝန်ကြီးများ ရထားပေါ်ရှိ ဆေးကုသခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၂။ နိုင်ငံတော် တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး။

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

ကွန်ပျူတာ သင်တန်းဆင်း အောင်လက်မှတ် ပေးအပ်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၆

SSI Computer သင်တန်းမှ သင်တန်းဆင်းအောင်လက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို မတ် ၁၃ ရက် နံနက် ၉နာရီတွင် လှိုင်မြို့နယ် MICT Park၌ ကျင်းပသည်။

ရှေးဦးစွာ SSI KCL Division မှ IT မန်နေဂျာ မစ္စတာ ဆိုင်းလေ့ရှ်ရှာ့ရှ်က အဖွင့်အမှာစကား ပြောကြားပြီး e. National Task Force မှ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်၊ အိန္ဒိယသံရုံးမှ ကောင်စစ်ဝန် မစ္စတာရာဂျင်ဒါနတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် SSI မှ ကျောင်းသား ကိုသုတအောင်က "မျက်မှောက်ခေတ် IT နည်းပညာနှင့် အလုပ်အကိုင်အခွင့်အလမ်းများ" ခေါင်းစဉ်ဖြင့် ဟောပြောသည်။

ဆက်လက်၍ တာဝန်ရှိသူများက သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ရာတွင် Microsoft Office ၁၇၇ ဦး၊ Java @SSI ၇၄ ဦး၊ Impact ၁၇ ဦး၊ UCC ၅၄ ဦး၊ E2Com ၃၉ ဦးနှင့် Oracle ၃၄ ဦးတို့ ဖြစ်သည်။ (သတင်းစဉ်)

(၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုတင်းနစ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၆

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ Myanmar CP Co.,Ltd ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပမည့် Myanmar CP Inter Club Tennis Tournament တင်းနစ်ပြိုင်ပွဲကို မတ် ၂၇ရက်မှ ဧပြီ ၂ရက်အထိ သိမ်ဖြူတင်းနစ်အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲအမျိုးအစားများမှာ (က)အဆင့် အသင်းလိုက်ပြိုင်ပွဲများတွင် လက်ရွေးစင်များနှင့် ပြည်နယ်နှင့်တိုင်းအဆင့် အားကစားသမားများသာပါဝင်ရန်၊ (ခ)အဆင့် အသင်းလိုက်ပြိုင်ပွဲတွင် ပြည်နယ်နှင့် တိုင်း အဆင့်မဟုတ်သူများ၊ အသက်(၄၅)နှစ်အထက် ပြည်နယ်နှင့် တိုင်း လက်ရွေးစင်ဟောင်းများ တစ်သင်းလျှင် တစ်ဦးသာပါဝင်ခွင့်ရှိသည်။ အသက်(၅၀)နှစ်အထက် အမျိုးသား လက်ရွေးစင်ဟောင်းများနှင့် ပြည်နယ်နှင့် တိုင်း လက်ရွေးစင်ဟောင်းများ တစ်သင်းလျှင် အားကစားသမားဦးရေ ကန့်သတ်ချက်မရှိ ပါဝင်ခွင့်ရှိကြောင်းနှင့် အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတို့ဖြစ်သည်။

ပြိုင်ပွဲပါဝင်ယှဉ်ပြိုင်လိုသူများသည် မတ် ၂၄ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဖုန်း-၃၇၂၃၆၀၊ ၃၈၁၉၉၁၊ Fax.၃၈၁၉၉၂တို့နှင့် ဆက်သွယ်စုံစမ်းနိုင်သည်။ (သတင်းစဉ်)

Myanmar CP Co., Ltd.

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့်

Myanmar CP, Inter Club Tennis Tournament

၂၇-၃-၂၀၀၄မှ ၂-၄-၂၀၀၄ထိ သိမ်ဖြူတင်းနစ်ကွင်း

တပ်မတော်အရိုးကုဆေးရုံကြီး (ခုတင်-၅၀၀)သို့ စင်ကာပူနိုင်ငံဆရာတော် ဦးစန္ဒဝံသက ဆေးရုံသုံးပစ္စည်းများလှူဒါန်းရာ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးသန်းအောင် လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည် ပေးအပ်စဉ်။ (ထ-ပ-ဆ)

တပ်မတော်အရိုးကုဆေးရုံကြီး (ခုတင်-၅၀၀)သို့ ဆေးရုံသုံးပစ္စည်းများလှူဒါန်းပွဲ ကျင်းပ

ရန်ကုန် မတ် ၁၆

တပ်မတော် အရိုးကုဆေးရုံကြီး (ခုတင်-၅၀၀)သို့ စင်ကာပူနိုင်ငံမှ ဆရာတော် ဦးစန္ဒဝံသက ဆေးရုံသုံးပစ္စည်းများ လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက်၉နာရီတွင် အဆိုပါ ဆေးရုံကြီးရှိ အုပ်ချုပ်မှုအစည်းအဝေးခန်းမ၌ ကျင်းပရာ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး သန်းအောင်၊ တပ်မတော်အရိုးကုဆေးရုံကြီး (ခုတင်-၅၀၀)တပ်မှူး ဒုတိယ ဗိုလ်မှူးကြီးထွန်းထွန်း၊ မှတ်ပုံတင် အရာရှိနှင့် အရိုးရောဂါအထူးကုပါရဂူများ၊ ဆရာဝန်များ၊ ဆေးမှူးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စင်ကာပူနိုင်ငံမှ ဆရာတော် ဦးစန္ဒဝံသက လှူဒါန်းရခြင်း အကြောင်းမိန့်ကြားပြီး ဆေးရုံသုံး ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးသန်းအောင်က လက်ခံယူ၍ ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ (သတင်းစဉ်)

ကျောက်စိမ်းအတွဲများ တင်ဒါစနစ်ဖြင့်စတင်ရောင်းချ ယူရိုငွေ ၂ သန်းကျော်ဖိုး အတွဲ ၁၆၀ ရောင်းချရ

ရန်ကုန် မတ် ၁၆

၂၀၀၄ခုနှစ် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပရေးဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ယနေ့ညနေ ၃နာရီ ၄၅မိနစ်တွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပသော (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ လာရောက်ကြည့်ရှုအားပေးရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမြင့်သိန်း၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဦးနှင့် ဗဟိုကော်မတီဝင်များက ကြိုဆိုကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် မြန်မာ့ကျောက်မျက်ရတနာခန်းမ မြေညီထပ်ရှိ ပုဂ္ဂလိက ကျောက်မျက်ရတနာ အရောင်းဆိုင်များအား လှည့်လည်ကြည့်ရှုပြီး ပြည်ပရတနာကုန်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် မြန်မာ့ကျောက်မျက်ရတနာ ဈေးပြိုင်ခန်းမ၌ ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် စတင်ရောင်းချနေမှုကို ကြည့်ရှုအားပေးပြီး ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

၂၀၀၄ခုနှစ် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ ယနေ့နံနက်၉နာရီတွင် ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် စတင်ရောင်းချရာ ညနေ ၅နာရီအထိ ကျောက်စိမ်းအတွဲ ၁၆၀ ကို တန်ဖိုး ယူရိုငွေ ၂၁၅၉၈၈၇ဖြင့် ရောင်းချနိုင်ခဲ့သည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပမှ ရတနာကုန်သည်၆၀၁ဦးနှင့် ပြည်တွင်းမှ ရတနာကုန်သည် ၄၆၁ဦး စုစုပေါင်း ရတနာကုန်သည် ၁၀၆၂ဦးတို့ တက်ရောက်၍ အပြိုင်အဆိုင်ဝယ်ယူကြသည်။ ကျောက်စိမ်းအတွဲများကို ညပိုင်းအထိ ဆက်လက်ရောင်းချလျက်ရှိသည်။

မတ် ၁၇ရက်နှင့် ၁၈ရက်တို့တွင် ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်နှင့် ဈေးပြိုင်စနစ်တို့ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ဆီအုန်းမြေသြဇာ ဆွေးနွေးပွဲကျင်းပ

ရန်ကုန် မတ် ၁၆

ဆီအုန်းစိုက်ပျိုးဖြစ်ထွန်းစေမည့် Hi-Kay Plus မြေသြဇာအကြောင်း ဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီက ကုန်သည်ကြီးများဟိုတယ်၌ ပြုလုပ်ရာ Pengerdar Bahan Pertanian Sdn Bhd မှ မန်နေဂျင်းဒါရိုက်တာ မစ္စတာပီတာဗီက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြား၍ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး Dato Cheah San Kip က အမှာစကား ပြောကြားသည်။

ထို့နောက် Pengerdar Bahan Pertanian Sdn Bhd (PBP)(Kouk Group,Malaysia) မှ မစ္စတာဒေးဗစ်လီက Hi-Kay Plus မြေသြဇာ အသုံးပြုခြင်းဖြင့် ဆီအုန်းနှင့်အခြားသီးနှံများ အထွက်တိုး၍ အကျိုးအမြတ်ရရှိနိုင်ကြောင်း ဆွေးနွေးတင်ပြရာ မြန်မာနိုင်ငံမှ စိုက်ပျိုးရေးပညာရှင်များက ဆွေးနွေးမေးမြန်းကြကြောင်းသိရသည်။ (က-ပ)

သထုံမြို့နယ်
ကျိုက်ထွက်အခြေခံပညာအထက်တန်းကျောင်း
မြတ်ဆရာပူဇော်ပွဲနှင့်ရွှေရတုဂုဏ်ပြုပွဲ
ဖိတ်ကြားလွှာ

မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ကျိုက်ထွက်အခြေခံပညာအထက်တန်းကျောင်း၏ မြတ်ဆရာပူဇော်ပွဲနှင့် ရွှေရတုဂုဏ်ပြုပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မပျက်မကွက်တက်ရောက်ဆင်နွှဲကြပါရန် နှုတ်ထွေးစွာဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

မြတ်ဆရာပူဇော်ပွဲ	၂၇-၃-၂၀၀၄	နံနက် ၉ နာရီ
မိတ်ဆုံစားပွဲ	၂၇-၃-၂၀၀၄	ည ၇နာရီ
ရွှေရတုဂုဏ်ပြုပွဲ	၂၈-၃-၂၀၀၄	နံနက် ၁၀နာရီ

ကျောင်းသား/ကျောင်းသူဟောင်းများအတွက် (၂၆-၃-၂၀၀၄)ရက်နေ့ ညမီးရထားဖြင့် ရန်ကုန်မြို့မှ လာရောက်နိုင်ရန်စီစဉ်ထားပါသည်။

ဆက်သွယ်ရန်လိပ်စာ-ရန်ကုန်

၁။ ဒေါက်တာတင်မော်ဦး ဖုန်း-၂၂၉၈၅၇ ၂။ ဒေါ်ခင်ဝင်း ဖုန်း-၂၂၅၁၃၉

ကျင်းပရေးကော်မတီ

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

၁။ ရန်ကုန်မြို့နယ်၊ ကမ္ဘာအေးစေတီလမ်း၊ အင်းလျားရိပ်သာရှိ ပိုင်ရှင်အမည်ပေါက် ပေ၆၀ x ပေ၇၀ မြေပေါ်ရှိ ရုံးခန်းဖွင့်ရန် သင့်တော်သည့် နှစ်ထပ်တိုက်၊ အိပ်ခန်း(၄)ခန်း၊ ရေပူ၊ ရေအေးတပ်ဆင်ပြီး ရေချိုးခန်း (၃)ခန်း၊ Air Con(၄)လုံး၊ ပါဝါမီတာ(၁)လုံး၊ အိမ်သုံးမီတာ(၂)လုံး၊ ၁၀၀ဖို့နှင့် ၂၂၀ဖို့ လျှပ်စစ်ကြိုးလိုင်းသီးသန့်၊ ဖုန်း(၁)လုံး၊ ကား(၃)စီးဆံ့ ကားရုံ၊

၂။ လမ်းမတော်(၈)လမ်း၊ ၄လွှာ၊ ပေ ၁၂½x ပေ၅၀ တိုက်ခန်း၊ ရေ၊ မီးရှိ။

ဆက်သွယ်ရန်ဖုန်း - ၇၀၃၃၂၉၊ ၆၆၂၅၇၄။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ကျပ်ငွေဖြင့်သာခန့်ထားရန်)

၁။ Sales & Marketing Manager ကျား (၁)ဦး
ဘွဲ့ရအရောင်းနှင့်ဈေးကွက်အတွေ့အကြုံအနည်းဆုံး (၃)နှစ်၊
အသက်(၃၅)နှစ်အောက်၊အချိန်မရွေးနယ်ခရီးသွားနိုင်သူဖြစ်ရမည်။
၂။ Sales Promoter ကျား (၃)ဦး
ဘွဲ့ရ၊အသက်(၃၀)နှစ်အောက် (Marketing)လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။
၃။ Driver ကျား (၃)ဦး
ယာဉ်မောင်းလိုင်စင်သက်တမ်းအနည်းဆုံး (၃)နှစ်ရှိရမည်။
ရန်ကုန်မြို့၌ ကျွမ်းကျင်စွာမောင်းနိုင်ရမည်။
၄။ စိမံခန့်ခွဲရေးဝန်ထမ်း ကျား (၁)ဦး
အသက်(၄၀)နှစ်မှ(၄၅)နှစ်အတွင်း လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။

စိတ်ပါဝင်စားသူတို့သည် ဓာတ်ပုံ(၂)ပုံ၊ ကိုယ်ရေးရာဇဝင်၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ သက်ဆိုင်ရာရပ်ကွက်၊ ရဲစခန်းထောက်ခံစာနှင့်အတူ မှတ်ပုံတင်မိတ္တူတွဲ၍ အောက်ပါလိပ်စာသို့ ကြော်ငြာပါသည့်နေ့မှ တစ်ပတ်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။

အမှတ် ၁၉၄၇၊ ရန်ကုန်-ပုသိမ်လမ်းမကြီးနှင့် ဗိုလ်ချုပ်လမ်းထောင့်၊ (၅)ရပ်ကွက်၊ စက်မှုဇုန် လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

သားကောင်းတမန် နှစ်ပတ်လည် မဂ္ဂဇင်း ထုတ်ဝေ

ရန်ကုန် မတ် ၁၆

နိုင်ငံခြားရေးဝန်ကြီးဌာန၏ နှစ်ပတ်လည် အခါသမယဖြစ်သော မတ် ၁၇ ရက်တွင် သားကောင်းတမန် မဂ္ဂဇင်း ၂၀၀၄ခုနှစ်ထုတ် မိဘပြည်သူတို့၏ မျက်မှောက်သို့ရောက်ရှိ၍ လာပြန်ပါပြီဖြစ်သည်။ နိုင်ငံခြားရေးဝန်ထမ်းများသည် နိုင်ငံတာဝန်ကို စွမ်းဆောင်ကြိုးပမ်းနေကြသကဲ့သို့ စာပေတာဝန်တစ်ရပ်အဖြစ် သားကောင်းတမန် မဂ္ဂဇင်းကို ဆဋ္ဌမအကြိမ် ထုတ်ဝေခြင်းဖြစ်သည်။

နှစ်ပတ်လည်မဂ္ဂဇင်းတွင် ကဗျာကဏ္ဍ၌ ကို(တက္ကသိုလ်)၊ တက္ကသိုလ်မင်းဇော်၊ မြင်းမူမောင်နိုင်မိုး၊ မောင်ချမ်းအေး(မဲခေါင်တစ်နေရာ) အစရှိသော ကဗျာရှင်များ၏ လက်ရာများ၊ စာပေရတနာများကဏ္ဍ၌ မောင်မြိမ်(သာဂရ)၊ စည်သူငြိမ်းအေး၊ သူရဦးအောင်ထက် အစရှိသော ပုဂ္ဂိုလ်များ၏ လက်ရာများ၊ ဆောင်းပါးကဏ္ဍ၌ ဒေါက်တာခင်မောင်ဝင်း၊ ဒေါက်တာကျော်စိန်၊ ဒေါက်တာခင်အေး၊ ဒေါက်တာကျော်ဝင်း အစရှိသော တက္ကသိုလ်လောကမှ လက်ရာမွန်များ၊ ရပ်ဝေးမြေခြား အောက်မေ့ဖွယ်ရာများကဏ္ဍ၌ လူထုနီ(ကွဲတေး)၊ သောင်းဦး၊ အေးကျော်လွင်(အာဆီယံ)၊ ရဲကျော်ဟိန်း၊ ကောင်းချစ်ဦး အစရှိသော သံတမန် လောကမှလက်ရာမွန်များ၊ ကာတွန်းကဏ္ဍ၌ ကာတွန်းမောင်မောင်၊ ကာတွန်းပိုး၊ ဆွေမင်း(နေဖြူ)၊ ကာတွန်းသန့်စင်တို့၏ လက်ရာကောင်းလက်ရာမွန်များ သာမက သံတမန်လောကမှ မျိုးဆက်သစ် ကာတွန်းရှင်များ ဖြစ်ကြသော ဝင်းဇော်၊ စိုင်းမွန်နောင်၊ မင်းသူလတ်၊ဇော်တို့၏ လက်ရာများကိုပါ ရှုမြင်ခွင့်ရရှိမည်ဖြစ်သည်။

သံကြီးတမန်ကြီးတို့၏ လေးစားအားကျဖွယ် အတွေ့အကြုံကို လေ့လာလိုလှျင်ဖြစ်စေ၊ သံတမန် လေ့ထုံးတမ်းစဉ်လာများကို စနစ်တကျဖတ်ရှုလိုလှျင်ဖြစ်စေ၊ သံတမန်လောကသို့ ခြေချရန်ရည်ရွယ်ရင်း ရှိလှျင်ဖြစ်စေ၊ သားကောင်းတမန် မဂ္ဂဇင်း ၂၀၀၄ခုနှစ်ကို ကျပ်တစ်ထောင်နှုန်းဖြင့် ဝယ်ယူအားပေးနိုင်သည်။ (သတင်းစဉ်)

ပထမအကြိမ် အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၁၆

မအူပင်စက်မှုလက်မှုသိပ္ပံ(လျှပ်စစ်စွမ်းအား) ကျောင်းသူ ကျောင်းသားဟောင်းများ (၁၉၉၄-၂၀၀၀)၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ၆ပြီရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် တာမွေမြို့နယ် နတ်ချောင်းရှိ မဟာသန္တိသုခကျောင်း၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသူ၊ ကျောင်းသားဟောင်းများ အားလုံးတက်ရောက်ကြပါရန်နှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုသူများသည် ကိုအောင်ဇော် ဖုန်း-၅၉၃၃၉၁၊ ကိုနေလင်းအောင် ဖုန်း-၂၀၀၉၂၆နှင့် မသန္တာထွန်း ဖုန်း-၅၇၆၃၃၁၀၉၅၀၂၂၇၉၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပဲသီးစစ်စစ်၊ နှမ်းဆီစစ်စစ် စားလိုသူများ ....

ရန်ကုန်ပဲဆီ ရန်ကုန်နှမ်းဆီ

09-5003646,

☎: 382323, 382337, 251230, 681310, 663317, 660283, 02 - 80227

ဆရာမွေး အင်္ဂလိပ်စာသင်တန်း

သင်္ချာနှင့်အရေးအသားသင်တန်း

ဒေါ်တင်မြင့် B.A(Eng) ဦးစီးသော

SUPER A ONE အင်္ဂလိပ်စကားပြော

ဖုန်း - 511231

ချစ်သမီးကြီး "ဇာ"

ဖေဖေ မေမေ မောင်လေး ညီမလေးနှင့်ဆွေမျိုးအားလုံးစိတ်ပူပန်နေကြပါသည်။
သမီးမှာအပြစ်မရှိပါ။
အိမ်ကိုအမြန်ဆုံးအဆက်အသွယ်လုပ်ပေးပါ။

ချစ်တဲ့ ဖေဖေ မေမေ

ဇော်ဝမ်း ရန်အောင်

မဟူရာ

နှစ်သစ်ကိုကြိုဆိုခြင်း

18. 3. 2004 မှ 12. 4. 2004 ရက်နေ့အထိ

1000/-

သင်္ကြန်အထူးနှိမ့် CD, VCD တစ်ချပ်လှျင်

Job Vacancy (ပြည်တွင်း၌သာခန့်ထားရန်)

၁။ Graphic Design 3D studio max ကျွမ်းကျင် ၁ ဦး
၂။ Steel ကိုယ်တိုင်လုပ်တတ်၍လုပ်ငန်းကြီးကြပ်နိုင်သူ ၁ ဦး
၃။ A.G.T.I (civil) အသက် (40) နှစ်အထက် ၂ ဦး
၄။ Electrical(A.G.T.I)Electrical power ထက်မှတ်ရရှိပြီး ၁ ဦး
–Electrical Installation & Maintenance
– အတွေ့အကြုံရှိ၍လက်တွေ့ဆောင်ရွက်နိုင်ရမည်။
– အသက် (20) မှ (30) နှစ်အတွင်း
၅။ Marketing Executive ၁ ဦး
– အသက် (20) မှ (30) နှစ်အတွင်း
၆။ ယာဉ်မောင်း

ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း အမှတ်(၄၂)၊ ဈေးတွင်းလမ်း၊ အလုံမြို့နယ်သို့ ကိုယ်ရေးရာဇဝင်အကျဉ်း၊ ပညာအရည်အချင်း၊ အတွေ့အကြုံ၊ အထောက်အထားမိတ္တူ၊ (မှတ်ပုံတင်မိတ္တူ/ Labour ကဒ်)တို့နှင့် အတူ HR Manager အမည်သို့ ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

ကမ်းနားလမ်းမှ ဝင်လှျင်သော်လည်းကောင်း၊ အောက်ကြည့်မြင်တိုင်လမ်းမှ ဝင်လှျင်သော်လည်းကောင်း ဆင်းရဲမှတ်တိုင်တွင် ဆင်းပါ။

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး

မော်လမြိုင် မတ် ၃

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ စည်ပင်သာယာရေးလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဖေဖော်ဝါရီ ၂၅ ရက်က မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေး ခန်းမတွင် ကျင်းပသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ် သူရမြင့်အောင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးလှနှင့် အဖွဲ့ဝင်များ၊ မော်လမြိုင်ခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အောင်၊ မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်လှိုင်နှင့် မွန်ပြည်နယ် ၁၀ မြို့နယ်မှ မြို့နယ်အမှုဆောင်များ၊ အင်ဂျင်နီယာမှူးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

—— ရှင်းလင်းတင်ပြ ——

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ်၊ ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးမှုလုပ်ငန်းစဉ်များနှင့် ဆောင်ရွက်ဆဲလုပ်ငန်းစဉ်များကို မြေပုံကားချပ်များနှင့် အသေးစိတ် ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များအပေါ် အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးက မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ် သူရမြင့်အောင်က လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်အကြံပြုပြီး လုပ်ငန်းစဉ်များအားလုံးကို သတ်မှတ်ထားသည့် ရက်ကာလအတွင်း အပြီးသတ် အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။ **(၁၀၇)**

ပြည်မြို့နယ် ပညာရေးနယ်မြေ(၉) နတ်တလင်းအုပ်စု(၂) ၂၀၀၃–၂၀၀၄ ပညာသင်နှစ် မူလတန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ် ချီးမြှင့်ပွဲအခမ်းအနားကို အမက သဖန်းချို၌ မတ် ၁၃ ရက်က ကျင်းပရာ စတုတ္ထတန်းကျောင်းသား၊ ကျောင်းသူများအား အုပ်စုမှူးဆရာကြီးဦးဝင်းအောင်က သင်ယူပြီးမြောက်ခြင်းလက်မှတ် ချီးမြှင့်စဉ်။ (၁၁၇)

ဖြူး မဟာစည်ရိပ်သာ တရားစခန်းဖွင့်မည်

ဖြူး မတ် ၁၂

ဖြူးမြို့ မဟာစည်ရိပ်သာ၌ ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ (သာသနဓဇ ဓမ္မစရိယ)၊ ဓမ္မကထိက ဗဟုဇနဟိတဓရ အရှင်သူမြတ်ဦးစီး၍ မဟာစည် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဝိပဿနာအလုပ်ပေးတရားတော်များကို ဧပြီ ၇ ရက်မှစ၍ ဟောကြား ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ပေးအပ်လှူဒါန်း

ဖေဖော်ဝါရီ ၂၉ ရက်က ဆီဆိုင်မြို့နယ် ဘန်းယဉ်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း ကိုယ့်အားကိုယ်ကိုး တိုးချဲ့ကျောင်းဆောင်သစ် အဆောက်အအုံအတွက် ဘန်းယဉ်တပ်နယ်မှ အလှူငွေကျပ်သုံးသိန်းကို တပ်နယ်မှူး ဗိုလ်မှူးထင်ကျော်ထူးက ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းတင်ကြည်စိုးထံ လွှဲပြောင်းပေးအပ်လှူဒါန်းစဉ်။

(မြို့နယ်ပြန်/ဆက်)

မေးခိုင်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးရေး စီမံချက်ရှင်း

သီပေါ ဖေဖော်ဝါရီ ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကြီးမှူး၍ မေးခိုင် ကာကွယ်ဆေးထိုးစီမံချက်နှင့် ကာကွယ်ဆေးထိုး တိုက်ကျွေးခြင်း (အထူး)စီမံချက် အသိပေးရှင်းလင်းခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက်၁၀နာရီက နောင်အန် ကျေးလက်ကျန်းမာရေးဌာန ဆေးပေးခန်း၌ ကျင်းပသည်။

ဆေးကုသပေး

ရှေးဦးစွာ မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ သီပေါမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးအောင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ငွေငွေရိန်တို့က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ခရိုင်ဆရာဝန်ကြီး ဒေါက်တာဦးလှမြင့်က အသက်(၁၅)နှစ်မှ (၄၅)နှစ်အတွင်း အမျိုးသမီးများ မေးခိုင်ကာကွယ်ဆေးထိုးစီမံချက်နှင့် သုံးနှစ်အောက်ကလေးများအား ကွင်းဆင်းကာကွယ်ဆေးထိုးတိုက်ကျွေးခြင်း (အထူး)စီမံချက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းဆွေးနွေးကာ ကျေးလက်ဒေသရှိ ပြည်သူလူထုများအား ကျန်းမာရေးစစ်ဆေးကုသပေးခဲ့သည်။

(၂၄၇)

ချီးမြှင့်ပေးအပ်

လှိုင်သာယာမြို့နယ် အမှတ်(၃၇) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၃–၂၀၀၄ ပညာသင်နှစ် အခြေခံပညာမူလတန်းအဆင့် ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ် ချီးမြှင့်ပွဲကို မတ် ၂ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နီစိုးက စတုတ္ထတန်း ကျောင်းသား မောင်မင်းနိုင်သူအား ပညာသင်ယူ ပြီးမြောက်ခြင်း လက်မှတ် ချီးမြှင့်ပေးအပ်စဉ်။

(က–ပ)

တောင်ရိုးတန်း ဓမ္မပဋိပတ်ရိပ်သာ တရားစခန်းပွဲ

မော်လမြိုင် မတ် ၁၄

မော်လမြိုင် ရွှေတောင်ရပ်ကွက် တောင်ရိုးတန်း ဓမ္မပဋိပတ်ရိပ်သာကြီးတွင် (၁၆)ကြိမ်မြောက် ခုနစ်ရက် တရားစခန်းပွဲနှင့် စုပေါင်းဒုလ္လဘရဟန်းခံ ရှင်ပြု၊ သီလရှင်ဝတ်ပွဲကို ဧပြီ ၁၁ ရက်မှ ၁၇ ရက်ထိ ကျင်းပမည်ဖြစ်ရာ မွန်ပြည်နယ် ကျောင်းထိုင်သင်တန်း နည်းပြဆရာတော် ဓမ္မပဋိပတ်ရိပ်သာ၏ ဦးစီးပဓာနနာယက ဓမ္မကထိက ဘဒ္ဒန္တပညာဝံသနှင့် မော်လမြိုင်ဓမ္မရက္ခိတ တောင်ဝိုင်းဆရာတော် နယ်လှည့်သာသနာပြု ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ချင်းတွင်းအရှင်ကလျာဏတို့က ဟောကြားမည်ဖြစ်သည်။

ဒုလ္လဘဝတ်လိုသူများသည် ဧပြီ ၉ ရက်နေ့အရောက်၊ စခန်းဝင်လိုသူယောဂီများ ဧပြီ ၁၀ ရက် ညနေ ၃ နာရီအရောက် ရိပ်သာသို့ လာရောက်ကြရန် နှိုးဆော်ထားသည်။ **(က–ပ)**

ကိုယ်ပွားသတင်းစာတိုက်ခွဲ (ကလေး)၌ မီးဘေးကာကွယ်ရေး လက်တွေ့သရုပ်ပြ

ကလေး မတ် ၅

စစ်ကိုင်းတိုင်း ပုံနှိပ်တိုက်ခွဲ(ကိုယ်ပွားသတင်းစာတိုက် ကလေးမြို့)၌ မီးဘေးကာကွယ်ရေး အစီအစဉ်များ ကို မတ် ၈ ရက်က ခရိုင်မီးသတ်ဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

(အပေါ်ပုံ)

ထိုသို့ ဆောင်ရွက်ရာတွင် ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးကျော်လွင်၊ ပုံနှိပ်တိုက် တာဝန်ခံအရာရှိ ဗိုလ်ကြီး အောင်နိုင်လွင်တို့က မီးဘေးကြိုတင်ကာကွယ်ရေးနည်းလမ်းများနှင့်စပ်လျဉ်း၍ ဝန်ထမ်းများအား သိသင့်သည့် အချက်အလက်များကို အသိပညာပေး ရှင်းလင်းပြောကြားသည်။

ဆောင်ရွက်

ထို့နောက် မီးငြိမ်းသတ်ရေး အစီအစဉ်များ လက်တွေ့သရုပ်ပြ လေ့ကျင့်ခြင်းကို ပုံနှိပ်တိုက်ခွဲဝန်ထမ်းများနှင့် ခရိုင်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း ဆောင်ရွက်ခဲ့ကြသည်။ **(က–ပ)**

မြို့နယ်သတင်းများ

အမျိုးသမီးရေးရာအဖွဲ့ ဖွဲ့စည်းပုံအဆင့်ဆင့်ရှင်း အဖွဲ့ဝင်များအတွက် ဝတ်စုံများပေးအပ်

ဂန့်ဂေါ မတ် ၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးရေးရာအဖွဲ့ ဖွဲ့စည်းပုံ အဆင့်ဆင့်နှင့် လုပ်ငန်းအဖွဲ့များ၏ တာဝန်ဝတ္တရားများ ရှင်းလင်းပွဲ၊ အမျိုးသမီးရေးရာဝတ်စုံများ ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ဂန့်ဂေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ရှင်းလင်းပွဲတွင် ဂန့်ဂေါခရိုင် အမျိုးသမီးရေးရာအဖွဲ့ နာယက၊ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှဆွေက အမှာစကားပြောကြားပြီး မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင် ဒေါ်သီတာ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်တင့်၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်အေးကြူ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်လင်းမေတို့က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် အမျိုးသမီးရေးရာအဖွဲ့ ဖွဲ့စည်းပုံအဆင့်ဆင့်နှင့် လုပ်ငန်းအဖွဲ့များ၏ တာဝန်ဝတ္တရားများကို ရှင်းလင်းကြသည်။

ထို့နောက် တိုင်းအမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင်ဒေါ်သီတာက ဂန့်ဂေါမြို့ပေါ် ရပ်ကွက်များရှိ အမျိုးသမီးရေးရာအဖွဲ့ဝင်များအတွက် ဝတ်စုံများကိုပေးအပ်သည်။ **(အပေါ်ပုံ)**

(၄၆၅)

အိုင်အိုဒင်းဆား စားသုံးမှုနှင့် ဆီးတွင်း အိုင်အိုဒင်းပါဝင်မှု ကွင်းဆင်းလေ့လာ

အင်းတော် မတ် ၃

လည်ပင်းကြီးရောဂါ ဖြစ်ပွားမှု အိုင်အိုဒင်းဆား စားသုံးမှုနှင့် ဆီးတွင်း အိုင်အိုဒင်းပါဝင်မှုကို စစ်ကိုင်းတိုင်း ကျန်းမာရေးဦးစီးဌာနမှ ဒေါ်ခင်အေးကြူ (အာဟာရဒါန)သည် ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၁၀နာရီက အင်းတော်မြို့နယ် နန့်ခင့်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းသို့ ကွင်းဆင်းလာရောက်လေ့လာသည်။

ထိုသို့ ကွင်းဆင်းလာရောက် လေ့လာရာတွင် အင်းတော်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ နန့်ခင့်ကျေးရွာဥက္ကဋ္ဌ ဦးရွှေတိုးနှင့် အဖွဲ့ဝင်များ၊ နန့်ခင့်ကျေးရွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြသန်းနှင့် ဆရာမများက ကူညီဆောင်ရွက်ပေးကြသည်။ (၂၃၃)

ခရမ်းမြို့နယ် ဘုရားပျိုကျေးရွာတွင် နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက်က ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ရန်ကုန်တိုင်း တိုင်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးတင်အောင်က နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်စဉ်။ (၈၆)

သထုံမြို့နယ် စည်ပင်နှင့် ပြည်သူ ပူးပေါင်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်

သထုံ ဖေဖော်ဝါရီ ၁၂

သထုံမြို့ အောက်ကျင်းရပ်ကွက် ဗူးဘုရားလမ်းတွင် သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကတ္တရာလမ်းသစ်ဖွင့်ပွဲ ကျင်းပရာ အခမ်းအနားသို့ သထုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သော်ဇင်၊ အတွင်းရေးမှူး ဗိုလ်မှူးသောင်းဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်လွင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးအသင်းဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများတက်ရောက်ကြသည်။

ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးကျော်လွင်နှင့် လမ်းဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးမောင်ငယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါကတ္တရာလမ်းသည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ် ၁၄၂၀၀၀၀ ထည့်ဝင်ပြီး ပြည်သူလူထုက ငွေကျပ် ၁၄၅၀၀၀၀ ထည့်ဝင်ကာ စုစုပေါင်းကျပ် ၂၀၀၀၀၀၀ အကုန်အကျခံကာ ကိုယ့်အားကိုယ်ကိုး ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။

(ခရိုင်ပြန်/ဆက်)

ဒေါက်တာသန့်ဇင်
ကမမောင်းမြို့နယ်ခွဲ၊ ဖာပွန်မြို့အတွက်
မွေးနေ့ဆုတောင်း

မတ်လ ၁၇ရက်နေ့တွင် ကျရောက်သော ခင်ပွန်း၏ မွေးနေ့မှသည် ဇနီး၊ ချစ်သမီးလေးများနှင့်အတူ နောင်နှစ်ပေါင်း(၁၀၀)တိုင် ပျော်ရွှင်သော မွေးနေ့များကို ဖြတ်သန်းနိုင်ပါစေ. . .။

ချစ်ဇနီး- သင်းသင်းမာ(ခ)စုလေးနွယ်
သမီးကြီး- မေစနိုး၊ သမီးငယ် - မေသဲသဲ

ငြိမ်းကြေးဂုဏ် ခရီးသွားလုပ်ငန်း

- ပုဂံ-တောင်ပြို ပုပ္ပါး ရွှေစက်တော် (19-3-04)
- မန္တလေး မုံရွာ ရွှေဘို (11-4-04)
- တောင်ကြီး အင်းလေး ပင်းတယ (12-4-04)
- စစ်တွေ မြောက်ဦး (12-4-04)
- ခရီးစဉ်များအတွက် ကားအမျိုးမျိုး ငှားရမ်းပေးပါသည်။

ဖုန်း- ၃၇၆၃၃၅ ၇၂၅၆၈ ၂၅၃၀၅

လက်ထပ်ပြီးစီးခြင်း

တီးတိန်မြို့၊ စကောလမ်းရပ်ကွက်နေ
ဦးကျင့်ဇတပ်-(ဒေါ်အွန်ခေါ်ညောင်)တို့၏ဒုတိယသား

အော်စကာပေါင်ဇကပ် B.Sc(Physic)

(Director, Penang Porkmee Restaurant, Ten-Tien Fatt, Kaula Lumpur, Malaysia) နှင့်

ကလေးမြို့၊ ပင်လုံ(၈)၊ ရတနာလမ်းနေ
(ဦးဒိမ်းခေါ်ပေါင်)-ဒေါ်နွမ်းခန့်ညဏ်တို့၏သမီးထွေး

မပုန်ခင်းကျိန်(ခ)မိုးစန္ဒာ

B.Sc Physic(2nd Year) Kalay (University)

တို့သည် ၂၈-၂-၂၀၀၄နေ့တွင် လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
အော်စကာပေါင်ဇကပ်-မပုန်ခင်းကျိန်(ခ)မိုးစန္ဒာ။

ကမ္ဘာ့ခရီး
MT&K Tourism Co.,Ltd.

OD Tour

(၃) ငွေ့ဆွဲ - Mar 25,26,April 11,12
(၃) ရွှေစက်တော်နှင့် - Mar 19,26,April 3,11,14
(၄) ရွှေဆီ - Mar 20,25,26,April 1,11,12
(၅) - Mar 25,26,April 1,11,12
(၇) - April 11
OD Style
No.32

Yan Aung

MYANMAR RYOKO

SoftGuide Computer for Students Children Kids

☎382180, 382195, 098023762, 095019864

☎ 229599
☎ 527388
☎ 229877
☎ 053-24269
☎ 082-23356
☎ 043-23524

Internet & Email
digital camera, scanner, printer

SoftGuide Computer

အမြန်ငှားမည်

25'x35'(၃)လွှာ 2BR;Ph;
1300sqft(၄)လွှာ 1MBR;2BR;Ph;
95'x100' Ph;6A/C;
55'x120' 40'x80'(R.C); Ph;
221184,211642,09-99-27497

ကမ်းသာယာ RESORT

ရွှေဝယ်ရင်
တိတ်စိန်ရွှေဆိုင်

---

၁၁၁ ပါပါဝင်း
စိန်ရွှေရတနာဆိုင်

ဒုံးပျံ တံဆိပ်
ပွဲညက် နှင့် အင်တွဲမှုန့်

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လျှောက်ထားသူ အမည်	မှတ်ပုံတင်	လိပ်စာ	လျှောက်ထားသည့် မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လျှောက်ထားသည့်အကြောင်းအရာ
၁။	ဒေါ်ကြည်လေး	၁၂/ကမတ(နိုင်)၀၃၇၃၃၅	၁၇၃၊ ဗိုလ်ချုပ်လမ်း ၁/၁၁-ရပ်ကွက်လှိုင်သာယာ	လှိုင်သာယာ	သကမ-၁၅	၁၅၅၂(က)	ဦးမြင့်ထွန်း	ဂရန်သစ်
၂။	မမြင့်မြင့်အေး	၁၂/အစန(နိုင်)၀၇၈၁၀၅	၁၅၇(က)၊ သခင်မြလမ်း	လှိုင်သာယာ	သကမ-၁၆	၁၉(ခ)	ဦးမြင့်သိန်း	ဂရန်သစ်
၃။	ဒေါ်စိုးမြင့်+၁	၁၂/မဂတ(နိုင်)၀၂၅၆၃	၁၃၃(A)သိမ်ဖြူမီးရထားဝင်းမင်္ဂလာတောင်ညွန့်	လှိုင်သာယာ	သကမ-၈	၇၂(က)	ဦးဂျာဘား	ဂရန်သစ်
၄။	ဦးသောင်းထိုက်	MMO ၂၀၇၇၈	၄/၁၆အောင်မွေနိုင်သာလမ်း၁၂-ရပ်ကွက်လှိုင်	လှိုင်	၂၀	၄	Y.C.D.C	ဂရန်သစ်
၅။	ဦးမြင့်သိန်းကျော်	AG ၂၃၀၀၀၆	၄/၁၇အောင်မွေနိုင်သာလမ်း၁၂-ရပ်ကွက်လှိုင်	လှိုင်	၂၀	၄	Y.C.D.C	ဂရန်သစ်
၆။	ဒေါ်ငွေမြ	၁၂/တမန(နိုင်)၀၃၆၆၁၂	၈၉/က၊ ဆရာစံလမ်း ၁၈-ရပ်ကွက်	လှိုင်သာယာ	သကမ-၁၆	၈၉/က	ဦးထွန်းရွှေ	ဂရန်သစ်
၇။	ဦးတင်ဝင်း	၈/နမန(နိုင်)၁၃၁၀၇၆	၆၅ ပြည်တော်သာ(၃)လမ်း(၁၃)ရပ်ကွက်လှိုင်	ရွှေပြည်သာ	ထ/၄၃	၂၀၆၀(က+ခ)	ဦးသန်းရွှေ+၁	ဂရန်သစ်
၈။	ဒေါ်တင်လှိုင်	၁၂/ဥကမ(နိုင်)၁၄၆၄၅၂	၁၀၆၅ သုမင်္ဂလာလမ်း(၆)ရပ်ကွက်တ/ဥက္ကလာပ	တ/ဥက္ကလာပ	၆	၁၀၆၅/ခ	ဦးမောင်မောင်လင်း	မြေပုံကူး
၉။	ဦးထွန်းမင်းကို	၇/ညလပ(နိုင်)၀၉၂၃၃၃	၆၁၁၅/ဓာနည်ဂ ၂၀လမ်း-ရပ်ကွက်တ/ဥက္ကလာပ	တ/ဥက္ကလာပ	၉	၆၁၁၅/ခ	ဦးအောင်ကြိုင်	အမည်ပြောင်း
၁၀။	ဒေါ်မြင့်မြင့်အေး	၁၂/စတတ(နိုင်)၀၃၁၈၇၃	၉၅(B)မော်ကူလမ်း(၁၁)ရပ်ကွက်၊ လှိုင်	လှိုင်	၃၁-၃၂	၇/က၊၁/ယ	ဒေါ်သင်	အမည်ပြောင်း
၁၁။	ဒေါ်မေသင်ဦး+၁	၁၂/တမန(နိုင်)၀၃၃၁၀၂	၃၇၊ ဇယ်ဂီလမ်း	တာမွေ	၃A	V ၁၇၇	ဦးသွန်	မြေပုံကူး
၁၂။	ဦးကောယင်းလွ	K.P.W ၁၃၇၈၆၃	၇/က/၃၄၇(ခ) မြင်စိုင်းယမ်းမြို့(၃)လမ်း	ရွှေပြည်သာ	၇	၃၄၇(ခ)	ဦးမြင်	ဂရန်သစ်
၁၃။	ဦးဝင်းကိုနိုး	၁၂/အစန(နိုင်)၀၃၅၄၂၅	၂၉၉/က၊၅-လမ်းမြို့သစ်က+ခရပ်ကွက်အင်းစိန်	ရွှေပြည်သာ	၃၆	၁၇၃	ဦးတင်လှ	ဂရန်သစ်
၁၄။	ဦးမြင့်အောင်	၁၄/ကကထန(နိုင်)၀၃၁၉၇၁	၇၂ မွေသုအမေပြင်လမ်း	လှိုင်သာယာ	၃/၇	၉၆	ဦးတင်ရွှေ	ဂရန်သစ်
၁၅။	ဒေါ်စိုးတင့်	၁၂/အစန(နိုင်)၀၃၁၉၃၇	၅၁၈/ကအေအေရာလမ်းနှင့်သာကန်ရပ်ကွက်အင်းစိန်	အင်းစိန်	၇/၁၆	၁၃/၁၁ ၊ ၉-B	ဦးဘဦး	အမည်ပြောင်း
၁၆။	ဦးကျော်ကျော်	၁၀/သထန(နိုင်)၀၈၄၅၂၀	၉/၁/၇၇(ခ)စိန်စီကတ်ရောင်လမ်းရွှေပြည်သာ	ရွှေပြည်သာ	၉/၁	၇၇(ခ)	ဦးမောင်ဟုစိန်	ဂရန်သစ်
၁၇။	ဒေါ်စင်စင်ပိုင်(ခ)ဒေါ်မေဖြူ	၁၂/ကတတ(နိုင်)၀၂၅၀၇၅	[illegible]	အင်းစိန်	၁၅၅(ပိုနိုကုန်း)	၁၆၀	ကိုချိုကျော်(သေ)မယုကြီး	၃(ခ)
၁၈။	ဒေါ်ကတ္တာခိုင်စော်ဦး+၁	၁၂/လမန(နိုင်)၀၀၀၆၈၉	၄/၆အောင်မွေနိုင်သာလမ်း၁၂ ရပ်ကွက်လှိုင်	လှိုင်	၂၀	၄	Y.C.D.C	ဂရန်သစ်
၁၉။	ဒေါ်မြစိုးရွှေ(ဘီးလစ်)	၁၂/ဥကမ(နိုင်)၀၃၅၆၁၄	၁၆၊ မော်ကူလမ်း (၁၀)ရပ်ကွက်၊ လှိုင်	လှိုင်	၃၀	၇/၄၂	ဦးစိုး	မြေပုံကူး
၂၀။	ဒေါ်မြ	၁၂/အစန(နိုင်)၀၂၆၃၃၆	၁၄၈/Z၊ (၅)ရပ်ကွက်အေးဝေမြေလမ်း	မရမ်းကုန်း	၄၃	၁၃/၁၁၁၅နှုန်း၁၃၈၂(ထန်)	ဒေါ်မြင့်မြင့်သန်း	အမည်ပြောင်း

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမြန်ဆုံးဆက်သွယ်ပေးပါ

မောင်လားရာရှိလောမ်သည် ၇-၃-၂၀၀၄နေ့တွင် နေအိမ်မှ ထွက်သွားပါသဖြင့် တွေ့ရှိသူ (သို့) လက်ခံသူမှ အမြန်ဆုံးအကြောင်း ကြားပေးပါရန်။

ဆက်သွယ်ရန်လိပ်စာ-
အမှတ်(၁၁၆)၊ 3R, ၃၇လမ်း၊
အမှတ်(၅)၊
ကျောက်တံတားမြို့နယ်၊
ဖုန်း-၂၄၈၉၂၁၊
၀၉ ၅၀၀ ၉၃၇၀။

ဦးဝမ်စိန်
အသက်(၈၃)နှစ်

ကြည့်မြင်တိုင်မြို့နယ်၊ စလင်းကျောင်းတိုက်၊ ဓာတ်မီးပူဇော်ရေးအဖွဲ့၊ စာရင်းစစ် ဦးဝမ်စိန်သည် ၁၃-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ တက်သစ်သံဖြူစုကျောင်းတွင် မီးသဂြိုဟ်ပြီးစီးပါကြောင်း အသင်းသားများ သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဦးစီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ရန်ကုန်နည်းပညာတက္ကသိုလ်
(၃၇)ကြိမ်မြောက် ရန်ကုန်နည်းပညာတက္ကသိုလ်
ဘွဲ့နှင်းသဘင်လျှောက်လွှာများ ခေါ်ယူခြင်း

(၂၀၀၃)ပညာသင်နှစ်အတွက် ၂၀၀၃ခုနှစ် အောက်တိုဘာလအတွင်းက ရန်ကုန် နည်းပညာတက္ကသိုလ်နှင့် ပြည်နည်းပညာတက္ကသိုလ်တို့တွင် ကျင်းပခဲ့သော အင်ဂျင်နီယာနှင့်ဗိသုကာဘွဲ့ရစာမေးပွဲအောင်မြင်သူများ၊ ဘွဲ့လွန်ဒီပလိုမာသင်တန်းများ၊ မဟာဒဿနတန်းများ၊ မဟာဘွဲ့တန်းများမှ ဘွဲ့ရရှိသူများနှင့် ပါရဂူဘွဲ့ရရှိသူများအတွက် ဘွဲ့နှင်းသဘင်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပါမည်။

ကျင်းပမည့်နေ့ရက် – ၂၉–၄–၂၀၀၄(ကြာသပတေးနေ့)
ကျင်းပမည့်နေရာ – ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ
ကျင်းပမည့်အချိန် – နံနက် (၉)နာရီမှ မွန်းလွဲ (၁)နာရီ
ဘွဲ့နှင်းသဘင်ကြေး – ကျပ် ၁၅၀၀/– (ကျပ်တစ်ထောင့်ငါးရာတိတိ) လျှောက်လွှာနှင့်အတူ ပေးသွင်းရန်
အဝေးရောက်ဘွဲ့ကြေး – ကျပ် ၁၀၀၀/– (ကျပ်တစ်ထောင်တိတိ)
အစမ်းလေ့ကျင့်ရက် – ၂၈–၄–၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက်(၉)နာရီမှ မွန်းလွဲ(၁)နာရီ
လျှောက်လွှာလက်ခံမည့်ရက် –(၁၅–၃–၂၀၀၄ရက်နေ့မှ ၂–၄–၂၀၀၄ရက်နေ့)အထိ (သတ်မှတ်လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။)
မှတ်ချက် = အသေးစိတ်အချက်အလက်များ စုံစမ်းသိရှိလိုပါက ရန်ကုန်နည်းပညာတက္ကသိုလ် ကျောင်းသားရေးရာဌာနတွင် စုံစမ်းနိုင်ပါသည်။



အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏အမှုသည် ဦးစိုးသန်း အိမ်အမှတ်(၃၀)၊ ဘုရင့်နောင်လမ်း၊ အောင်သာယာရပ်ကွက်၊ သံဖြူဇရပ်မြို့နယ်၊ မွန်ပြည်နယ်တွင်နေသူ မှတ်ပုံတင်အမှတ်[၁၀/သဖရ(နိုင်)၀၀၁၈၉၀]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးစိုးသန်း အိမ်အမှတ်(၃၀)၊ ဘုရင့်နောင်လမ်း၊ အောင်သာယာရပ်ကွက်၊ သံဖြူဇရပ်မြို့နေသူနှင့် ဒေါ်ချိုချိုအေးတို့သည် လွန်ခဲ့သော (၂၅)နှစ်ခန့်မှစ၍ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အညီ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လျက်ရှိပြီး သားသမီး(၃)ဦး ထွန်းကားခဲ့ပါသည်။ ဦးစိုးသန်း၏ ဇနီးဖြစ်သူ ဒေါ်ချိုချိုအေးသည် ၂၆–၁–၂၀၀၄နေ့မှစ၍ မိမိ၏သဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပြီး ရွှေ၊ ငွေ စုစုပေါင်း ကာလတန်ဖိုး (၉၅)သိန်းခန့်ကို ကျွန်ုပ်၏အမှုသည် ဦးစိုးသန်းမသိအောင် ဒေါ်ချိုချိုအေးမှ ယူဆောင်သွားပါသဖြင့် ဒေါ်ချိုချိုအေးအား ဖြားယောင်းသွေးဆောင် လုည့်ဖြားလက်ခံထားသူများအား ဥပဒေအရ ထိရောက်စွာ တရားစွဲဆို အရေးယူသွားမည်ဖြစ်ပါကြောင်းနှင့် ဤကြေညာသည့်နေ့မှစ၍ ဒေါ်ချိုချိုအေးနှင့် ပတ်သက်သော လူမှုရေး၊ စီးပွားရေး အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာတို့သည် ဒေါ်ချိုချိုအေးနှင့်သာ သက်ဆိုင်ပတ်သက်ပါကြောင်း။ ဦးစိုးသန်းနှင့် ပတ်သက်ခြင်းမရှိပါ၍ ကျွန်ုပ်၏အမှုသည် ဦးစိုးသန်းမှလည်း တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးစိုးသန်း၏လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်မေမေလွင် (LL.B)
တရားရုံးချုပ်ရှေ့နေ(လိုင်စင်အမှတ်–၃၀၁၀)
တိုက်(၉)၊ အခန်း(၁)၊ ၃၄လမ်း၊ ကျောက်တံတားမြို့နယ်။ ရန်ကုန်မြို့။

NEW MOTION TRAVELS CO., LTD.

❖ ပုဂံ Mar 20,26 ❖ တောင်ကြီး Mar 20,26
❖ ရွှေလီ Mar 20,27 ❖ ရွှေတော် Mar 12,19
Ph : 726 799, 537 024

MIT Education Center

Accounting Software ... Finical Report ... Module ...

No. 112, Pyay Road, Mayangone Township, Yangon.
Phone: 668779, 668259, 650124

မြန်မာ့ရိုးရာ ရယ်စရာပုံပြင်များ (၃)

စာအုပ်အမှတ် (၁)၊ (၂)၊ (၃)
ပေယ်ဦးစောတည်း၊ အဖွဲ့ဝင်တစ်ဦး

မြန်မာပြည်တွင် ပထမဦးဆုံးဖွင့်လှစ်သော အဆင့်တန်းမြင့်
တရုတ်သက်သတ်လွတ်ဟင်းချက်နည်းသင်တန်း

ယနေ့ လောကသိပ္ပံပညာရှင်များ သုတေသနတွေ့ရှိချက်အရ သက်သတ်လွတ်စားခြင်းသည် အနာရောဂါကင်းမဲ့၍ နုပျိုအသက်ရှည်ပါသည်။ တရုတ်သက်သတ်လွတ်ဟင်းချက်နည်း၊ သားတု၊ ငါးတုအပါအဝင် ဟင်းမျိုးစုံကို အခမဲ့သင်ကြားပေးပါမည်။**စုံစမ်းရန်နှင့်စာရင်းသွင်းရန် မွန်းလွဲ ၂နာရီမှ ညနေ ၄နာရီ။**
ဦးဟန်ကြိုင်၊ အမှတ်–၂၅၊ ၂၁လမ်း၊ ရန်ကုန်။

SUNFLOWER GALLERY
နွေပန်းချီသင်တန်းများ
နံနက်၊ ညနေ(မတ်၊ ဧပြီ၊ မေ)
ဦးမောင်မောင်သိမ်း ပုသိမ်၊ ဆရာမ ချောအိသိမ်း
အမှတ်–၇၂၊ အောင်မင်းခေါင်(၁)လမ်း၊ ဝင်ဒါမီယာ၊ ကမာရွတ်မြို့နယ်။
ဖုန်း–၅၃၄၂၇၁ Res: ၆၆၀၃၇၅
Y.M.C.A သင်တန်း(မတ်၊ ဧပြီ၊ မေ)
ဖုန်း–၂၉၄၁၀၉၊ ၂၀၃၀၂၇။

ငှားမည်

ဘုရင့်နောင်ပွဲရုံ(မရမ်းကုန်း)၊ ကမ်းနားလမ်း၊ ခ/၁၃၈၊ အကျယ် (ပေ၄၀ Xပေ၅၀) (၂၀' X၅၀') နှစ်ခန်းတွဲ၊ (၃)ထပ်၊ ရေ၊ မီး၊ ဖုန်း အပြည့်အစုံ။

စုံစမ်းရန်ဖုန်း:– ၅၃၇၂၆၆။

ငှားမည် (229407, 09-500-3979)

(၁) ... 25' x 50' ၂ ...
(၂) ... 25' x 50' 3F ...
(၃) 14 ... 15' x 50 GF + ... ၁၁ ... 25' x 50' ...
(၄) ... 20' x 60' GF ... A/C 5 + ...

စေ့စပ်ကြောင်းလမ်းဖျက်သိမ်းခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ အမှတ်–၂၆၊ လမ်း(၂၀)ပထပ်၊ လသာမြို့နယ်နေ မတင်အေး[၁၂/လသန(နိုင်)၀၀၅၀၈၇]၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

၂၁–၉–၂၀၀၃ရက်နေ့က နှစ်ဖက်လူကြီးများသဘောတူညီချက်အရ ပြုလုပ်ခဲ့သော ကျွန်ုပ်အမှုသည် မတင်အေးနှင့်မောင်မောင်ရှိန်တို့၏ စေ့စပ်ကြောင်းလမ်းခြင်းကိစ္စကို အကြောင်းမညီညွတ်၍ ကျွန်ုပ်အမှုသည်ဘက်မှ ဖျက်သိမ်းပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ=
ဦးမျိုး(ခ)ဦးလှသွင်
တရားရုံးချုပ်ရှေ့နေ
၆၀၊ မဟာဗန္ဓုလပန်းခြံလမ်း၊
(ပ)ထပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ၀၉၉၉၂၁၁၃၃။

ဒေါ်ခင်ဝင်းခိုင် [၁၂/သဃက(နိုင်)၀၁၅၃၄၇]နှင့် အများသိစေရန်

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးတင်ဝင်း[၁၂/သဃက(နိုင်)၀၁၅၃၄၈]နှင့် ဒေါ်ခင်ဝင်းခိုင်တို့သည် ၁၉–၈–၈၉နေ့မှစတင်၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ပါသည်။ ဦးတင်ဝင်းသည် နိုင်ငံခြားသင်္ဘောတွင် တာဝန်ထမ်းစဉ် ဒေါ်ခင်ဝင်းခိုင်မှ အကြွေးများစွာတင်ရှိသဖြင့် မိမိတို့နေထိုင်သည့် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်(၅)ရပ်ကွက်၊ ဗိုလ်ဥာဏလမ်း၊ အမှတ်–၁၈နေအိမ်ကို ပေါင်နှံထားကြောင်း သိရှိရပါသည်။ ဒေါ်ခင်ဝင်းခိုင်သည် အကြွေးများတင်ရှိသဖြင့် ၂–၃–၂၀၀၄ရက်နေ့တွင် ငွေ၊ ရွှေလက်ဝတ်ရတနာများ ယူဆောင်၍ နေအိမ်ပေါ်မှ တိတ်တဆိတ်ဆင်းသွားခဲ့ပါသည်။

ဒေါ်ခင်ဝင်းခိုင်၏ ကြွေးမြီများ ဆင့်ပွားကြွေးမြီများနှင့် ပတ်သက်၍ တစ်စုံတစ်ရာသိရှိခြင်း၊ ပါဝင်ပတ်သက်ခြင်းမရှိသည့်အတွက် ဦးတင်ဝင်းတွင် ယင်းကြွေးမြီများနှင့်ပတ်သက်၍ တာဝန်မရှိပါ။

ယင်းကြွေးမြီများနှင့်ပတ်သက်၍ ဒေါ်ခင်ဝင်းခိုင်နှင့်ဟန်ဆောင်ပြုလုပ်ချုပ်ဆိုထားသော စာချုပ်စာတမ်းများသည်လည်း ဥပဒေအရ တရားမဝင်အတည်ပြုခွင့်မရှိပါကြောင်း ဒေါ်ခင်ဝင်းခိုင်နှင့်အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ– ဦးမင်းရှင် [B.A,R.L(Advocate)]
အမှတ်–၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်း၊ ရန်ကုန်မြို့။ ဖုန်း–၃၇၅၂၉၂။

KMD COMPUTER CENTRE

i~OFFICE သင်တန်း

... Digital Camera, Scanner, USB Drive, CD Writer ... Broadband ...

T ZONE
Your Reliable & Affordable Software Provider

Restaurant System (Package Software)

Sales - Normal Sales, Parcel, Buffet, Credit, Discount, Open stock items, Service items...
Billing - Table Transfer, Print before Paid, Print after Paid, Reprint
Payment - Multi & Mixed Currency/Payment Type
Reports - Various Analysis Reports with customized period
Others - Table Split, Different discount rates, Myanmar/English, Security Control...

*Sales Process + Reservation Process + Kitchen Control Process ... Integrated System ... Customized ...

MYANMAR TECHNOLOGY ZONE COMPANY LIMITED
Sales Centre: 145, Ahsoewuntto Road, Lanmadaw Township, Yangon. Ph: 251158, 228174.
Software Development: Room 1, Building 4, MICT Park. EMail: tzone@myanmar.com.mm

အမြန်အလိုရှိသည်

တနင်္သာရီတိုင်း၊ ယုဇန ဆီအုန်းစိုက်ပျိုးရေး တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများအလိုရှိသည်။

၁။ M.B.B.S (လစာကောင်းမည်) (၅) ဦး
၂။ လက်ထောက်ကျန်းမာရေးမှူး (H.A) (၅) ဦး
၃။ သူနာပြု (၅) ဦး
၄။ စိုက်ပျိုးရေးတာဝန်ခံ ကျား (၁၅)ဦး
B.Ag/Dip.Ag စိုက် အ,ထ,က အောင် /တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူ
၅။ စိုက်ပျိုးရေးမြေလုပ်သား (၁၀၀) ဦး
၆။ ယန္တရားမောင်း (စက်ကြီးမောင်း) (၁၅) ဦး
၇။ ယာဉ်မောင်း (ယာဉ်ငယ် ၊ Truck) (၁၅) ဦး

လျှောက်လွှာများကိုယုဇနစင်တာ(တတိယထပ်)အမှတ်(၁၃၀)ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်ရန်ကုန်မြို့တွင်(၂၇.၃.၀၄)ရက်နောက်ဆုံးထားပြီးအလုပ်သမားမှတ်ပုံတင်မိတ္တူနှင့် အတူ လိုအပ်သောအထောက်အထားများယူ၍ကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည် ။ (ပြည်တွင်း၌သာခန့်ထားရန်)

Job Opportunity
(For Local service only, Salary in Kyats)

We are seeking for suitable candidates to employ in following positions:-

Position	Sex	Age	Posts
Management Trainee (Graduate (or) Post Graduate, computer literate, fluent in English, over 5 years experience)	M/F	35-45	6

Please submit CV with a photo, previous experience, contact address & phone no., expected salary and a labor registration copy to "Sun Myanmar Elephant House Co., Ltd.", Minnandar Road, Sein Kyaw Lane (Near Thaketa Kyauk Tine), Dawbon Township, Yangon within 10 days of this advertisement.

Right candidate will be promoted to Deputy Manager Post after 6 months.

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော ကမာရွတ်မြို့နယ် ပြည်ရိပ်မွန်အိမ်ရာရှိ တိုက်ခန်းအား အောက်ဖော်ပြပါ ပုဂ္ဂိုလ်မှ ရရှိထားပြီး တိုက်ခန်းနေရာချထားခြင်းလက်မှတ် ထုတ်ပေးထားပြီး ဖြစ်ပါသည်။ ယခုအခါ အဆိုပါတိုက်ခန်းနေရာချထားခြင်း လက်မှတ်မူရင်းမှာ ပျောက်ဆုံးသွားသဖြင့် မိတ္တူမှန်ဖြင့် အဆောက်အအုံနေထိုင်ခွင့် စာချုပ်ချုပ်ဆိုပေးပါရန် လျှောက်ထားလာသဖြင့် စာချုပ်ချုပ်ပေးခြင်းနှင့် ပတ်သက်၍ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြေညာသည့်နေ့မှ(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်–

စဉ်	တိုက်ခန်းအမည် ပေါက် အမည်	မှတ်ပုံတင် အမှတ်	နေရာချထားခံရသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဦးအောင်သန်း	[၁၂/သဃက(နိုင်) ၀၉၁၈၄၇]	တိုက် – ၁၁ အခန်း – ၈ ပြည်ရိပ်မွန်အိမ်ရာ။

ဌာနမှူး
အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ကျေးဇူးဆပ်ပါမည်

ဂိုး(လ်)ဒင်းဘတ်ကုမ္ပဏီလီမိတက်၏ ကုမ္ပဏီမှတ်ပုံတင်အမှတ်–၈၉၃/၁၉၉၄–၉၅ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း–၇၀၆၇၃၆၊ ၇၂၁၁၁၅။**

အမွေစား၊ အမွေခံသမီးအဖြစ်မှ စွန့်လွှတ်ခြင်း

မရီရီဝင်း(ပီဂျီယူ ၂၆၁၁၃၇)သည် ၉–၂–၂၀၀၄ရက်နေ့တွင် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံ သမီးအဖြစ်မှ လုံးဝ(လုံးဝ)စွန့်လွှတ်လိုက်သည်။

ဒေါ်အေးစိန်(ပီဂျီယူ ၁၂၃၇၀၂)

Silver Seagull Travel Group

ငပလီကမ်းခြေ (အထူးအစီအစဉ်)

Ph: 240860, 704423, 547266

Nwe Computer Training Center

ကလေးများအတွက်နှင့် နွေရာသီသင်တန်းများကို အထူးနှုန်းဖြင့် လက်ခံသင်ကြားနေပါသည်။

သင်တန်းကြေးများကို အရစ်ကျ ပေးသွင်းနိုင်ပါသည်။

အမှတ်-၅၇၊ ဓေယျဝတီလမ်း(ဗဟိုလမ်း)။ စမ်းချောင်းမြို့နယ်။ ဖုန်း-၅၂၄၃၂၉။

အများသိစေရန်

ဦးတင်မျိုးဇင်[၁၂/ကမရ(နိုင်)ဝ၂၄၃၈၂]သည် ကျွန်မ ဒေါ်ထိပ်တင်စိန်အား ခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့် ၁-၃-၂၀၀၄ရက်နေ့တွင် တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း၊ နောက်နောင်ကို ဦးတင်မျိုးဇင်နှင့်ပတ်သက်သော အရှုပ်အရှင်းပြဿနာများကို လုံးဝတာဝန်မယူပါ။ **ဒေါ်ထိပ်တင်စိန်**

[၁၂/ကမရ(နိုင်)ဝ၂၃၉၈၀]

ဒေါ်မိုးမိုးဇော်ထက် သားဖွားမီးယပ်အထူးကု ဆေးခန်း

မောင်မောင်မြင့်အေး စီစဉ်ပြုစုသည်

မျောပြန်ယဇ်

၂၀၀၄ ခုနှစ် မတ်လ ၁၈ ရက်(ကြာသပတေးနေ့) ထွက်ပြီ။

မြန်မာ့ရိုးရာ-လက်ကိုင်ပုံ အမှတ် ၁၁၁၊ ၃၃လမ်း။ ဖုန်း ၀၁-၂၅၃၅၁၉

MCC

.....အမေရိကန်ပညာရှင်များနှင့် ချိတ်ဆက်ထားပြီးသူများ.....

➡ ကွန်ပျူတာအခြေခံသင်တန်း (သင်တန်းပြီးပါက အဆင့်မြင့် သင်တန်းများသို့ တက်ရောက်နိုင်သည်။)

➡ IDCSသင်တန်း (သင်တန်းတစ်နှစ်ပြီးပါက IADCS နှင့် BCIS (LONDON metropolitan university)သို့ ဆက်လက်တက်ရောက်နိုင်ပါသည်။)

ဖုန်း-၂၄၅၇၅၈၊ ၃၈၀၀၈၀

ဒေါ်အေး(ခ)ဒေါ်ရှီတွီးတိန်

အသက်(၈၈)နှစ်

(အရှေ့တိုင်းအပ်ချုပ်ဆိုင်)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ (၁၀၁)လမ်း၊ အမှတ်(၇၀)နေ (ဦးကျိုကွမ်လင်)၏ဇနီး၊ ဦးကျိုလီခိုင်-ဒေါ်ဝေါင်ကြောင်လန်၊ ဦးကျိုစန်းခိုင်-ဒေါ်လန်ရှုလန်(ဟောင်ကောင်)၊ ဦးခင်အောင်-ဒေါ်မွှေးမွှေး၊ (အရှေ့တိုင်းအပ်ချုပ်ဆိုင်)(P.17,18) (ယုဇနပလာဇာ)၊ ဒေါ်မေလှိုင်-ဦးတင်အုန်း၊ ဦးခင်မောင်ဝင်း-ဒေါ်ရီစလင်းတို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွား၊ မြစ်သုံးယောက်တို့၏အဘွားသည် ၁၃-၃-၂၀၀၄ရက် မွန်းလွဲ၂နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇-၃-၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ကွမ်းတုံတရုတ်သုသာန်သို့ ပို့ဆောင်မြေမြှုပ်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မြန်မာဆိုလာစွမ်းအင်လုပ်ငန်း

နေမှလျှပ်စီး ထင်းနိုင်မည်

အမည်ပြောင်းခြင်း

ဦးတင်ဝင်း [၁၂/ဥကတ(နိုင်)ဝ၂၇၄၃၂]၏သား အထက(၂) တောင်ဥက္ကလာပ၊ ပဉ္စမတန်း(စ)မှ မောင်ကျော်ကျော်သက်အား ယနေ့မှစ၍ မောင်သုတဇော်ဟု အမည်ပြောင်းလဲခေါ်ပါရန်။ **မောင်သုတဇော်။**

ချောင်းသာ/ဆီးဆန်

(အဆင့်မြင့်တာဘား/ဝန်ဆောင်မှု)

မတ်လ(၂၈)-(၄)ရက်

မတ်လ(၂၆)-(၃)ရက်

Golden Hope

ခရုသင်း(၆)မျိုး အထူးကု သမားတော်ကြီး ဦးကျော်ဟိုး

ဆရာကြီး ဦးကျော်ဟိုးသည် သထုံမြို့ ဘင်လှိုင်ရပ်မှ ရန်ကုန်သို့ ပြောင်းရွှေ့ပြီး မပျောက်ကင်းနိုင်သော ခရုသင်း(၆)မျိုးနှင့် အတက်ရောဂါ၊ ဝက်ရူးပြန်(၇)မျိုးတို့ကို အာမခံနှင့် ကုသပေးနေပြီဖြစ်ကြောင်း ရပ်နီး၊ ရပ်ဝေးမှ ဝေဒနာရှင်များကို သိရှိရန် ကြေညာအပ်ပါသည်။

ယခုတစ်ဖန် နေရောင်လင်းဆေးတိုက်မှ နန္ဒင်းခါး၊ ဘုမ္မရာဇာ၊ ဆင်တုံးမနွယ် သုံးမျိုးဖြင့် သွေးတိုး၊ ဆီးချို၊ လေငန်းရောဂါကို ဖိတ်ခေါ်လိုက်ပါသည်။

ဥပုသ်နေ့ပိတ်သည်

သမားတော်ကြီး ဦးကျော်ဟိုး

အမှတ်(၃၇/၂)၊ဇင်ယော်လမ်း၊(၁၄)ရပ်ကွက်၊မြင်သာအိမ်ရာ-၂၊တောင်ဥက္ကလာပ၊ရန်ကုန်။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် တံတိုင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး

ဦးတင်သောင်း(၈၂)နှစ်

စိန်၊ ရွှေ၊ ငွေ ရတနာဆိုင်

ရာသက်ပန်အသင်းဝင်

(လက်ပံတန်းမြို့နယ်အသင်း)

လက်ပံတန်းမြို့၊ (၁)လမ်းအမှတ်(၉)နေ (ဦးကြိုင်-ဒေါ်အုံးချိန်)တို့၏သား၊ (ဦးအောင်ဘန်း-ဒေါ်ခင်)တို့၏သားသမက်၊ ဦးကျော်ရင်၏အစ်ကို၊ ဦးခင်-ဒေါ်အေးသိန်း၊ ဦးအေးလှိုင်-ဒေါ်တင်မြင့်၊ ဒေါ်မြင့်မြင့်သန်း၊ ဦးကျော်မြင့်-ဒေါ်ဝင်းဝင်းမေ၊ ဒေါ်မြင့်မြင့်အေး၊ ဒေါ်တင်တင်အေး၊ ဦးသောင်းကြည်၊ ဦးထိန်ဝင်း-ဒေါ်မြင့်မြင့်မူတို့၏ဖခင်၊ မြေး၁၅ယောက်၊ မြစ် ၆ယောက်တို့၏ အဘိုး၊ ဒေါ်သန်းကြည်၏ခင်ပွန်းသည် ၁၅-၃-၂၀၀၄(တနင်္လာနေ့)နံနက်၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇-၃-၂၀၀၄ မွန်းလွဲ၂နာရီတွင် လက်ပံတန်းမြို့၊ ကန်ကြီးလမ်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ကျန်ရစ်သူမိသားစု။

Lap Top

Ruby ☎ 725317, 650823

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်သိန်း (၈၃)နှစ်

မန္တလေးမြို့၊ ငါးပိတန်းလကျ်ား၊ တိုက်အမှတ်(၂၃၄/၆)နေ ဒေါ်ခင်အေးလှ၏မိခင် ဒေါ်တင်သိန်းသည် ၁၁-၃-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါ၍ ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါက်တာသိန်းစောထွန်း-ဒေါက်တာလတ်လတ်ထွန်း

ထွန်းခာတ်မှန် မိသားစု၊ (စစ်တွေမြို့)။

ACT

Ph: 511702, 527765

ကမ္ဘာ့အဆင့်မီ ကွန်ပျူတာ ဆရာကြီးများ

☎ 01-375822

PC Workshop

660174, 720301

Desktop, Laptop, Notebook

Ph: 211622

ချောင်းသာ/ငွေဆောင်

March 19, 26, April 2

☎ 380183

ဦးခင်မောင်

အသက်(၅၉)နှစ်

(က-က-င၊ ငြိမ်း)၊ စစ်တွေမြို့

စစ်တွေမြို့၊ ရူပတောင်ရပ်ကွက်နေ (ဦးအထွေး-ဒေါ်အဝိုင်)တို့၏သားကြီး၊ ဒေါ်ခင်နွဲ့၊ ဦးရွှေသာဖြူ-ဒေါ်အုံးခင်၊ ဦးညီညီ-ဒေါ်စုစုခင်၊ ဦးစိန်ထွန်း-ဒေါ်ခင်သန်းမြင့်၊ ဒေါ်လှမေတို့၏ အစ်ကိုကြီး၊ မခင်သီတာစိုး၊ မောင်အေးမင်းထွန်း၊ မအေးနန်းစိုး၊ မောင်ခင်မောင်ဦး၊ မောင်ခင်မောင်ဆန်း၊ မအေးမြတ်စံ၊ မလှလှအောင်၊ မဆုဆုအောင်တို့၏ ဘဘကြီးသည် ၁၀-၃-၂၀၀၄နေ့ နံနက်တွင် ဗဟိုစည်ဆေးခန်း၊ ရန်ကုန်မြို့၌ ကွယ်လွန်သွားပါ၍ ၁၂-၃-၂၀၀၄နေ့တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ရောင်းမည်

- တောင်ဒဂုံ(၂၅) ပုလဲရတနာလမ်းမကြီး၊ 40' x 60'
- တောင်ဒဂုံ အောင်ဇေယျတိုက်ခန်းမြေညီ
- ၉၁လမ်း၊ ၅+၆လွှာ 20' x 50'

Ph: 229561, 09-5016136

ကြည့်မြင်တိုင်စလင်းကျောင်းတိုက် ဓာတ်မီးပူဇော်ရေးနှင့် ဝေယျာဝစ္စအသင်း နာယက ကြည့်မြင်တိုင်မြို့နယ်အောင်ဇော်မှ ဆုတောင်းပြည့် ဘုရားငါးဆူတန်ဆောင်းတော်ကြီး ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ

ဦးဝမ်စိန်

အသက်(၈၃)နှစ်

(တက်သစ်)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းတောင်(အနောက်)ရပ်ကွက် ဦးကြွယ်ဟိုးလမ်း၊ အမှတ်(၂၅)နေ ဒေါ်တင်ဥ၏ ခင်ပွန်း ဦးဝမ်စိန်သည် ၁၃-၃-၂၀၀၄(စနေနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၅-၃-၂၀၀၄(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် တက်သစ်ကျေးရွာသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသားများသိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်အေးတင် (ခရမ်း၊ တောင်ငူ၊ ပဲခူးမြို့)အသက်(၇၈)နှစ်

ဗိုလ်မှူးအုံးဆွေ(ငြိမ်း)(ဒုအထွေထွေမန်နေဂျာ မွေး/ရေ ဘဏ်၊ သံတွဲ) ဒေါ်နီလာချစ်တို့၏မိခင်သည် ၉-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မွေးမြူရေးနှင့်ရေလုပ်ငန်းဘဏ်၊ သံတွဲဘဏ်ခွဲ ဝန်ထမ်းမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်သိန်း (၈၃)နှစ်

မန္တလေးမြို့၊ ငါးပိတန်းလကျ်ား၊ တိုက်အမှတ် (၂၃၄/၆)နေ ဒေါ်ခင်အေးလှ၏ မိခင် ဒေါ်တင်သိန်းသည် ၁၁-၃-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းသိရပါ၍ ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မောင်မောင်သန်း-မသာဖြူ

သား-မြင့်မိုလ်အောင်၊ ရန်ကုန်။

သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သားဖြစ်သူ မောင်ကျော်ကျော်ထွန်း [၁၂/ရကန (နိုင်) ဝ၄၉၀၁၁]သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲခွင့်မလွှတ်နိုင်သော ကိစ္စများကို မိမိသဘောအလျောက် လုပ်ဆောင်နေပြီး နေအိမ်မှထွက်ခွာသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စများ လုံးဝတာဝန်မယူပါ။

စုံစမ်းမေးမြန်းခြင်း သည်းခံပါရန်။

ဦးမြတ်ထွန်း-ဒေါ်မြတ်သူ။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ တံတိုင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး

ဦးတင်သောင်း

အသက်(၈၂)နှစ်

စိန်၊ ရွှေ၊ ငွေ ရတနာဆိုင်

(ရာသက်ပန်အသင်းဝင်

လက်ပံတန်းမြို့နယ်)

ရန်ကုန်မြို့၊ အမှတ်(၁၉၂)၊ ၃ထပ်၊ ၂၉လမ်းနေ(ဦးကြိုင်-ဒေါ်အုံးချိန်) တို့၏သား၊ (ဦးအောင်ဘန်း-ဒေါ်ခင်)တို့၏သားသမက်၊ဦးအောင်ဆန်း-ဒေါ်ခင်ထွေးသိန်း၊ ဦးစန်းတင်၊ ဒေါ်ချိုချို၊ ဦးမြင့်အောင်၊ ဒေါ်သန်းသန်းအေး၊ ဦးတင်အောင်၊ ဒေါ်တင်တင်စန်းတို့၏ဖခင်၊ ဒေါ်စန်းရီ၏ခင်ပွန်း၊ မောင်သိန်းစန်းဦး၊ မောင်လင်းဇော်မင်း၊ မဇင်လဲ့ဝင်း၊ မအေးမွန်စိုး၊ မသိမ့်မွန်စိုးတို့၏အဘိုးသည် ၁၅-၃-၂၀၀၄(တနင်္လာနေ့) နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇-၃-၂၀၀၄ မွန်းလွဲ၂နာရီတွင် လက်ပံတန်းမြို့၊ ကန်ကြီးလမ်း သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဦးညွန့်ဦး (CDC-8839)

CHIEF OFFICER (M.V TIMBER STAR)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ မင်္ဂလာမွေးမြူရေးလမ်း၊ အမှတ်(၁၄၆)နေ ဒေါ်ဝါဝါလွင်၏ခင်ပွန်းဖြစ်သူ ဦးညွန့်ဦး စီဒီစီ(၈၈၃၉)၊ ပထမအရာရှိ (Chief Officer)သည် ၁၀-၃-၂၀၀၄ရက်နေ့တွင် ဂျပန်နိုင်ငံ (KOKURA)မြို့ရှိ ဆေးရုံပေါ်တွင် ဂျပန်စံတော်ချိန်(၁၁း၄၅)တွင် ကွယ်လွန်ကြောင်းသိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

SKYLINE SHIPMANAGEMENT YANGON နှင့်

SKYLINE သင်္ဘောသားမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်သိန်း (၈၃)နှစ်

မန္တလေးမြို့၊ ငါးပိတန်းလကျ်ား၊ တိုက်အမှတ်(၂၃၄/၆)နေ ဒေါ်ခင်အေးလှ၏ မိခင် ဒေါ်တင်သိန်းသည် ၁၁-၃-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရ၍ ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါ်ဦးစောခင်

သမီး-မအေးမြတ်မွန်၊ မခင်ငြိမ်းချမ်း(စစ်တွေမြို့)။

ဘုရား၊သိမ်၊ကျောင်း၊ဇရပ်၊ရဟန်းဒါယကာကြီး

ဦးညိုအေး(ခ)ကိုမြမင်း

အသက်(၅၆)နှစ်

အထက(၅)အလုံ (ရေဦး)

စစ်ကိုင်းတိုင်း၊ ရေဦးမြို့နယ်၊ တောင်ခွင်ကျေးရွာနေ (ဦးကျော်သိန်း)-ဒေါ်စိန်လုံတို့၏ သားကြီး၊ ဆီဆုံကျေးရွာနေ (ဦးစံထွေး)-ဒေါ်ကြီးစိန်တို့၏ သားသမက်၊ အထက(၅) အလုံ ကျောင်းဝင်းနေ ဒေါ်မြသန်း(ရွှေရင်အေး)၏ ခင်ပွန်း၊ ဦးမြဝင်း-ဒေါ်ခင်လေး(မော်နီစတားဖိနပ်)၊ ဦးမြရွှန်း(အိုင်ပင်ဟိုးကြေးနီစီမံကိန်း၊ မိုင်းမြို့နယ်) - ဒေါ်နီနီ၊ ဒေါ်ကြည်အေး-ဦးထွန်းမောင်(အိုင်ပင်ဟိုးကြေးနီစီမံကိန်း၊ မိုင်းမြို့နယ်)၊ ဦးမြင့်အောင်-ဒေါ်မာလာတို့၏ အစ်ကိုကြီး၊ မောင်ဝင်းလှိုင်ဦး(ခ)သန့်ဇင် (JSM Internation Co., Ltd.)၊ မသင်းသင်းဌေး(စီးပွားရေးဦးပိုင် အစုရှယ်ယာဌာန)၊ မောင်ကျော်ဆန်းလင်း(K & P Inter-price Co., Ltd.)၊ မောင်ကျော်စိုးထွန်း (Mali Shipping Co., Ltd.)တို့၏ ကျေးဇူးရှင် ဖခင်ကြီးသည် ၁၂-၃-၂၀၀၄ (သောကြာနေ့) ည ၇း၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈-၃-၂၀၀၄ရက် ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်အေး

အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ အောက်ပုဇွန်တောင်လမ်း၊ အမှတ်(၅၃၅)နေ ဒေါ်သန်း(ပုဇွန်တောင်ပန်းခြံဆေးဆိုင်)၏မြေး၊ (ဦးစောမောင်တင်)-ဒေါ်ထားရင်တို့၏သား၊ ဦးအောင်သိန်း - ဒေါ်မြင့်မြင့်သိန်းတို့၏သားသမက်၊ ဒေါ်ခင်စီစီသိန်း၏ခင်ပွန်း၊ ဦးကျော်ညွန့်လွင်(ဥပဒေအရာရှိ၊ ကြာအင်းဆိပ်ကြီး)-ဒေါ်စန်းစန်းမော်၊ ဦးမျိုးသိန်း၊ ဒေါ်နီနီသိန်းတို့၏အစ်ကို၊ မောင်အေးကိုကို၊ မောင်ဟိန်းသူ(တတိယနှစ်၊ မြန်မာစာ)၊ မခင်ပွင့်ဖြူအေး(ဒုတိယနှစ်၊ ရူပဗေဒ)အရှေ့ပိုင်းတက္ကသိုလ်၊ မခင်ထိုက်ဆုအေး(XB) အထက(၄)၊ ပုဇွန်တောင်တို့၏ ချစ်လှစွာသောဖခင်၊ တူနှစ်ယောက်တို့၏ဘကြီး ဦးမောင်မောင်အေးသည် ၁၃-၃-၂၀၀၄နေ့တွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

အများသိစေရန်

မကွေးတိုင်း၊ ချောက်မြို့နယ်၊ စလေတိုက်နယ်၊ စလေကျေးရွာ၊ ဈေးမြောက်ဘက်၊ မြို့မရပ်ရှိ နှစ်ထပ်တိုက်တစ်လုံး၊ တစ်ထပ်တိုက်တစ်လုံးနှင့် ယင်းတိုက်များတည်ရှိရာ ပိုင်းမြေကွက်များသည် ဒေါ်သောင်းရင် [၈/ခမန(နိုင်)ဝဝ၇၆၉၄]ပိုင် မြေနှင့် အဆောက်အအုံများဖြစ်ပါသည်။ ဒေါ်သောင်းရင်သည် ယခုထက်တိုင် သက်ရှိထင်ရှားဖြင့် ရန်ကုန်မြို့တွင် ပြောင်းရွှေ့နေထိုင်လျက်ရှိရာ ဒေါ်သောင်းရင်ပိုင် အဆိုပါ မရွှေ့မပြောင်းနိုင်သောပစ္စည်းရပ်များနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းရပ် (ရတနာပစ္စည်းများအပါအဝင်)တို့အား ဒေါ်သောင်းရင်၏စာဖြင့်ရေးသား သဘောတူညီမှုမရရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တရားရုံးနှင့် ဘဏ်များတွင် အာမခံတင်သွင်းခြင်း တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများမပြုလုပ်ရန် သတိပေးတားမြစ်အပ်ပါသည်။ ပြုလုပ်ပါက ပြုလုပ်သူတို့၏ တာဝန်သာဖြစ်ပြီး ထိုသူများအပေါ် ဥပဒေနှင့်အညီ တောင်းဆို အရေးယူသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်သောင်းရင်၏မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-

၁၂၀၁/ဝ၄ရရှိသူ ဒေါ်မိုးမိုး[၈/ခမန(နိုင်)ဝဝ၇၆၆၄]၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်မြတ်ထွဋ် (H.G.P, LL.B)

တရားရုံးချုပ်ရှေ့နေ

အမှတ်(၉)၊ (မြေညီ)၊ ၃၄လမ်း(အောက်လမ်း)၊ ကျောက်တံတားမြို့နယ်။

ဝမ်းနည်းကြေကွဲခြင်း

ဦးစိန်အောင်

အသက်(၅၆)နှစ်

လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)၊ မော်လမြိုင်ခရိုင်

ဦးစိန်အောင် လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)မော်လမြိုင်ခရိုင်သည် ၂၇-၂-၂၀၀၄ရက်နေ့တွင် ကွယ်လွန်ကြောင်းသိရှိရ၍ မိသားစုနှင့် ထပ်တူ နှမြောတသ ကြေကွဲဝမ်းနည်းရပါသည်။

ခရိုင်အင်ဂျင်နီယာမှူး

အင်ဂျင်နီယာဝန်ထမ်းများနှင့် ရုံးသူ၊ ရုံးသားဝန်ထမ်းများ

မော်လမြိုင်ခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း။

ကျေးဇူးတင်ရှိခြင်း
ဦးအေးလွင် (၆၅)နှစ်
(တောင်ငူ/ဆင်နှစ်ကောင်–ကျောက်မဲမြို့)

၁၀–၃–၂၀၀၄ရက်တွင် အလ္လာဘ်ချင်မြတ်အမိန့်တော်ခံယူသွားသည့် ဦးအေးလွင်၏ ဈာပနကိစ္စတွင် အဘက်ဘက်မှ လိုလေသေးမရှိ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ပြည်မြို့ ရွှေကြာပင် ဗလီဂေါပကအဖွဲ့၊ မြေနီကုန်း မွတ်စလင်လူငယ်အဖွဲ့၊ ရန်ကုန်ပန်းဆေးမွတ်စလင် မိသားစုများ၊ ပြည်မြို့ ဘုံးစိမ်းကြီးမိသားစု၊ ရပ်ဝေးရပ်နီး ပြည်တွင်းပြည်ပမှ လူကိုယ်တိုင်၊ ဖုန်း၊ ကြေးနန်း၊ စာတို့ဖြင့် ဝမ်းနည်းကြောင်း နှစ်သိမ့်အားပေးကရုဏာမျှဝေခဲ့ကြသည့် ဆွေမျိုးမိတ်သင်္ဂဟများ၊ နာမကျန်းစဉ် ပြုစုကုသစောင့်ရှောက်ပေးသူများနှင့် လိုက်ပါပို့ဆောင်ပေးသူများအားလုံးကို ကျေးဇူးတင်ရှိပါသည်။ကျန်ရစ်သူမိသားစု။

ဦးညွန့်သန်း
အသက်(၆၉)နှစ်
အလုပ်ရုံခွဲမှူး၊ ကစလ (ငြိမ်း)

ရန်ကုန်တိုင်း၊ သန်လျင်မြို့၊ ဗိုလ်ချုပ်ရွာနေ (ဦးဖိုးသစ်–ဒေါ်အိမ်တင့်)တို့၏ သား၊ (ဦးဘရင်–ဒေါ်သန်းညွန့်)တို့၏ သားသမက်၊ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)၊ (၅)ရပ်ကွက်၊ စိန်ပန်းလမ်း၊ အမှတ်(၄၉)နေ ဒေါ်သိန်းမြင့်၏ခင်ပွန်း၊ ဦးရဲနု–ဒေါ်ခင်စန်း၊ ဦးသိန်းဝင်း–ဒေါ်ခင်မော်စိုး၊ ဦးစိုးညွန့်–ဒေါ်မို့မို့လွင်၊ ဦးအေးဝင်း – ဒေါ်အေးမော်လှိုင် (ကစလ)၊ မောင်အောင်သူလတ်၊ မောင်အောင်သူရတို့၏ ဖခင်၊ မြေးကိုးယောက်တို့၏ အဘိုးသည် ၁၅–၃–၂၀၀၄ရက် ညနေတွင် မြောက်ဥက္ကလာပဆေးရုံကြီးတွင် ကွယ်လွန်သွားပါ၍ ၁၇–၃–၂၀၀၄ (ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်ကြည်
အသက်(၅၄)နှစ်
M.P.P.E (ခနီတော)

အမှတ်(၃၀၂)၊ စိန္တာမဏိလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းနေ (ဦးသန်း–ဒေါ်ခင်သုံ)တို့၏သား၊ (ဦးယုံ–ဒေါ်ကျင်ဖွား)တို့၏ သားသမက်၊ ဦးမြသန်း–ဒေါ်ထားရီ၊ ဦးလှသောင်း–ဒေါ်ထားကြည်တို့၏ မောင်၊ (ဦးလှမြင့်)–ဒေါ်ရီရီ၊ ဦးချိုမြင့်–ဒေါ်သန်းသန်းဦး၊ ဦးအောင်ကျော်ထွေး–ဒေါ်မြင့်မြင့်ဝင်းတို့၏ အစ်ကို၊ ဒေါ်မိမိထွေး M.P.P.E (ငြိမ်း)၏ ခင်ပွန်း၊ ကိုဇရာကြည်ဖြိုး B.E(E.P)(Fortune Int'l Ltd) ၊ မဝင့်ရွှေရည်နွေး (Final Year Physics) တို့၏ ဖခင်ဦးမောင်မောင်ကြည်သည် ၁၄–၃–၂၀၀၄ရက် ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆–၃–၂၀၀၄ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်ကြည်
အသက်(၅၄)နှစ်
M.P.P.E (ခနီတော)

အမှတ်(၃၀၂)၊ စိန္တာမဏိလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းနေ (ဦးသန်း–ဒေါ်ခင်သုံ)တို့၏ သား၊ (ဦးယုံ–ဒေါ်ကျင်ဖွား)တို့၏ သားသမက်၊ ဦးစိန်ကြီး–ဒေါ်ခင်ခင်ဝင်း၊ ဦးစိန်လေး၊ (ဦးစိုးဝင်း)–ဒေါ်သန်းမြင့်၊ ဦးဝင်းကြည်–ဒေါ်စမ်းသီတာတို့၏ညီ၊ ဒေါ်မိမိထွေး M.P.P.E (ငြိမ်း)၏ ခင်ပွန်း၊ ကိုဇရာကြည်ဖြိုး B.E(E.P)(Fortune Int'l Ltd) ၊ မဝင့်ရွှေရည်နွေး (Final Year Physics)တို့၏ ဖခင် ဦးမောင်မောင်ကြည်သည် ၁၄–၃–၂၀၀၄ရက် ညနေ ၅း၃၀နာရီတွင် ကွယ်လွန်ပါ၍ ၁၆–၃–၂၀၀၄ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကိုဝင်းဇော်
အသက်(၃၃)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်၊ (၁၁၄)လမ်း၊ အမှတ်(၂)နေ ဦးငွေတင် (စည်ပင်/စက်ယာဉ်၊ ငြိမ်း)–(ဒေါ်အုန်းကြည်)တို့၏သားငယ်၊ ဦးအောင်သိန်း (စည်ပင်/စက်ယာဉ်/ရေပုပ်စုပ်)–ဒေါ်နီလာချစ်၊ ဦးဝင်းရီ(စည်ပင်/စက်ယာဉ်၊ ယာဉ်စု–၃)–ဒေါ်လှလှဝင်း၊ ဦးတင်ဝင်း–(ဒေါ်မြင့်မြင့်သန်း)၊ ဒေါ်ခင်စောဝင်း၊ ကိုဝင်းကြည်၊ ကိုလှတင့်၊ မဝင်းဝင်းသိန်း၊ ကိုမြင့်ဌေး–မသင်းသင်း၊ ကိုတင်မောင်ဝင်း–မအေးအေးသန်းတို့၏ ညီ/မောင်သည် ၁၆–၃–၂၀၀၄ (အင်္ဂါနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈–၃–၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း
ဦးထွန်းတင် အသက်(၈၀)
အကောက်ခွန်(ငြိမ်း)

သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သုမန(၂)လမ်း၊ အမှတ်(၃၅၄)နေ ရာသက်ပန်အသင်းဝင် ဦးထွန်းတင်သည် ၁၄–၃–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၆–၃–၂၀၀၄ရက် နံနက်၁၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့။

Jasmine Lucas(ခ)
ဒေါ်ဘေဘီ(ခ)ဒေါ်ခင်စန်းဝင်း
အသက်(၇၁)နှစ်
(ပြင်ဦးလွင်)

ပြင်ဦးလွင်မြို့နေ (ဦးမြစ်–ဒေါ်တင်)တို့၏ သမီးထွေး၊ (ဦးစိန်မောင်–ဒေါ်ထွေးရီ)တို့၏ ချွေးမ၊ တိုက်(၁၂၀)၊ အခန်း(၇)၊ ရန်ရှင်းလမ်းသွယ်(၁)၊ (၄)ရပ်ကွက်၊ အရှေ့ရန်ကင်း၊ ရန်ကုန်မြို့နေ [ဦးခင်မောင်သိန်း(ခ)Willy]၏ ဇနီး၊ ဦးမိုးဟိန်း–ဒေါ်ခင်မူနှင်း(ဖြိုးဆွယ်တာ)၊ ဦးဇော်ဟိန်း(2nd Mate)၊ ဦးဝင်းအောင်ထွေး–ဒေါက်တာစန္ဒာလင်း(ခ)ခင်လေးညို(DOH)၊ ဦးသုခ(F.A.O)–ဒေါ်သီရိနေဝင်း(M.B.L)တို့၏ မိခင်၊ မောင်ဝေဖြိုးဟိန်း–မနေဇာဝင်း၊ မောင်ဇော်လင်းထက်၊ မစုစန္ဒီဟိန်း၊ ကျော်ခနဖြိုးတို့၏အဘွားသည် ၁၅–၃–၂၀၀၄ရက် ညနေ ၅း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ဆေးတက္ကသိုလ်(၂)သို့ ခန္ဓာကိုယ်လှူဒါန်းပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၁–၃–၂၀၀၄ (တနင်္ဂနွေနေ့) နံနက် ၈နာရီမှ ၁၂နာရီအတွင်း အထက်ပါ ရန်ကင်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်တင်လှ (၆၄)နှစ်
ငြိမ်း၊ ပစ္စည်းဝန်ထောက်၊ မင်္ဂလာဒုံ

မိတ္ထီလာမြို့နေ (ဦးဖိုးခိုင်–ဒေါ်ခင်ပု)တို့၏သမီး၊ နတ်တလင်းမြို့နေ (ဦးညီပု–ဒေါ်အေးမျှင်)တို့၏ သမီးချွေးမ၊ (ဦးခင်မောင်မြင့်၊ အရာခံဗိုလ်၊ ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ တကကဝင်းဇော်–ဒေါ်ခင်ဌေးလွင် (ထုတ်လုပ်ရေး၊ ဝါယာလက်)၊ တကကသန်းဇော်၊ မမိမိစော၊ တကကဇော်နိုင်တို့၏ ချစ်လှစွာသောကျေးဇူးရှင်မွေးမိခင်၊ မဥမ္မာအောင်၊ မောင်ချစ်စမ်းမောင်(အထက–၁၊ မင်္ဂလာဒုံ)တို့၏ အဘွားသည် ၁၅–၃–၂၀၀၄ရက် ညစ၊၂၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၇–၃–၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(မင်္ဂလာဒုံနေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးသန့်ဇော်ထွန်း(ကိုထီး)
B.E (Electrical)
အသက်(၃၀)
အလုပ်ရုံခွဲမှူး၊ဓေယျာဝတီသကြားစက် (မြိတ်)

မြိတ်မြို့၊ ခရူတောရပ်၊ ဗိုလ်ဗထူးလမ်းနေ (ဦးတင်ရွှေ)–ဒေါ်ဟယ်လင်တို့၏ မြေး၊ ဦးထွန်းခင်(သူနာပြု၊ ငြိမ်း၊ မြိတ်ဆေးရုံ)–ဒေါ်စန်းရီ(မိခင်နှင့် ကလေး၊ ကျောင်းကျန်းမာရေးဌာန၊ မြိတ်မြို့)တို့၏ သား၊ ဒေါ်ညိုညိုထွန်း(လ/ထကထိက၊ အဏ္ဏဝါသိပ္ပံဌာန၊ မြိတ်တက္ကသိုလ်)၊ ဒေါ်ဝင်းဝင်းထွန်း(သရုပ်ပြ၊ သင်္ချာဌာန၊ မြိတ်တက္ကသိုလ်)တို့၏ မောင်၊ ရန်ကုန်မြို့နေ (ဦးသက်တင်)–ဒေါ်နှင်းရီ၊ မြိတ်မြို့နေ ဒေါ်မြင့်အေး၊ ဦးအောင်နိုင်၊ ဦးကျော်လွင်(အသင်းစုမှူး၊ ကျွန်းစုမြို့နယ်သမ)–ဒေါ်ချိုချိုတို့၏ တူ၊ ဦးကျော်မင်းဦး (ဒုလဝကမှူး၊ ပုဗ္ဗန်တောင်မြို့နယ်)၊ ဗိုလ်ကြီးမြတ်မင်းလတ်(ကကဆေး)–ဒေါ်အိအိလွင်၊ ဦးရဲကျော်သူ–မအိအိသက်၊ ဗိုလ်ကြီးတင်မင်း ထွေး(တနိုင်း)တို့၏ ညီ/မောင်သည် ၁၆–၃–၂၀၀၄ရက်တွင် ရုတ်တရက်ကွယ်လွန်သွားပါ၍ ၂၀–၃–၂၀၀၄ (စနေနေ့)တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [အမှတ်(၈၇၈)၊ ဗေဒါလမ်း၊ (၈)ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် နေအိမ်မှ ကားများ ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဦးထွန်းရင် (၉၉)နှစ်
Y.M.B.A အသင်းကြီး

ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (Y.M.B.A)၏ လုံခြုံရေးတာဝန်ကို ထမ်းဆောင်သူ ဦးဘိုသိန်း၏ သားဘဘကြီးဦးထွန်းရင်(အသင်းဝင်အမှတ်–၄၄၁)သည် ၁၆–၃–၂၀၀၄ရက် မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအတိုင်း ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့။

ဒေါ်ယုံ အသက်(၈၀)
(သန်လျင်)

ရန်ကုန်တိုင်း၊ သန်လျင်မြို့၊ မြို့သစ်အနောက်ရပ်ကွက်၊ အမှတ်(၃၃)၊ ကြို့ခိုင်ရေးလမ်းနေ (ဦးလှရွှေ)၏ ဇနီး၊ ဦးကျော်မြင့်(ရေနံဖြန့်ဖြူးရေး၊ ငြိမ်း)–ဒေါ်အုန်းလေး၊ ဦးလှရွှေ–ဒေါ်လှစိန်၊ ဦးထွန်းရီ–ဒေါ်ခင်လှိုင်မြင့်၊ ဦးအေးကြူ(အုတ်ဖိုစု၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ)–ဒေါ်စန်းစန်းမြိုင်၊ (ဦးစိုးလွင်)၊ ဦးဌေးရီ–ဒေါ်တင်တင်ညွန့် (ဖိနပ်စက်ရုံအမှတ်–၂)၊ ဒေါ်သန်းသန်းဝင်း(မြို့ဟောင်းအရှေ့၊ အမက)၊ ဒေါ်စန်းစန်းထွေး၊ ဦးသိန်းထွေး(ရေနံသယ်/ပို့)–ဒေါ်မြတ်မြတ်သူ၊ ဦးမြင့်သောင်း (တိုင်းရင်းဆေး)–ဒေါ်လွင်လွင်ထွေး၊ ဦးလှဝင်းရွှေ(ရေနံ/သန်လျင်)–ဒေါ်ခင်ဝင်းမော်၊ ဦးမောင်မောင်ဦး(ကြံပွဲရုံ)–ဒေါ်မော်မော်အေး(ဖိနပ်စက်ရုံ၊ အမှတ်–၂)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၂၄ယောက်၊ မြစ်ကိုးယောက်တို့၏ အဘွားသည် ၁၆–၃–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၈–၃–၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ပျဉ်ထောင်သုသာန်၌ သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

Jasmine Lucas(ခ)
ဒေါ်ဘေဘီ(ခ)ဒေါ်ခင်စန်းဝင်း
အသက်(၇၁)နှစ်
(ပြင်ဦးလွင်)

ပြင်ဦးလွင်မြို့နေ (ဦးမြစ်–ဒေါ်တင်)တို့၏ သမီးထွေး၊ (ဦးစိန်မောင်–ဒေါ်ထွေးရီ)တို့၏ ချွေးမ၊ တိုက်(၁၂၀)၊ အခန်း(၇)၊ ရန်ရှင်းလမ်းသွယ်(၁)၊ (၄)ရပ်ကွက်၊ အရှေ့ရန်ကင်း၊ ရန်ကုန်မြို့နေ [ဦးခင်မောင်သိန်း(ခ)Willy]၏ ဇနီး၊ (ဦးဒန်း–ဒေါ်သိန်းရင်)၊ (Dr.ဦးလှကြီးမောင်–ဒေါ်သိန်းလွင်)၊ (ဦးသောင်းစိန်)၊ (ဦးစုလှိုင်–ဒေါ်ခင်မြိုင်အေး)၊ ဦးချစ်ကိုကို–ဒေါ်ခင်စောမူ၊ (ဦးမောင်မောင်လေး)–ဒေါ်ခင်လှ၊ (ဦးတင်မြင့်)–ဒေါ်တင်တင်မြတို့၏ ညီမထွေးသည် ၁၅–၃–၂၀၀၄ရက် ညနေ ၅း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ဆေးတက္ကသိုလ်(၂)သို့ခန္ဓာကိုယ်လှူဒါန်းပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်မြဝင်း (၅၆)နှစ်
အလယ်တန်းပြဆရာမ
အထက(၂)။ အင်းစိန်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ နွယ်သာကီလမ်း၊ အမှတ်(၂၉/၁၈၃)နေ [ဗိုလ်မှူးတင်ဦး၊ လေ(ငြိမ်း)–ဒေါ်မြသိန်း] တို့၏သမီး၊ အင်းစိန်မြို့နယ်၊ အမှတ်(၃၂)၊ မြဝတီမင်းကြီးလမ်း၊ (၁၀)မိုင်ကုန်းနေဦးနေဝင်း(ဒု–ညွှန်မှူး၊ငြိမ်း၊ ကြေးတိုင်း/မြေစာရင်းရုံးချုပ်)၏ဇနီး၊ ဒေါ်နုနုအေး (မင်းမင်း) (လ/ထ၊ အကောက်ခွန်မှူး၊ မန္တလေးတိုင်း၊ အကောက်ခွန်ဦးစီးဌာန)၏ အစ်မ၊ ရွှေပြည်သာမြို့နယ်နေ မခင်ဥမ္မာနေဝင်း၊ ဦးအောင်ဇော်မိုး၊ ပြည်မြို့နေ ဦးစိုးဝဏ္ဏာနေဝင်း – ဒေါ်တင်တင်မြင့်၊ ဗိုလ်ကြီးဟိန်းထက်–မသီတာဖြိုးတို့၏ မိခင်၊ မောင်စိုးရန်နိုင်၊ မောင်အောင်ကောင်းမြတ်၊ မခိုင်သဇ္ဇာ၊ မမေမြတ်မွန်၊ မမြတ်သစ္စာခင်တို့၏ အဘွားသည် ၁၅–၃–၂၀၀၄(တနင်္ဂနွေနေ့) မွန်းလွဲ၁၂း၄၅ နာရီတွင် ကွယ်လွန်ပါ၍ ၁၇–၃–၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (၁၀မိုင်ကုန်းနေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မသန်းသန်းစိုး(၃၂)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့သစ်၊ အမှတ် (၂၈၆/ခ/၈)လမ်းနေ ဦးစိုးဝင်း–ဒေါ်ရင်ညွန့်တို့၏သမီး၊ (ဦးထွန်းဝင်း)–ဒေါ်မိမိသန်း၊ ဒေါ်သွယ်၊ (ဦးကျော်)–ဒေါ်သိန်းမြင့်၊ (ဦးစိုးနိုင်) – ဒေါ်ခင်စန်းမြင့်၊ (ဦးမောင်ပန်း)–ဒေါ်ရင်ငွေ၊ (ဦးခင်မောင်ကျော်)–ဒေါ်ယဉ်ကြွေ တို့၏တူမ၊ (ဦးအေးနိုင်)–ဒေါ်သန်းသန်းဆွေ၊ ဦးတင်ထွန်း–ဒေါ်တင်မျိုးနိုင်၊ ဦးကျော်နိုင်ဝင်း၊ ဦးရဲထွဋ်–ဒေါ်နိုင်နိုင်မော်(ဗဟိုဘဏ်) တို့၏ ညီမ၊ တူသုံးယောက်၏ အဒေါ်၊ (ဦးလှဝင်းသိန်း)၏ ဇနီးသည် ၁၅–၃–၂၀၀၄(တနင်္လာနေ့) နံနက် ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ ညနေ ၃း၄၅နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
စစ္စတာဖီဒဲလစ္စကော်တင်
အသက်(၉၅)နှစ်

စိန့်ဂျိုးဇက်သီလရှင် တစ်ပါးဖြစ်သူ စစ္စတာဖီဒဲလစ္စကော်တင်(Sister Fidelis Cotton) အသက်(၉၅)နှစ်သည် ၁၆–၃–၂၀၀၄ရက် နံနက်တွင် စိန့်ထရေဇာကျောင်းဝင်းတွင်းရှိ စိန့်ဂျိုးဇက်သီလရှင်ကျောင်း အလုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈–၃–၂၀၀၄ (ကြာသပတေးနေ့) နံနက်၁၀နာရီတွင် စိန့်ထရေဇာဘုရားရှိခိုးကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီး တာမွေ စိန့်ဖရန်စစ် ဘုရားရှိခိုးကျောင်းဝင်းတွင်းရှိ သင်္ချိုင်းတွင် မြှုပ်နှံသင်္ဂြိုဟ်ပါမည်ဖြစ်ကြောင်း။

စိန့်ဂျိုးဇက်သီလရှင်များ။

ပုသိမ်အသင်း(ရန်ကုန်)
ပုသိမ်အသင်းနာယက
ဦးသန်းအုန်း (၈၆)နှစ်

ပြည်လမ်းမကြီး၊ (၁၅–စီ) ဦးလွန်းမောင်လမ်းနေအိမ်တွင် ၁၅–၃–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၇–၃–၂၀၀၄ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ရန် အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။ (အသင်းဝင်များလိုက်ပါပို့ဆောင်ကြပါရန်။) အမှုဆောင်အဖွဲ့။

ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး
ဒေါ်ခင်ဆင့် (၈၇)နှစ်
(စမ်းချောင်း)

ရန်ကုန်မြို့၊ အမှတ်(၁၁)၊ စမ်းရေတွင်းလမ်း၊ စမ်းချောင်းမြို့နယ်နေ (ဦးညို–ဒေါ်ညိုအိ)တို့၏ သမီး၊ (ဦးကျော်ခင်)၏ ညီမ၊ (ဦးမောင်ရီ)၏ ဇနီး၊ ဦးကျော်ညွန့်–ဒေါ်တင့်တင့်၊ ဦးသန်းထွန်း–(ဒေါ်ခင်ဝင်းမေ)၊ ဒေါ်အုန်းကြည်(စက်မှု–၁၊ ထွေ/ထိန်း မန်နေဂျာ၊ငြိမ်း)၊ (ဦးလှမြင့်)၊ ဦးမြင့်အောင်–ဒေါ်လှရီ(အထက–၃၊ စမ်းချောင်း)၊ ဦးကျော်ဝင်း(အထက–၂၊ စမ်းချောင်း)–ဒေါ်ခင်အေး၊ ဦးကြည်စိန်(စက်–၁၊ အထည်)–ဒေါ်မြဝင်းတို့၏ မွေးသမိခင်၊ မြေး ၁၃ယောက်တို့၏ အဘွား၊ မြစ် ၁၁ယောက်တို့၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၁၆–၃–၂၀၀၄ (အင်္ဂါနေ့) ညနေ ၅း၃၀နာရီတွင် စမ်းချောင်းမြို့နယ်ရှိ နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၈–၃–၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုကျော်ရွှေ (၄၄)နှစ်
(မော်ဘီမြို့၊ နတ်စင်လမ်း)

မော်ဘီမြို့၊ အမှတ်(၂)ရပ်ကွက်၊ နတ်စင်လမ်းနေ ဦးခန့်တင်–ဒေါ်လှချစ်တို့၏ သား၊ ရေနံချောင်းမြို့၊ မြို့မတောင်ရပ်နေ ဦးအောင်ကြီး–ဒေါ်သောင်းကြည်တို့၏ သားသမက်၊ အရာခံဗိုလ်ညွန့်မောင်–ဒေါ်လှလှဝင်းတို့၏ မောင်၊ ဒုအရာခံဗိုလ်သိမ်းကျော်–ဒေါ်တရုတ်မ၊ ကိုတင်ထွန်း–ဒေါ်အမာဦးတို့၏ အစ်ကို၊ မော်ဘီမြို့၊ ဆလရဝင်းနေ ဦးကျော်အေး–ဒေါ်ကော့မူပေါ်၊ ရေနံချောင်းမြို့နေ ဦးကျော်ဌေး–ဒေါ်ညွန့်ညွန့်ဝေ၊ ဦးကျော်ဝင်း–ဒေါ်အေးသိမ်းတို့၏ ညီ၊ ကိုမြင့်ဌေး–မကြည်ကြည်သန်း၊ ကိုဇော်ဝင်းအောင်–မခိုင်ခိုင်အေး၊ ကိုမျိုးချစ်–မစိုးစိုးသန်းတို့၏ အစ်ကို၊ မကြည်ပြာကျော်ရွှေ(တ–နှစ်၊ ဥပဒေ)၊ မောင်ကြည်သာကျော်ရွှေ(X-S၊ အထက–၁၊ မော်ဘီ) တို့၏ မွေးသဖခင်၊ ဒေါ်ရင်ရင်သန်း (အထက–၁၊ မော်ဘီ)၏ ခင်ပွန်း ကိုကျော်ရွှေသည် ၁၅–၃–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၇–၃–၂၀၀၄ ရက်တွင် မော်ဘီမြို့သုသာန်၌ သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

မောင်အောင်မျိုးသန့်(ခ)
သားကြီး (၂၉)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၉)ရပ်ကွက်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ်(၂၂၃)၊ (၅)လွှာနေ (ဦးညိုမောင်မောင်–ဒေါ်သန်းရီ)၊ (ဒေါ်နှင်းလှ)၊ ဦးတင်ဦး–ဒေါ်မေယုဝင်းတို့၏ မြေး၊ ဒေါ်သီတာအေး(First Top Co., Ltd)၏ တစ်ဦးတည်းသောသား၊ ဦးခင်ဇော်–ဒေါ်သန်းသန်းဌေး၊ ဦးမောင်မောင်(2/E)–ဒေါ်သီတာဇော်တို့၏ တူ၊ ဦးကြင်ထွန်း(တွဲဖက်ပါမောက္ခ၊ တောင်ငူတက္ကသိုလ်)–ဒေါ်သီရိအောင်၊ ဦးကျော်သူ–ဒေါ်စန္ဒာခင်၊ ကိုမောင်မောင်ရဲဇော်တို့၏ မောင်/အစ်ကို၊ မစမ်းသီတာထွန်း၊ မဖြူဖြူခိုင်တို့၏ ဦးလေးသည် ၁၅–၃–၂၀၀၄ (တနင်္လာနေ့) ည ၁၀း၅၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇–၃–၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်စိန် (၉၆)နှစ်
(မလက်တို)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၃)ရပ်ကွက်၊ အမှတ်(၉၀)၊ ကိုင်းတန်းလမ်းတိုနေ (ဦးမြ)၏ ဇနီး၊ (ဦးကျော်ငြိမ်း)–ဒေါ်ညွန့်မေ)၊ (ဒေါ်သန်းကြွယ်)တို့၏ အစ်မသည် ၁၆–၃–၂၀၀၄ (အင်္ဂါနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈–၃–၂၀၀၄ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ပါမောက္ခဦးသိန်းမောင်
M.A(Clark)
အသက်(၈၈)နှစ်
ပါမောက္ခ/ဌာနမှူး ပထဝီဝင် (ငြိမ်း)
မန္တလေးတက္ကသိုလ်

ပြည်ခရိုင်၊ပန်းတောင်းမြို့နေ (ဦးစံရွှေ–ဒေါ်တင်မေ)တို့၏သား၊ ရန်ကုန်မြို့၊ ကမာရွတ်၊ မာလာမြိုင်ရိပ်သာလမ်း၊ မာလာမြိုင်အိမ်ရာ၊ တိုက်(၂)၊ အခန်း (၇၁၄)နေ ဒေါ်သန်းသန်း၏ ခင်ပွန်း၊ ဒေါ်လှသိန်း၊ ဒေါ်ထားခင်၊ ဦးဇော်ဝင်း၊ ဒေါ်ဖွားစိန်တို့၏ အစ်ကိုကြီး၊ ဦးစိုင်းခမ်းရှိန်–ဒေါက်တာဒေါ်ခင်ဖြူဖြူ၊ ဦးမောင်မောင်–ဒေါ်စုစုခင်၊ဦးညီညီတို့၏ဖခင်၊ နန်းနီလာစိုင်းခွန်ဖ၊ အာကာမိုး၊ ဝင်းမောင်မောင်တို့၏ အဘိုး ဦးသိန်းမောင်သည် ၁၅–၃–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၇–၃–၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်အေးကြွယ်(၈၄)နှစ်

မော်ဘီမြို့နေ (ဦးစစ်ပု–ဒေါ်သင်းမယ်)တို့၏ သမီးကြီး၊ (ဦးစံသိန်း)၏ညီမ၊ (ဒေါ်လှစိန်)၊ ဒေါ်ကျင်ရွှေတို့၏ အစ်မ၊ (ဦးပွကြီး–ဒေါ်တင်လှိုင်)တို့၏ ချွေးမ၊ (ဦးကျင်သောင်း)၏ဇနီး၊ ဦးနေထွန်း–ဒေါ်မြင့်မြင့်၊ မမြင့်မြင့်သောင်းတို့၏ မိခင်၊ မောင်ငြိမ်းချမ်းထွန်း၊ မမေပွင့်ထွန်း၊ မမေကြည်ခိုင်တို့၏ အဘွား၊ ဦးကျော်ဇော–ဒေါ်မာလေး၊ (ဦးအောင်သန်း–ဒေါ်သန်းသန်းအေး)တို့၏ အစ်မသည် ၁၅–၃–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၇–၃–၂၀၀၄ရက် နံနက်၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ခင်လှ
အသက်(၇၀)
(မန္တလေး)

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၁၄)ရပ်ကွက်၊ သလ္လာဝတီ(၅)လမ်း၊ အမှတ်(၁၆၇၃/ခ)နေ ဦးကေသာပါး၏ ဇနီး၊ မမာကြည်ဦး(အား/ကာ)–(ဦးခင်မောင်ချို)၊ ကိုမောင်မောင်(I.D.C)–မယဉ်ယဉ်တင့်၊ ကိုဇော်နီ(ကကန၊ ရေ)–နော်အေးအေးမူတို့၏ မိခင်၊ မန္တလေးမြို့နေ (ဒေါ်ခင်မမ–ဦးမြင့်)၊ ဒေါ်ခင်ခင်ညွန့်–ဦးစိုးမြင့်၊ ပြင်ဦးလွင်မြို့နေ ဒေါ်ခင်ခင်လေး–(ဗိုလ်ကြီးအေးသောင်)တို့၏ အစ်မ/ညီမ၊ (ဦးကိုကိုကြီး)–ဒေါ်သန်းသန်း၊ ဒေါ်စိန်စိန်၊ ကိုခင်မောင်မြင့်၊ (ကိုတင်မောင်ဦး)၊ ဆရာမဒေါ်တင်တင်အေး(ရွှေညောင်)၊ ဦးတင်မောင်ဦး၊ မနီနီမြင့်–ဗိုလ်မှူးဌေးဝင်း၊ ဒေါ်ညိုညိုမြင့်–ဒေါက်တာအောင်သူ၊ ဦးမြကိုကို–ဒေါ်ကြိုင်ကြိုင်မြင့်၊ ကိုခင်မောင်တင့်၊ ကိုခင်မောင်ဇင်၊ ဒေါ်တင်တင်ထွေး–ရဲအုပ်မြင့်လွင်၊ မဝါဝါမြင့်၊ မသီတာအေး၊ မသီတာထွေးတို့၏ချစ်စွာသော ဒေါ်ဒေါ်ကြီး၊ မောင်ဘိုဘိုချိုဦး(B.Sc, Bot)၊ မောင်ဇော်ဇော်ချိုဦး(ဒုတိယနှစ်၊ စီးပွားရေးတက္ကသိုလ်၊ စည်ပင်)၊ သူရချိုဦး(X)၊ မဟိန်းဇော်မူ(ပထမနှစ်၊ ပထဝီ)၊ မနီနီဝင်းမောင်(X)၊ မသဲမွန်မောင်(X)၊ မောင်သီဟချိုဦး(X)၊ မဟန်နီဇော်(VI၊ ထ–၂၊ သာကေတ)တို့၏ အဘွား၊ မြေး ၁၂ယောက်တို့၏ဘွားဘွားသည် အထက်ပါနေအိမ်၌ ၁၆–၃–၂၀၀၄ (အင်္ဂါနေ့) နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈–၃–၂၀၀၄(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ကိုဝင်းဇော် (၃၁)နှစ်

ရန်ကုန်တိုင်း၊ ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ တိုက်(၃၇)၊ အခန်း(၀၀၁)၊ (စီ/၇)လမ်းနေ ဦးတင်အောင် (ဆောက်လုပ်ရေး၊ ငြိမ်း)–ဒေါ်ခင်မြင့်တို့၏ သား၊ ဦးမျိုးမြင့်–ဒေါ်ခင်ဖုန်းတို့၏ သားသမက်၊ ကိုခင်မောင်ဦး–မစမ်းစမ်းမြိုင်၊ ကိုခင်မောင်လတ်၊ ကိုခင်မောင်လေး၊ ကိုထွန်းလွင်–မလှဲ့လှဲ့ဝင်းတို့၏ညီ/မောင်၊ မကြည်ကြည်ဝင်း၏ အစ်ကို၊ မခင်ဆွေအေး၏ ခင်ပွန်းသည် ၁၅–၃–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၆–၃–၂၀၀၄ (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ သာသနဓဇ (ဓမ္မကထိက)
သိက္ခာတော်(၃၂)နှစ်၊ သက်တော်(၈၂)နှစ်
မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ချုပ်

ပြင်ဦးလွင်မိုးကုတ်ဝိပဿနာကျောင်းတွင် (၁၃၆၅ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ရက်) နံနက် ၈နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်သော ရုပ်ကလာပ်ကို (၁၃၆၅ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ရက်) ၁၈–၃–၂၀၀၄ (ကြာသပတေးနေ့)တွင် အန္တိမအဂ္ဂိဈာပနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးနေ ဒါယကာ၊ ဒါယိကာမအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူ ညီအစ်ကိုမောင်နှမတစ်စု (တိုက်ကြီး)။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဦးသာသနဓဇ
(မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ဓမ္မကထိက)
သိက္ခာတော်(၃၂)၊ သက်တော်(၈၂)နှစ်

ပဲခူးမြို့၊ ဆော်ကမြိုင်ကျောင်းတိုက်၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဓမ္မကထိက ဆရာတော်ဦးသာသနဓဇသည် မေမြို့မိုးကုတ်ပရိယတ္တိစာသင်တိုက် ၌ (၁၃၆၅ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ရက်)၊ ၁၆–၃–၂၀၀၄(အင်္ဂါနေ့) နံနက် ၄နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ရပ်ဝေးရပ်နီးနေ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ပညာသီရိ
သိက္ခာတော်(၁၅)ဝါ၊ သက်တော်(၈၆)နှစ်

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ ဇောတိက(၁)လမ်း၊ သစ္စာဝါဒီကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ပညာသီရိသည် (၁၃၆၅ခု၊ တပေါင်းလပြည့်ကျော် ၁ရက်) နံနက် ၁း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၆၅ခု၊တပေါင်းလပြည့်ကျော် ၃ရက်) ၁၈–၃–၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ပြီးအန္တိမ အဂ္ဂိဈာပနသဘင်ကျင်းပမည်ဖြစ်ပါသောကြောင့် ရပ်နီးရပ်ဝေး တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ဈာပနကျင်းပရေးကော်မတီ။

ဒေါ်နော်ဆဲဖော (၅၃)နှစ်
(ဌာနခွဲမှူး၊ ရေနံသယ်/ပို့ဌာန)

သန်လျင်မြို့၊ မြို့ဟောင်းအလယ်ရပ်ကွက်၊ အမှတ်(၁၀၃) ဗိုလ်ချုပ်နေဝင်းလမ်းနေ (ဦးစောဘထင်–ဒေါ်နော်ဖလောရာ)တို့၏ သမီး၊ ဦးမောင်မောင်စိုး၏ ဇနီး၊ စောအင်ဒရူး–ဒေါ်သန်းဝင်း၊စောစတီး‌ဖ်–နော်ဘွေဖောတို့၏ ညီမ၊ စောမောင်မောင်ကျား–နော်ဖောရာတို့၏ အစ်မ၊ နော်ပွင့်ဝါဝါစိုး(ခ)အေပရယ်၊ စောအေးချမ်းစိုး(ခ)ပိန်ပိန်၊ နော်ပွင့်သီသီစိုး(ခ)ပေါင်းမတို့၏ မိခင်သည် ၁၆–၃–၂၀၀၄ (အင်္ဂါနေ့) ညနေ ၄း၅၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၇–၃–၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် သန်လျင်ကရင်နှစ်ခြင်း အသင်းတော်၌ ဝတ်ပြုကိုးကွယ်၍ သန်လျင်ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

မောင်ရဲဝင်းထွန်း(ကိုကြီး)
C.D.C-45226 (Lizstar Co.,Ltd.)
အသက်(၂၆)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ အုန်းပင်လမ်း (အထက်)၊ အမှတ်(၇၉)နေ (ဦးမောင်ကို) ဒေါ်မြသိန်းနှင့်(ဦးစိန်ပို–ဒေါ်စုစု)တို့၏ မြေး၊ ဦးသိန်းဟန်(ဒု–ဌာနခွဲမန်နေဂျာ၊မင်္ဂလာဒုံလေယာဉ်ဆိပ်ဌာန၊ M.P.P.E ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်)၊ (ဒေါ်နွဲ့နွဲ့ယဉ်–ဘဏ္ဍာရေး M.P.P.E)တို့၏ သားကြီး၊ မောင်ရဲလင်းထွန်း(ကိုငယ်)၊ မကေခိုင်စု၊ မောင်ရဲသူသူ တို့၏အစ်ကိုကြီးသည် ၁၄–၃–၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ကွယ်လွန်ပါ၍ ၁၆–၃–၂၀၀၄ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးခင်စိန် (၅၆)နှစ်
ကြေးမုံသတင်းစာတိုက် (အငြိမ်းစား)

(ဦးထွန်းဟန်–ဒေါ်ကျင်ခန့်)တို့၏ သား၊ ရန်ကုန်မြို့၊ အမှတ်(၂၉)၊ ဩဘာလမ်း၊ ကျောက်မြောင်းနေ (ဦးမောင်လေး)–ဒေါ်ခင်မြင့်တို့၏ သားသမက်၊ အမှတ်(၈၈)၊ ဩဘာလမ်း၊ ကျောက်မြောင်းနေ ဒေါ်မြမြ၏ ခင်ပွန်း၊ ဦးမောင်သင်–ဒေါ်သန်းရွှေ၊ ဦးညွန့်လှိုင်–(ဒေါ်မြအုန်း)တို့၏ ညီ/မောင်၊ ဦးအုံးကျော် (First Industrial Ltd.)–ဒေါ်ခင်လေးထိုက်(Golden Hill Tower)၊ မောင်ဝင်းထိုက် – မခင်လေးနွယ်၊ မောင်ဇေယျာမင်းထိုက်၊ မဟိန်းထိုက်စိုးတို့၏ဖခင်၊ မြေးတစ်ယောက်၏ အဘိုးသည် ၁၆–၃–၂၀၀၄ (အင်္ဂါနေ့) ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈–၃–၂၀၀၄ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ပုဂံညောင်ဦးမြို့နယ်အသင်း(ရန်ကုန်)
မအေးအေးမင်း
အသက်(၁၆)နှစ်

ရန်ကုန်မြို့၊အမှတ်(၁၈၄)၊ ပတ္တမြားလမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေ အမှုဆောင်ဦးစောနောင်၏ သမီးသည် ၁၂–၃–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၆–၃–၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့။

မမိချို(ခ)ဘေဘီ (၃၃)နှစ်

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ အမှတ် (၂၉–၃၃)နေ (ဦးမူတူ)–ဒေါ်လှဝင်းတို့၏ သမီးချွေးမ၊ (ဦးတင်ဝင်း)–ဒေါ်တင်ကြည်တို့၏သမီးကြီး(မိတ်ကောင်းပုံနှိပ်တိုက်)၊ မျိုးသိန်းထွန်း(ခ)ကိုမျိုး၏ဇနီး၊ မမြင့်မြင့်(ခ)မိငယ်၊ ခင်ခင်ဌေး၊ မောင်ခင်ထွန်း(ခ)ဖြူဖွေး၊ မကြည်ကြည်ဝင်း(ခ)ရွှေငယ်၊ မယဉ်ယဉ်အောင်၊ မောင်ခင်မောင်ထွေး၊ မောင်ခင်မောင်ဝေတို့၏အစ်မ၊ မအိအိမျိုး၊ မောင်မျိုးကျော်လှိုင်တို့၏ မွေးသမိခင်သည် သဃ်န်းကျွန်းစံပြဆေးရုံ၌ ၁၆–၃–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၁၈–၃–၂၀၀၄(ကြာသပတေးနေ့) မွန်းလွဲ၁း၃၀ နာရီတွင် စံပြဆေးရုံအအေးတိုက်မှ ရေဝေးသုသာန် ဟိန္ဒူသင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘေဘီနီလာထွန်း(ခ)မီးမီးသဲ
အသက်(၁–လ၊ ၂၁ရက်)

တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပင်းယ(၁၁)လမ်း၊ အမှတ်(၂၅၅/ခ)နေ ဦးခင်မောင်ဝင်း–ဒေါ်ခင်စောဝင်း၊ ဦးထွန်းသိန်း–ဒေါ်သန်းမြိုင်တို့၏ မြေး၊ ဦးကိုကိုအောင်–ဒေါ်နီလာထွန်းတို့၏ သမီးငယ်၊ မောင်ကောင်းစည်သူ၏ ညီမသည် ၁၆–၃–၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ရန်ကုန်မြို့ ကလေးဆေးရုံကြီးတွင် ကွယ်လွန်သွားပါ၍ ၁၇–၃–၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ကလေးဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

(ဆေးရုံမှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်–၁၁၈၈၊ကြေးနန်းလိပ်ကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃။ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄။ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ ၂၉၉၄၂၇၊ ပုံနှိပ် ၂၉၂၈၃၁။ **R/184**

စွမ်းဆောင်ရည်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ဖြစ်ထွန်းရေးသည့် လွန်စွာအရေးပါ ပညာရေးရည်မှန်းချက် လုပ်ငန်းတာဝန်များ အကောင်အထည်ပေါ်ရေး ဟန်ချက်ညီညီ ဆောင်ရွက်

ရန်ကုန် မတ် ၁၆

မြန်မာနိုင်ငံ ပညာရေးကော်မတီ၏ (၁/၂၀၀၄)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များ ဗဟိုကောင်စီခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။ (အပေါ်ပုံ)

တက်ရောက်

အစည်းအဝေးသို့ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ပညာရေးကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ❒

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ပုသိမ်–ရွှေမြင်တင် – ဝါးယားချောင်းလမ်းပေါ်၌ တည်ဆောက်လျက်ရှိသည့် ပုသိမ်တံတား တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



ဗိုလ်ချုပ်ကြီးသူရရွှေမန်း ပုသိမ်တံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်း စစ်ဆေး

ရန်ကုန် မတ် ၁၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်း၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် **စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ❁

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို

သတင်း၊ ဆောင်းပါး အညွှန်း

"စစ်အစိုးရဆိုသည့် တပ်မတော်အစိုးရက မာရှယ်လောခေါ် စစ်ဥပဒေမသုံး၊ တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအရသာ အုပ်ချုပ်ခဲ့ရာ ညင်သာညက်ညောခဲ့သည်။ ပြည်သူတို့နှင့် အံဝင်ခွင်ကျ ဖြစ်ခဲ့သည်။"

တက္ကသိုလ်မြတ်သူ၏ (၅၉)နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်းပါး **"ပြည်သူနှင့်အတူ လက်တွဲခဲ့သည့် အမျိုးသားရေး တပ်မတော်"** ကို စာမျက်နှာ (၈)နှင့်(၉)တွင် ဖော်ပြထားပြီး **"နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့အကျိုးစီးပွားကို ထာဝစဉ်သယ်ပိုး ဆောင်ရွက်နေသည့် တပ်မတော်"** ဓာတ်ပုံ မှတ်တမ်းကို စာမျက်နှာ(၇)၊ ကို(တက္ကသိုလ်)၏ **"စစ်သားတို့အကြောင်း"** ကဗျာကို စာမျက်နှာ(၂)နှင့် အောင်ဘွား၏ ကာတွန်းကို စာမျက်နှာ(၄)တွင် ဖော်ပြထားပါသည်။

(ကြေးမုံ)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြို့ရွာတစ်ခွင် သာစေချင်၊ မီးတွင်မပေါ့နှင့်